MYANMAR
# ICT JOURNAL

WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS TECHNO

အိုင်စီတီ ဂျာနယ် | VOLUME 2, ISSUE 3 THE WEEK OF JAN 21 - 27

WWW.MYANMARICT.COM



2013
**FJ CRUISER**



**Top 5**
Gaming Notebooks

## ပြည်တွင်းမှာ ဝယ်ယူရရှိနိုင်ပြီ ဖြစ်သော စွမ်းဆောင်ရည် မြင့်မားသည့် htc



## Windows 8 မှာ ပိတ်ထားသော administrator account ပြန်ဖွင့်ချင်ရင်

## နည်းပညာ ပစ္စည်းကို လွယ်လွယ်ကူကူ တိုင်းတစ်ပါးမှ တင်သွင်းခွင့်ရရင်

## အိမ်စောင့်ထားတဲ့ လူတွေ မဖယ်ရင်

## iPad, iPhone တွေနဲ့ ချိတ်ဆက်ပြီး တီးလို့ရတဲ့ ဂစ်တာ



**App-enabled** Accessories

IMPROVED
**SHOP WEEKLY**
INCLUDED




Model: သီရိရှင်းသန့်, Makeup: ခင်စန်းဝင်း, Photography: သိန်းဇော်ဝင်း (Photo Magic)

# TECHNO EYE

3 YEARS FREE Technical Support

## New Year Promotion @ facebook

www.facebook.com/technoeyecomputer PAGE မှာ LIKE လုပ်ရုံဖြင့် မည်သည့် Notebook ( or) Desktop PC ကိုမဆို ဝယ်ယူပါက ငွေကျပ် ၁၀၀၀၀/ - ကျပ် Jan-31 ထိပဲနော်!
လျှော့ချပေးမည့်အပြင် Lucky Draw (5000-Ks, 10000-Ks, 15000-Ks, 20000-Ks, 25000) နှင့်အတူ ဗလာမပါ လက်ဆောင်ပစ္စည်းများစွာ ခံစားခွင့် အထူးအခွင့်အရေး....

**Samsung 355E**
AMD E1200 DualCore
1.4 Ghz (2MB L2 Cache)
2GB DDR3 RAM
320GB HDD (SATA)
DVD Super-Multi RW
14.0" WXGA LED
(1366 x 768)
ATI Radeon HD 7310
Wi-Fi, Webcam, Bluetooth
USB 3.0, HDMI, Cardreader
Color:
လက်ဆောင် (၉) မျိုး
Ks 315,000/-
Limited Stock

**HP 1000**
Intel Core i3-2350M
(2.3GHz, 3MB L3 Cache)
2GB DDR3 RAM
500GB HDD (SATA)
DVD Super-Multi RW
14.0" HD LED
(1366 x 768)
AMD Radeon HD 7450M
(1GB DDR 3)
Wi-Fi, Webcam, USB,
HDMI, Cardreader
Color:
လက်ဆောင် (၉) မျိုး
Ks 410,000/-

**DELL V2420 R**
Intel Corei3-2328M
(2.2GB 3MB L3 Cache)
2GB DDR3 RAM
500GB HDD (SATA)
DVD Super-Multi RW
14.0" HD LED
(1366 x 768)
Nvidia Geforce GT 620M
(1GB DDR3)
Wi-Fi, Webcam, Bluetooth
USB 2.0, HDMI, Cardreader
လက်ဆောင် (၉) မျိုး
Ks 430,000/-

**Compaq CQ43**
Celeron B815 1.6GHz
(2MB L3 Cache)
2GB DDR3 RAM
320GB HDD (SATA)
DVD Super-Multi RW
14.0" WXGA LED
(1366 x 768)
Intel HD Graphics
Wi-Fi, Webcam, Bluetooth
USB 2.0, Cardreader
Color:
လက်ဆောင် (၉) မျိုး
Ks 285,000/-

**7" Mo Mo Tablet**
CPU 1GHz, 8GB
Wi-Fi, Camera
Andriod 4.0.3
57000/-

**8" Mo Mo Tablet**
CPU 1GHz, 8GB
Wi-Fi, Camera
Andriod 4.0.3
80000/-

**Home User...** လက်ဆောင် (၉) မျိုး
P5 775 Socket
Intel Pentium Dual Cel 3.0 GHz
Gigabyte G41M Combo LGA-775
160 GB HDD Segate
2GB DDR3 (1333) Kingston,
Goldenfield Casing+650W Power Supply
Acer 18.5" LED Monitor
DVD RW (Liteon)
Keyboard +Mouse
275,000/-

**Internet Shop...** လက်ဆောင် (၉) မျိုး
P5 775 Socket
Intel Core 2 Duo 2.2GHz (775)
Gigabyte G41MT-S2PT LGA-775
160 GB HDD Segate
2GB DDR3 (1333) Kingston,
Goldenfield Casing+650W Power Supply
ViewSonic 18.5" LED Monitor
DVD RW (Liteon)
Keyboard + Mouse
300,000/-

**Business...** လက်ဆောင် (၉) မျိုး
P5 1155 Socket
Intel Dual Core 2.8Hz (1155)
Gigabyte H61M-DS2 1155
500 GB HDD Segate SATA
2GB DDR3 (1333) Kingston,
Goldenfield Casing+650W Power Supply
Acer 18.5" LED Monitor
DVD RW (Liteon)
Keyboard +Mouse
309,000/-

**Gamers...** လက်ဆောင် (၉) မျိုး
P5 1155 Socket
Intel Core i3 3.3GHz (1155)
Gigabyte H61M-DS2 1155
500 GB HDD Segate SATA
2GB DDR3 (1333) Kingston,
Orlando Casing+650W Power Supply
Samsung 18.5" LED Monitor
DVD RW (Liteon)
Keyboard + Mouse
363,000/-

**10" Mo Mo Tablet**
CPU 1.5 GHz, 16GB
Wi-Fi, Camera
Andriod 4.0.3
145000/-

**7" GSM Tablet**
CPU 1GHz, 8GB
Wi-Fi, Bluetooth
Dual Camera
Andriod 4.0.3
98000/-

ONDA 7" 8" HYUNDAI 7" 8" LENOVO A2 7"

ဈေးနှုန်းပြောင်းလဲခြင်းမရှိဘဲ New Year Promotion အထိမ်းအမှတ်ဖြစ်ပါသည်။ (နယ်မှ မှာယူသူများကို ကားဂိတ်အရောက် အခမဲ့ပို့ဆောင်ပေးပါသည်။)
(၁၀)လုံးနှင့်အထက် ဝယ်ယူပါက Delivery Fees နှင့် Network ပစ္စည်း၊ Network တပ်ဆင်ခြင်း Free (လက်ဆောင်ပစ္စည်း (၇)မျိုး)

အမှတ် (၁၇၁-D1)၊ (၈၇)လမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့်၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၃၂၁၄၀၅၇၊ ၀၉-၇၃၁၇၃၅၁၃၊ ၀၉-၇၃၂၀၁၂၅၂၊ ၀၉-၄၂၈၁၂၈၇၈၂၊ Email: technoeye.mm@gmail.com

# CITY STAR

Computer, Mobile Sales&Service

အမှတ်(၃၇၀)မဟာဗန္ဓုလလမ်းနှင့်၃၈လမ်းထိပ်ကျောက်တံတားမြို့နယ် Ph/09-73098509/01-377225/09-43066608

::Intel® 3.0 Pen
::Asrock G41M-S3
::Seagate 80 GB
:: 2 GB DDR3 1333 MHz
::HP SATA DVD Writer
:: Casing Normal
::SupplyTop one
::Singtech 15.6 LCD
190000Ks

::Intel® 3.0 Dualcore
::Gigabyte G41
::Seagate 500 GB
:: 2 GB DDR3 1333 MHz
::Liteon SATA DVD Writer
:: Casing Normal
::SupplyTop one
::Singtech 17" LCD
225000Ks

::Intel® 2.8 GHZ 1155
::MSI H61M-P31
::Seagate 500 GB
:: 2 GB DDR3 1333 MHz
::Liteon SATA DVD Writer
:: Casing Normal
::SupplyTop one
::Acer 18.5 LCD
274500Ks

::Core i3 (3.3) GHZ -3220
::Asus P8 H61MIXR2.0
::Seagate 500 GB
:: 2 GB DDR3 1333 MHz
::Asus SATA DVD Writer
:: Casing Normal
::Supply JMD
::Acer 18.5 LED
334000Ks

::Core i5 (3.2) GHZ -3470
::Gigabyte H67 M-D2B3
::Seagate 1 TB
:: 4 GB DDR3 1333 MHz
::Lite on SATA DVD Writer
:: Casing Golden Field
::Supply Power train
::Acer 18.5 LED
445000Ks

**Tablet PC A-088(GSM)**
::Storage 2 GB
::Cpu 1 GB
::Ram 512 M
::Screen 7"
::Version (Andriod 4.0.3 OS)
:: Bluetooth,Camera , Wifi,USB 2.0
90000Ks

**Atom F8 Tabler (GSM)**
::Storage 8GB
::Cpu 1 GB
::Ram 512 M
::Screen 7"
::Version (Andriod 4.0.3 OS)
:: Bluetooth, HDMI,Camera , Wifi,USB 2.0
88000Ks

**Tablet pc A-10(GSM)**
::Storage 8GB
::Cpu 1 GB
::Ram 512 M
::Screen 7"
::Version (Andriod 4.0.4 OS)
:: Camera , Wifi,USB 2 .0
100000Ks

**MoMo 9 7"Tablet**
::Storage 8GB
::Cpu 1 GB
::Ram 512 M
::Screen 7"
::Version (Andriod 4.0.4 OS)
:: Card reader,Camera , Wifi,USB 2 .0
55000Ks

**ONDA V971T**
::Storage 16GB
::Cpu 1.5 GB
::Ram 1GB
::Screen 9.7"
::Version (Andriod 4.1.1 OS)
:: Card reader,Camera , Wifi,USB 2 .0
135000Ks

**Singtech**
::Cpu AMD C.60(1.3GHZ)
::Ram 2GB
::HDD 320 GB
::Graphic,Intel HD 256MB
::DVDRW,VGA,Webcam,Wifi,
::Cardreader,HDMI,
280000Ks

**HP (1000)**
::Cpu Intel Core i3
::Ram 2GB
::HDD 500 GB
::Graphic, ATI 1 GB
::DVDRW,Webcam,Wifi,
::Cardreader,HDMI,
400000Ks

**Lenovo G 410**
::Cpu Core i5(3317U)1.7GHZ
::Ram 4GB
::HDD 750 GB
::Graphic,Nvidia 1GB
::DVDRW,VGA,Webcam,Wifi,
::Cardreader,HDMI,USB3.0
G-699

**Lonovo S 400**
::Cpu Intel Pantiun 1.6 GHZ
::Ram 2GB
::HDD 320 GB
::Graphic,Inteal HD
::DVDRW,Webcam,Wifi,Bluetooth
::Cardreader,HDMI,USB3.0
G-399

**Acer E1-531**
::Cpu Intel Dual Core B960(202GHZ)
::Ram 2GB
::HDD 500 GB
::Screen(15.6)
::DVDRW,Webcam,Wifi
::Cardreader,Bluetooth,HMI,USB2.0
G-409


Golden Dragon
GOLDEN DRAGON TRADING, LLC
WE SPECIALIZE IN BRAND NEW CARS
Only From
USA,UK& UAE
ကားကုမ္ပဏီများအတွက်
USA (CANADA), UK & DUBAI (UAE) နိုင်ငံမှ
BRAND NEW '0' MILEAGE ကားများကို
CIF ရန်ကုန်ဈေးဖြင့် တင်သွင်းရောင်းချပေးနေပါသည်။
2012, 2013 MODEL BRAND NEW ကားများကို
WHOLESALES (လက္ကား) မှာယူတင်သွင်းရောင်းချပေးနေပါသည်။
BRAND NEW ဆိုသည်မှာ '0' to '100' ကားများကို ဆိုလိုခြင်းဖြစ်ပြီး
MILEAGE '100' ကျော်ပါက BRAND NEW ကားဟု သတ်မှတ်၍ မရနိုင်ပါ။
2013
LEXUS RX350 F SPORT
HIRE PURCHASE Available
2012 Cadillac SRX
2012 Range Rover Evoque
2013 Lexus LX570
2013 BMW X6M
2013 Toyota GT86
Hotline
09-7325-4355
U.S.A. Office
2005 ORANGE STREET, UNIT-E, ALHAMBRA, CA 91803, U.S.A.
Tel: 1(626)379-7566 Fax: 1(626)289-0308
www.goldendragontrading.com
Yangon Office
GAME CITY, ZOOLOGICAL GARDEN, BO MIN GAUNG STREET,
YANGON,MYANMAR .Tel: 95 (09) 732 54355
sales@goldendragontrading.com
Yangon Showroom (KSTM Showroom)
NO.9 (E/2), KABAR AYE PAGODA ROAD,
MAYANGONE TSP, YANGON, MYANMAR.
www.facebook.com/GoldenDragonTradingLLC


Welcome to all dealer We, Authorized distributor of
EST. 1987
A4TECH
Tenda
All for Better Networking
Revolution of Optical Mouse
V-Track can work on any surface without a pad, the first real padless mouse!
Optic 2.0
V-Track
Vertical Light tracks all surfaces
N-60F
N-320
N-100
N-250X
N-600
N-70FX
G9-530
G11-570HX
(Rechargeable)
G7-100N
2.4G Wirless Padless V-Track Padless
New Generation
Hole Less
Engine
D-312
D-320
D-500
Noise Canceling Headset
T-500
HS-50
HS-28
AS-6
AS-303
XS-900
XS-500
1 YEAR WARRANTY
2.4G Padless Wirless Set
7600 N
7200 N
W301A N300 Ceiling-mount PoE Access Point
TEG1024G 24-Port Gigabit Switch
TEG1210P +2 Shared Mini-GBIC Port Gigabit Smart Switch
W309R Wireless N600 Concurrent Dual-band Gigabit Router
3G150B Wireless N150 Pocket 3G Router with Battery-powered
N60 300Mbps Wireless N High Power Router
W322UA Wireless N300 High Power USB Adapter
2 YEAR WARRANTY
W311U Wireless N150 High Power USB Adapter
P200 200Mbps Powerline Mini Adapter
S16 16-Port Desktop Switch
W368R Wireless N300 Home Router
W311P+ Wireless N150 PCI Adapter
W330R Wireless N300 Gigabit Router
W522U (Wireless N600 Dual-band USB Adapter
STAR POWER
COMPUTER ACCESSORIES DISTRIBUTOR
No.259, Bo Myat Tun Street, Botahtaung Township Tel: +95-1 299 695 Mobile: +95-9 861 1866, 503 0090, 861 1665
Email: Sales.sp@myanmarstargroup.com Website: www.myanmarstargroup.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 3
MYANMAR ICT JOURNAL


## WHO WE ARE

### MYANMAR ICT JOURNAL

| | |
|---|---|
| Telephone | (01) 430-897, (01) 553-918 |
| Email (Ad) | advertising@myanmarict.com |
| Email (News) | newsroom@myanmarict.com |
| Email (Classified) | classified@myanmarict.com |
| SubscribeICT | circulation@myanmarict.com |
| Website | www.ict.com.mm |
| | www.facebook.com/myanmarict |
| Head Office | 58B, Myanma Gon Yaung Housing, Than Thu Mar Road, Tamwe Township, 11211, Yangon, Myanmar. |

### EDITORIAL TEAM

| | |
|---|---|
| CEO | Phyo Min Min |
| Editor in Chief | |
| Editor | XOXO |
| Feature Editor | Win-win, Dr. PTS, Ma Ma Zee Kwet, |
| | Ma Naw Phyu Lay, APT, TZO, |
| | Train, Nay Aung Latt, |
| | Jet Sin, Myo Zin, iGeek, Key |
| Editorial Assistant | Wai Wai Tun |
| Illustration | Ko Ko Aung |
| Photographer | Thein Zaw Win (Photo Magic) |
| Art Director | Media Lane, The Creative Agency |
| Film | Eagle Press Colour Separation |
| Printing | Seik Ku Cho Cho |

### ADVERTISING

| | |
|---|---|
| Snr. Marketing | Thwe Thwe Aye, |
| Coordinator | May Thu Kyaw, Thwe Thwe Phyo |
| | Hnin Wai Aung |

### CIRCULATION/DISTRIBUTION

| | |
|---|---|
| Manager | U Aung Than Htun |
| Coordinator | Thein Linn, Thein Kyaw Moe |

မြန်မာအိုင်စီတီဂျာနယ်ကို ယာယီမှတ်ပုံတင်အမှတ် ၁၅၂၁ ဖြင့် ထုတ်ဝေပါသည်။





# ပြည်တွင်းမှ လုပ်ငန်းရှင်နှင့် ဒီဇိုင်နာ

နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုတွေ ကျိတ်ကျိတ်တိုး ဝင်ရောက်နေကျသည့်အချိန်၊ ပြည်ပမှ ကုမ္ပဏီများနှင့်လည်း ဆက်သွယ်မှု ပိုမို များပြားလာသည့် အချိန်အခါမျိုးမှာ ပြည်တွင်းရှိစီးပွားရေး လုပ်ငန်းရှင်များလည်း အပြိုင်အဆိုင် Media နှင့် Advertising ဘက်သို့ အရင်ကထက် ပို၍ အာရုံစိုက်လာကြသည်။ အပေါ်စား စာရွက်များဖြင့် ထုတ်လုပ်ခဲ့သည့် Business Cardများကိုလည်း တစ်မျိုးတစ်ဖုံ အသွင်ဆန်းအောင် တီထွင်လာကြလို့၊ ကြော်ငြာ စာရွက်စာတမ်းများကိုလည်း ဒီဇိုင်းပုံသဏ္ဍာန် အရောင်အသွေးများ ပြောင်းလဲပြင်ဆင်လာကြပေသည်။

ယင်းသို့ ပြောင်းလဲဖန်တီးရာ၌ အဓိကကျသည့်၊ လက်ခံရရှိသူ၏ အမြင်မှာ ဆွဲဆောင်၊ အမှတ်ရစေမည့် အသုံးတည့်မှု (user experience)ကို ဖန်တီးပေးမည့်သူသည် ဒီဇိုင်နာ ဖြစ်လေသည်။ စီးပွားရေးလုပ်ငန်းရှင် မဟုတ်ချေ။ Designဟု ဆိုရာ၌ မြင်၊ သင်၊ ကြား ဆရာများဟုသာ ပြည်တွင်း၌ အပြောများကြသည်။ အစိုးရ အသိအမှတ်ပြု ဒီပလိုမာ၊ ဒီဇိုင်းကျောင်းများ နည်းနေသေး၍ (သို့) မရှိသေးသဖြင့် ထိုသို့ ဖန်တီးနိုင်မှုများ ပြည်တွင်း၌ အားနည်းနေသေးသည်။ ဒီဇိုင်းပညာတတ် ကျောင်းဆင်းတစ်ယောက်သည် ဆရာဝန်တစ်ယောက်နှင့် ညီမျှ၏။ တန်ဖိုးရှိ၏။ တိုးတက်ပြီး နိုင်ငံများတွင် ဒီဇိုင်းကျောင်း ဝင်ခွင့် ရရှိရန်အတွက် ဆေးကျောင်း ဝင်ခွင့် အမှတ်နီးပါး ရှိမှ ဖြစ်နိုင်သည်ဆိုသည်ကို သတိမူသင့်သည်။ အနုပညာနှင့် ဒီဇိုင်းဆိုသည် ခွဲခြား မရသော်လည်း ပန်းချီဆွဲတတ်သူတိုင်း ဒီဇိုင်နာ မဖြစ်နိုင်လို့၊ ဓာတ်ပုံဆရာ တိုင်းလည်း ဒီဇိုင်းနာ မဖြစ်နိုင်ပေ။ ထို့ကြောင့် စီးပွားရေး လုပ်ငန်းရှင်သည် ဒီဇိုင်နာဖြစ်ဖို့ ဝေး၏။

Art Director နှင့်သော်လည်းကောင်း၊ ဒီဇိုင်းအကြောင်း ကျွမ်းကျင်ပြီး Photoshopလို ကွန်ပျူတာ ဆော့ဖ်ဝဲလ်များကို အသုံးမပြုတတ်သည့်သူများနှင့် ပေါင်းစည်း အလုပ်လုပ်ရသည့် လုပ်ငန်းတစ်ခုအတွက် လိုအပ်သည့် ရာထူးမျိုးကို Photoshop ကျွမ်းကျင်၊ Software ကျွမ်းကျင်ဟု သုံးလျှင် မှန်၏။ ထို ဆော့ဖ်ဝဲလ် ကျွမ်းကျင်သူကို ဒီဇိုင်နာအဖြစ် အသုံးပြုလျှင် မှားသလို၊ စီးပွားရေး လုပ်ငန်းရှင်မှ Art Director အဖြစ်သော် လည်းကောင်း၊ ဒီဇိုင်း အကြောင်း နားလည်သူ အဖြစ်သော် လည်းကောင်း အသွင်ဆောင်လျှင်လည်း မှားပြန်၏။ Conflict of Interest ဖြစ်နိုင်သည့်အတွက်ကြောင့် ကောင်းမွန်စေအောင် ဆောင်ရွက်သည့် အရာတစ်ခုသည် အချိန်ကုန် လူပန်းပြီး ထိရောက်မှု မရှိ ဖြစ်လာနိုင်ပေသည်။

ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်သည် ၎င်း၏ ထုတ်ကုန်၊ ဝန်ဆောင်မှုအတွက် လိုအပ်သည့်၊ ရှင်းပြချင်သည့် Message၊ အကြောင်းအရာကို ရှင်းပြသူသာ ဖြစ်သင့်သည်။ ထို သတင်း အချက်အလက်များကို ဒီဇိုင်နာမှ မည်သို့ မည်ပုံ ဒီဇိုင်းပညာဖြင့် ပြန်လည် တင်ဆက်မည်ကို စီးပွားရေး လုပ်ငန်းရှင်မှ ဝင်ရောက် ဆုံးဖြတ်မည်ဆိုလျှင် ဖန်တီးပေးသူသည် ဒီဇိုင်နာ မမြောက်ပဲ ဖိုတိုရှော့ ကျွမ်းကျင်သာ ဖြစ်လေ၏။

ယနေ့လို အချိန်အခါမျိုး၌ အထက်မှာ ဖော်ပြခဲ့သလို ဒီဇိုင်း ကျွမ်းကျင် ကျောင်းများ နည်းပါးနေသေး၍ Alignment, Typography, Spacing, Beauty of Colors အစရှိသည့် အခြေခံ အကြောင်းအရာများကို နားမလည်သေးသော သူများအား ဒီဇိုင်နာ အဖြစ် ခန့်အပ်ထားပါက လုပ်ငန်းရှင် အတွက် အကျိုး မသက်ရောက်သည့် အပြင် ဒီဇိုင်နာသည်လည်း ၎င်း မပြည့်ဝသည်ကို သိရှိနားလည်မည် မဟုတ်တော့သည့် အတွက်ကြောင့် ကာရံမညီသော လုပ်ငန်းခွင်များကို လည်ပတ် နေရကြောင်း သိရှိရသည်။

# ဖေ့စ်ဘွတ်ပေါ်မှာ နားလည် ပါးရိုက် လုပ်နေသည့် သတင်းဌာနများ

Facebookလို Social Networking Site မျိုးမှာ နာမည် ကျော်ချင်ကြသည့် တစ်ဦးပုဂ္ဂလိက (သို့) စီးပွားရေး အဖွဲ့ အစည်းများ များပြားလာသည်။ သတင်း ပေါသည့်ခေတ်၌ သတင်း ကောင်းရေးနိုင်သည့် သတင်းထောက်များ၊ စာရေးသူများ ရှားသဖြင့် ဖေ့စ်ဘွတ်၏ Share Postဆိုသည့် Featureသည် မြန်မာပြည်အတွက် လွန်စွာ အသုံးဝင်လှပေသည်။ Facebookမှာ Post တစ်ခု တင်လိုက်သဖြင့် အခြားတစ်ယောက်မှ ပြန်လည် ဝေမျှချင်သည့် အခါမျိုး၌ Copy၊ Paste ပြန်လည် လုပ်စရာ မလိုပဲ Share လုပ်လို့ ရသဖြင့် အကျိုးရှိသည်။ ဖေ့စ်ဘွတ် အသုံးပြုသူများမှလည်း ၎င်း Post တစ်ခုသည် ဖေ့စ်ဘွတ် ဘယ်နေရာက ရသည်ဟု Link (Share From 'URL') ဖော်ပြ ထားခြင်းကြောင့် ထို Post ကို ကြိုက်နှစ်သက်ပါက ၎င်း ပို့စ်မျိုး တင်တိုင်း ဖတ်ရှုနိုင်ရန်အတွက် ပို့စ်၏ မူလရေးသားသူဆီ သွားရောက် ကြည့်ရှုနိုင်ကြပေသည်။ ထိုသို့ သတင်းများနှင့် အဆက်မပြတ်ချင်ပါကလည်း Facebook၏ နာမည်ကျော် LIKE ခလုတ်ကလေးကို နှိပ်ကာ ရေးသားသူကို အသိအမှတ် ပြုကြောင်းနှင့် ထိုသို့ သတင်းအချက်အလက်များကိုပိုမို မျှဝေ လိုစေကြောင်း အသိပေးရာရောက်ပေသည်။ တစ်နည်းအားဖြင့် တိုင်းပြည်အတွက် အကျိုးရှိမည့် စာပေမျိုး ဖြစ်ပါက တိုင်းပြည် အတွက်လည်း အကျိုးများစွာ ရှိနိုင်ခြင်းကြောင့် ဖြစ်ပေသည်။သို့သော် ယနေ့လို အချိန်အခါမျိုးတွင် သတင်းများ ပေါများနေသော်လည်း သတင်းတိုင်းကို ရအောင် မယူကြပဲ အောင်မြင်မှုကို လိုလားသည့်၊ ဖေ့စ်ဘွတ် LIKE များစွာသာ လိုချင်သည့် ဖေ့စ်ဘွတ် သတင်းထောက်များ၊ သတင်းဌာနများ ပေါ်ထွက်လျက် ရှိလေသည်။ ထို သတင်းဌာနများသည် အခြားရေးသားသူများမှ သော်လည်းကောင်း၊ အခြားသတင်း စာမျက်နှာများမှ သော်လည်းကောင်း သတင်းများကို ပြန်လည် ဝေမျှနေကြသည်။ မည်သို့ပင်ဆိုစေ သတင်းထူးများကို လူတိုင်း လက်ဝယ် ရောက်ရှိဖို့အတွက် ကြိုးစားခြင်းသည် အဓိပ္ပာယ် ရှိသည်။ သို့ပေမယ့် ထိုသို့ သတင်းထူး၊ အများအတွက် အကျိုးရှိ မည့် သတင်း၊ ဆောင်းပါးများကို မူလ သတင်းထောက် (သို့) စာရေးဆရာ မည်သို့ ခက်ခဲစွာ၊ အချိန်များ ကုန်ဆုံးစွာဖြင့် ရယူခဲ့ သည်ကိုတော့ ပြန်လည် Credit ပေးသင့်ပေသည်။

Print Media များတွင် Credit ပေးရာ၌ ခွင့်ပြုချက်တောင်း ပြီး နာမည်တစ်ခုနှင့် လုံလောက်သော်လည်း၊ Online Media ဖြစ်သည့် ဖေ့စ်ဘွတ်ပေါ်၌ ခွင့်ပြုချက် မတောင်းပဲ နာမည်ကျော် Share Post ဆိုသည့် Feature ကို အသုံးပြုလျှင်ပင် Print Mediaမှာ ပေးသည့် Creditနှင့် ညီမျှသည်ဟု သတ်မှတ်ကြသည်။ အင်တာနက်ပေါ်မှာ ဖြစ်သည့်အတွက်ကြောင့် အင်တာနက်ပေါ်မှ မူလရေးသားသူ ရှိပါလျှက် ထိုသူဆီသို့ Click တစ်ချက် နှိပ်ရုံဖြင့် ရောက်နိုင်အောင် Facebook စီစဉ်ပေးထားခြင်းကြောင့်ပင် ဖြစ်သည်။သို့သော် ထိုသို့ ကမ္ဘာတစ်ဝှမ်းမှ သတင်းဌာနများ တွင်ကျယ်စွာ သုံးနေသော Facebookမှ Share Post ကို ပြည်တွင်းမှ အချို့ အချို့သော သတင်းဌာနများက အသုံးမပြုပဲ ၎င်းတို့ ကိုယ်တိုင် ရေးသားထားသည့်အတိုင်း Copy/Paste ပြန်လုပ်ကြသည်မှာ နေ့စဉ်နှင့် အမျှ တိုးပွားနေလေသည်။ Paste လုပ်ပြီးမှ အိုးမလုံ သဖြင့် Post အောက်နားမှာ ရေးသားသူ၏ အမည်ကို (သွားကြည့် စရာ Link မပါပဲ) အရှက်မဲ့စွာ ဖော်ပြကြသည်။ ဖတ်ရှုသူ အနေဖြင့် မူလ လင့်ခ်ကို မမြင်ရ၊ မတွေ့ရသည့် အတွက်ကြောင့် ပို့စ်၏ မူလရေးသားသူမှာ ဖေ့စ်ဘွတ် အကောင့် (သို့) Facebook Page ရှိသည်ကို မသိနိုင်သဖြင့် ၎င်းစာမျက်နှာသို့ သွားရောက် မလေ့လာဖြစ်တော့ပေ။ ထိုသို့ ပြန်လည် ကူးယူ၊ ဖော်ပြနေသော ဖေ့စ်ဘွတ် စာမျက်နှာများကိုသာ သတင်းစုံလင်သည်ဟု ဆိုသဖြင့် ဖေ့စ်ဘွတ် အသုံးပြုသူများမှ အားပေးနေကြသည်မှာ တစ်နည်းအားဖြင့် အားပေးရမည် ဖြစ်သော်လည်း မူလ တီထွင်မှု အရင်းအမြစ်ကို အပြည့်အဝ မဖော်ပြပေးခြင်းသည် ၎င်းအတွက် အကျိုးအမြတ် အားပေး မှုကို ချက်ချင်း မပေးလိုက်သည့်အတွက်ကြောင့် နစ်နာမှု ရှိပေသည်။ နိုင်ငံတကာ၌လည်း ဂက်ဘ်ပေါ်ရှိ သတင်း စာမျက်နှာများပေါ်တွင် အခြား သတင်းဌာနမှ သတင်းများကို ပြန်လည် ဖော်ပြရာဝယ် ထို သတင်းဌာန၏ အမည်ကို ဖော်ပြသည့်အပြင် သတင်း ဌာနသို့ သွားရောက်ရန် လင့်ခ် (URL)ကိုပါ တပါတည်း ချိတ်ဆက် ပေးထားသဖြင့် ပြည်တွင်းမှ အင်တာနက်ပေါ်ရှိ ဖေ့စ်ဘွတ် သုံးသူများ၊ သတင်းဌာနများ တကယ်ပဲ နားမလည်တာလား၊ နားလည် ပါးရိုက် လုပ်နေတာလားဆိုတာ ဝေခွဲမရ ဖြစ်နေသည်ဟု သတင်းများ ထွက်ပေါ်လျှက် ရှိသည်။


GIONEE
GOLDEN QUANLITY TO STAND LONG
1YEARS Service Warranty
Model: Christine
luiquid Crystal Display
Dual Sim, Dual Standby, mp3, mp4, FM,
Voice Recorder, Camera 2.0mp, Blutooth
Answer Machine, Blacklist, Support EDGE, OLED Display
လိုင်းဆွဲအားကောင်းခြင်း
ဈေးနှုန်းတည်ငြိမ်ခြင်း
101,500
STRONG SOURCE
အမြို့မြို့အနယ်နယ်ရှိ Mobile Phone ဆိုင်တိုင်းတွင် 'ဝယ်ယူရရှိနိုင်ပါသည်'
Room-106, Building-A, Yuzana Highway Complex,
Kamayut Township, Yangon, Myanmar.
Business Phone: 95-09-5436-333, 8633-992
Show Room
No. (57) Lan Thit Street (Mawtin Street)
Lanmataaw Township, Yangon.
Ph: 228680, 22504


I.C.E
Special Promotion
this week
HP - ENVY 15.6" Laptop
intel inside CORE i5
Limited Stock
6,19,000K
5,69,000K
Corei5 3210M / 8GB / 750GB / FingerPrint / wifi / DVD-RW / Window 8
အမှတ် (၄၁၊ ၄၃၊ ၄၄၊ ၄၅)၊ လမ်းမတော် လှည်းတန်းလမ်း ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
(၁၀လမ်းနှင့်၁၁လမ်းကြား၊ အလယ်ဘလောက်)
218202, 216484, 214808

အိုင်စီတီ ဂျာနယ်
Volume 2, Issue 3
MYANMAR ICT JOURNAL

# ကမ္ဘာ့အဆင့် နည်းပညာ ကုမ္ပဏီကြီးဖြစ်သည့် HTC နှင့် စံမြန်မာ၊ KMD တို့ ပူးတွဲ ဖွင့်လှစ်လိုက်သည့် HTC Concept Store နှင့် Sevice Centre များ




















နည်းပညာ ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် HTC နှင့် စံမြန်မာ၊ KMD ကုမ္ပဏီတို့ ပူးပေါင်းလက်တွဲ၍ HTC Concept Store နှင့် Service Centre များကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရှိရပါတယ်။ HTC Concept Store များသည် Phone အရောင်းဆိုင် သက်သက်မဟုတ်ဘဲ HTC ၏ နောက်ဆုံးထွက်ရှိလာသည့် ကမ္ဘာ့ အဆင့်မီ နောက်ဆုံးပေါ် နည်းပညာများကို ဝယ်ယူစရာ မလိုဘဲ စိတ်ပါဝင်စားသူများ ကိုယ်တိုင် စမ်းသပ်နိုင်ရန် စီစဉ်ပေးထားသောနေရာများလည်း ဖြစ်ပါတယ်။ သာမန် စကားပြောရုံ ဖုန်းတစ်လုံးထက် ပိုတဲ့ လုပ်ငန်းစုံ သုံးလို့ရတဲ့ Magic Device တစ်ခုကို မိတ်ဆက်ပေးခဲ့ပြီး ပြည်တွင်းမှ အသုံးပြုသူနှင့် developerများအတွက်ပါ အဆင်ပြေစေမည့် eco systemကိုပါ မိတ်ဆက် ပေးထာတယ်လို့ သိရပါတယ်။ မိတ်ဆက်ပေးခဲ့တဲ့ HTC Model (၆) မျိုးမှာ - Desire C, Desire VC, Desire X, One X, One X + နဲ့ Butterfly Model များပဲ ဖြစ်ပါတယ်။ Butterfly Model ဆိုလျှင်လည်း တခြားနိုင်ငံ အတော်များများထက် ဦးစွာ မြန်မာနိုင်ငံတွင် ဖြန့်ဖြူးပေးခြင်း ဖြစ်ကြောင်း သိရှိရပါတယ်။

HTC Concept Storeများကို ယခုနှစ်မှ ဖွင့်လှစ်နိုင်ရခြင်းမှာ HTC Handset များသည် မြန်မာနိုင်ငံ၏ Telecom စနစ်များနှင့် ကိုက်ညီမှု ရှိမရှိ၊ ခရီးသွားစဉ် အသုံးပြုလျှင် လိုင်းချို့ယွင်း ပြတ်တောက်မှု ရှိမရှိ၊ မြို့ကြီးများတွင် ဖုန်းအသုံးပြုမှု များသောအခါ Application မျိုးစုံ သုံး၍ ရမရ၊ Auto Run နေချိန်တွင် Radio Signal Quality ပြောင်းလဲမှု ရှိမရှိ စသည့် စမ်းသပ်မှု မျိုးစုံ ပြုလုပ်စေခြင်း၊ ServiceEngneer များကို ပြည်တွင်း ပြည်ပလုပ်ငန်းခွင် သင်တန်းများ တက်ရောက်စေရခြင်းနှင့် အကြိမ်ကြိမ် စစ်ဆေးပြီးမှ အကောင်းဆုံး ထုတ်လုပ်ထားခြင်းတို့ကြောင့် ဖြစ်ပါတယ်။

ထို့အပြင် KMD အနေနဲ့ ကမ္ဘာ့ပထမဦးဆုံး မြန်မာစာ Eco System စံနစ်ပါဝင်သော HTC Smart Phone တွေကို မိတ်ဆက်ရာမှာ အာမခံသက်တမ်းကို တစ်နှစ်ခွဲအထိ Service တိုးမြှင့်ပေးသွားမှာ ဖြစ်ကြောင်း ၊ ၎င်းဖုန်းတွေရဲ့ သာလွန်ကောင်းမွန်တဲ့ Feature တွေကို လေ့လာသင်ယူနိုင်ဖို့ အခမဲ့ User Experience Training တွေကိုလည်း စီစဉ်ပေးသွားမှာဖြစ်ကြောင်းနှင့် အခြား မြို့ကြီးတွေမှာလည်း HTC Concept Store တွေ အများအပြား ဖွင့်လှစ်သွားဖို့လည်း စီစဉ်လျက်ရှိကြောင်း သတင်းကောင်းများအဖြစ် တင်ဆက်လိုက်ရပါတယ်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

# Myanmar Hospitality Professional's Association (MHPA) မှ ဟိုတယ်ဆိုင်ရာ လုပ်ငန်းခွင်အထောက်အကူပြု သင်တန်းများဖွင့်လှစ်ခြင်း

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာနမှ ဦးစီး၍ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) နှင့် မြရိပ်ညို ဖောင်ဒေးရှင်း၏ ကူညီပံ့ပိုးမှုဖြင့်၊ မြန်မာဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကျွမ်းကျင်ဝန်ထမ်းများအသင်း (MHPA) ၏ Professional များမှ ဟိုတယ်ဆိုင်ရာ လုပ်ငန်းခွင် အထောက်အကူပြု သင်တန်းအမှတ်စဉ် (၂) ကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်း ရရှိပါသည်။

သင်တန်းကာလမှာ (၂၁.၁.၂၀၁၃) ရက်နေ့ မှ (၂၃.၂.၂၀၁၃) ရက်နေ့အထိ စုစုပေါင်း ရက်သတ္တပါတ်ပတ် ကြာမြင့်မည် ဖြစ်ပါသည်။ နေ့စဉ် တနင်္လာနေ့ မှ စနေနေ့အထိ မွန်းလွဲ(၁) နာရီမှ (၅) နာရီအထိ သင်ကြားပေးမည်ဖြစ်ပြီး၊ တစ်ဘာသာလျှင် သင်တန်းသား(၃၀) ဦးသာ လက်ခံသွားမည်ဖြစ်ကြောင်း နှင့် သင်တန်းကြေးမှာ တစ်ဦးလျှင် ၆၀၀၀၀/- ကျပ်နှင့် ရန်ကုန်ဇုန် အသင်းဝင်ဟိုတယ်များမှ ဝန်ထမ်းများအတွက် တစ်ဦးလျှင် ၅၀၀၀၀/-ကျပ် ဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။ သင်တန်းသား အားလုံးအတွက် ယူနီဖောင်း(၂) စုံကို ထုတ်ပေးမည် ဖြစ်ပါသည်။

သင်တန်းများကို သက်ဆိုင်ရာ ဘာသာရပ်များ အလိုက် မြရိပ်ညိုဟိုတယ်နှင့် ရန်ကုန်ဇုန်အသင်းဝင် ဟိုတယ်များတွင် အသီးသီးပို့ချပေးမည် ဖြစ်ပါသည်။ သင်တန်းအမျိုးအစားများမှာ -

(၁) Front Office Operation Course
(၂) Housekeeping Operation Course
(၃) Food & Beverages Services Course
(၄) Food & Beverages Procuction Course (Asian, European, Bakery & Pastry ) တို့ ဖြစ်ပါသည်။

လျှောက်လွှာများကို မြန်မာနိုင်ငံဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) ရုံးအမှတ် ၃(က) သံသုမာလမ်းနှင့် ဗေဇယန္တာလမ်းထောင့်၊ သုဝဏ္ဏတွင် တင်သွင်းနိုင်ကြောင်းနှင့် ဖုန်းနံပါတ် - ၀၁- ၈၅၅၁၂၅၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိပါသည်။

Advertisment



# မြန်မာနိုင်ငံတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်သော HTC ဖုန်းများ

## ပထမဆုံးတစ်ခါတည်းပါဝင်သည့် မြန်မာဘာသာစကားကီးဘုတ်



1 2 3 4

မြန်မာဘာသာစကားအတွက်အထူးပြုလုပ်ထားသည့် တစ်ခုတည်းသော စမတ်ဖုန်းဖြစ်သည့် HTC ကို လက်တွေ့သုံးကြည့်လိုက်ပါ။

1. တစ်ခါတည်းပါဝင်သည့် ပြီးပြည့်စုံသော မြန်မာဘာသာစကားစွမ်းရည်ကို ကီးဘုတ်နှင့်အင်တာနက်တွင် ရှာဖွေခြင်းအတွက် ကြိုတင် ထည့်သွင်းထားပေးပါ သည်။
2. စမတ်ဖုန်းခေါ်ဆိုမှု ဖန်ရှင်ကိုအသုံးပြုနေစဉ်အတွင်း QWERTY ကီးဘုတ်ပေါ်တွင် အမည်များကို ရိုက်ထည့်ခြင်းဖြင့် အဆက်အသွယ် အမည်များကို ရှာဖွေပါ။
3. မြန်ဆန်စွာ ကြိုတင်မှန်းဆခြင်းဖြင့် မှတ်တမ်းများ၊အီးမေးလ်များနှင့် စာသားများကို ရိုက်နေစဉ်အတွင်း သင့်ဖုန်းက မြန်မာ စာလုံးများကို အကြံပြုပေးနိုင်ပါ သည်။
4. အင်တာနက်တွင်ရှာဖွေသောအခါ သင်မည်သည့်ဝက်ဘ်ဆိုဒ်ကို ဝင်ရောက်သည်ဖြစ်စေ သင်၏ HTC စမတ်ဖုန်းက ၁၀၀ % မှန်ကန်သော မြန်မာဘာသာ စကားကို ပြသပေးပါလိမ့်မည်။

## htc Buetterfly

**Price: K 590,000**



## နောက်ထပ်ပထမဆုံး Smartphone

ဒီနေ့ခေတ်နည်းပညာကို အပြည့်အဝ ဖော်ပြနေတဲ့ပစ္စည်းတွေရဲ့ တီထွင်နိုင်မှုစွမ်းရည်၊ အင်္ဂါရပ်၊ပုံစံတွေကို သင်အမြဲ တွေ့မြင်နိုင်မှာ မဟုတ်ပါဘူး။ အသစ်ထပ်မံထုတ်လုပ်လိုက်သော HTC လိပ်ပြာကသာ လူတွေကို ဦးဆောင်ချင်တဲ့ သင့်ရဲ့ရည်မှန်းချက်ပန်းတိုင်ဆီသို့ လက်တစ်ချက်ထိရုံဖြင့် ဖြစ် လာစေတဲ့ အစွမ်းကို ပေးပါလိမ့်မယ်။ ရုပ်ထွက်စွမ်းရည်မြင့်မားခြင်းဖြင့် ယခင်ကတီထွင်ထားသော ပြည့်စုံတဲ့ Pixel Smartphones များကို ကျော်လွန်သွားပါတယ်။ (၁) လက်မမှာ ၄၄၀ အစက် အပြောက်တွေနဲ့ ဖွဲ့စည်းထားခြင်းဖြင့် အနုစိတ် ကြည်လင်ပြတ်သားမှုကို ဖော်ပြနေပြီး ဒီအချက်ကပဲ သင်သုံးဖူးထားသမျှဖုန်းတွေထက် သာလွန်တယ်ဆိုတာကို ပြသနေပါတယ်။ ဒီ(၅)လက်မရှိ စူပါ LCD နံပါတ်(၃) မှန်သည် ရုပ်ထွက်ပုံတွေ၏ ကြည်လင် ပြတ်သားမှု၊ ဆွဲဆောင်နိုင်မှု အကောင်းဆုံးတို့ကို ပြသနေပါသည်။ နဂိုပါရှိတဲ့ စက်တို့ကလည်း အရောင်၊ အလင်း၊ထင်းလင်းပြတ်သားမှုတို့ကို အလိုအလျောက်အချိန်တိုင်း ညှိပေးနေသည့်အတွက် အပြစ်ဆိုဖွယ် မရှိသော အချိုးအစား ကို ပေးစွမ်းနိုင်ပါတယ်။ တောက်ပတဲ့နေရောင်အောက်မှာတောင် အံ့အားသင့်ဖွယ် ကောင်းသော သဘာဝရုပ်ပုံများကို ရင်သပ်ရှုမောဖွယ်ရာ ရှုထောင့်မျိုးစုံ တို့မှ ဖန်တီးကြည့်ရှုနိုင်ပါသည်။ အကြီးဆုံးf2.0 အလင်းဝင်ပေါက်ရဲ့ အစွမ်းကြောင့် ၂.၁ မီဂါပစ်ဆာရှိသော ရှေ့ကင်မရာသည် ရင်သပ်ရှုမောဖွယ်ကောင်းတဲ့အရောင်စိုပြည်ပြီး၊ လှပဆန်း ကြယ်တဲ့ သဘာဝ ကျကျပုံတွေကို ပေးစွမ်းနိုင်ပါတယ်။ အနောက်ဘက်မှ အလင်းရောင်ပေးတဲ့အတွက် ၈မီဂါပစ်ဆာရှိတဲ့ အနောက်ကင်မရာကလည်း သာလွန်တဲ့ အလင်းနည်းတဲ့ ဓာတ်ပုံကောင်းတွေကို အကောင်းဆုံး ရိုက်နိုင် ပါသည်။ ဓာတ်ပုံတွေကို ရိုက်ကူးရာမှာ ပိုမြန်ပြီး အရင်ကထက်ပိုပြီး ဓာတ်ပုံရိုက်တဲ့အရသာကို ပိုကြိုက် လာပါလိမ့်မယ်။အကယ်လို့ သင့်ရဲ့ဖုန်းက Sleep In ကင်မရာအသွင်ကို ရောက်နေရင်ပါဝါခလုတ်ကို နှိပ်ပြီး ကင်မရာကို အဆက်မပြတ်ပြန်လည် ရိုက်ကူးနိုင်ပါတယ်။ မှန်ရဲ့ဘယ်နေရာကိုမဆိုထိ၍ ဓာတ်ပုံ ရိုက်ယူနိုင်ပါတယ်။ ၄ ပုံတစ်စက္ကန့်နှုန်းဖြင့် ရိုက်နိုင်ပြီး (၉၉) ချက်အဆက်မပြတ် ရိုက်ကူးကာ အကောင်းဆုံးဓာတ်ပုံတွေကို ပိုင်ဆိုင်ကြပါစို့။

## ကမ္ဘာ့ ခေတ်အမီဆုံး Processor မှ အကောင်းဆုံးသော စွမ်းဆောင်ရည်ကို ရရှိခြင်း

အသစ်ထွက်ရှိလာတဲ့ Qualcomm Snapdragon ™ S4 Pro အမျိုးအစားဟာ ဒီစာကိုရေးသားနေသော အချိန်မှာ နောက်ဆုံးပေါ် Quad Core Processor အမျိုးဖြစ်ပါတယ်။ ယခုခေတ်မှာ ဘယ်သူမဆို အဆင့်အမြင့်ဆုံး (State-the-art) Processor တွေအသုံး ပြုနိုင်တဲ့အချိန်ပါ။ ဒါပေမဲ့ HTC ရဲ့လိပ်ပြာ (Butterfly) ဟာ ဒီနည်းပညာတွေထဲက အကောင်းဆုံးတွေကို ထုတ်ယူသုံးစွဲ ထားတာပါ။ ဒါကြောင့်မြန်ဆန်မှုနှုန်းပေါ် အဓိကထားတဲ့လုပ်ဆောင်ချက်တွေ၊ တစ်ခုထက်ပိုတဲ့ apps တွေကို အသုံးပြုတဲ့အခါမှာ လျှပ်စီးတစ်ဖျက် လက်သကဲ့သို့ မြန်ဆန်တဲ့တုံ့ပြန်မှုတွေကို သင်ခံစားနိုင်မှာပါ။ ဒီပါဝါကို အချိန်ကြာကြာ ဆက်လက်ရရှိစေဖို့ ပြီးပြည့်စုံတဲ့ စူပါဘက်ထရီကိုလည်း ထည့်ပေးထားပါသည်။

## အသံကို အဓိကထား ချဲ့နိုင်သော စက်နှစ်မျိုးဖြင့် Beat Audio ™ ရဲ့ လုပ်ဆောင်ချက်ကို ပိုမိုအားဖြည့်ပေးခြင်း

နှစ်ခုပေါင်းစပ်ထားတဲ့ အသံချဲ့စက်တွေရဲ့ တစ်ခုခြင်းစီက ထုတ်လွှင့်ပေးတဲ့အစွမ်းဖြင့် နားကြပ်နှင့် စပီကာတို့ကို ပါဝါဖြည့်စွမ်း ပေးထားပါသည်။ နှစ်ဆခွဲ လောက် ပိုတဲ့အသံထွက်စွမ်းအားနှင့်အတူ ဆူညံသံတွေကို အမြင့်ဆုံး အသံအနေအထားမှာတောင်(၁၀) ဆနိမ့်ပေးနိုင်ခြင်း၊ တစ်ခုတည်းသော Beat Audio ™ ရဲ့ စွမ်းဆောင်ချက်တို့နှင့်အတူ ပေါင်းစည်းတီထွင်ထားမှုကြောင့် တုန်ခါ လှုပ်ရှားတဲ့အသံကို ဖြစ်ပေါ်စေခြင်း၊ ကီးအနိမ့်အမြင့်အလိုက်ပြောင်းလဲ နိုင်တဲ့သစ်လွင်ဆန်းသစ်သော သီချင်းသံစဉ်တွေနှင့်အတူ စတူဒီယိုထဲမှာ နားထောင်နေရတဲ့အလား နားသောတဆင်နိုင်မှာ ဖြစ်ပါတယ်။

## သာလွန်ကောင်းမွန်တဲ့ ပုံစံ

HTC လိပ်ပြာ (Butterfly) ၏ ပုံစံသည် လှပဆန်းပြားတဲ့ဖုန်းဒီဇိုင်းတစ်ခုဖြစ်ပြီး ဒီဇိုင်းရဲ့အားနည်းချက်မရှိစေရန် အထူးပြုလုပ်ပုံဖော်ထားပါတယ်။ ကော်ဇီ ဖိတ်လို့စွန်းထင်းတဲ့ အန္တရာယ်တောင်အပါအဝင်ပေါ့။ ဒီလိုမတော်တဆဖိတ်စင်မှုကို ကာကွယ်နိုင်တဲ့အပြင်၊ လိပ်ပြာရဲ့အချိန်မရွေးချော့မွေ့တောက်ပနေတဲ့ ပုံစံဟာ အားလုံးကို ဆွဲဆောင်နေပါတယ်။ ဒီလိုကြွေရောင်ထနေတဲ့ နှစ်ရောင်ပေါင်းစပ်ထားတဲ့စနစ်၊ ခေတ်ဆန်တဲ့ ဘေးတစ်စောင်းပုံစံ၊ စိတ်ချလက်ချ ကိုင်ဆောင်ထားနိုင်တဲ့ အလုံးအထည်ကြီးမား တဲ့အချက်တို့ကြောင့် သင်ဒီဖုန်းကို ဘယ်တော့မှ လက်လွှတ်ဆုံးရှုံးခံမှာ မဟုတ်ပါဘူး။

## ဖုန်းရဲ့အသေးစိတ်အချက်အလက်များ

| | |
|---|---|
| မော်ဒယ်လ်: | အိစ်(၉၂၀) ဒီ |
| CPU ရဲ့မြန်ဆန်မှုနှုန်း: | Quad Core အမျိုးအစား Qualcomm Snapdragon™ S4 Pro ၁.၅ဂီဂါဟာ့ဒ် |
| ဆော့ဒ်ဝဲလ်: | Android ၄.၁(ဂျယ်လီဘင်း) |
| ဆင်းကဒ်အမျိုးအစား : | မိုက်ခရို အသေးစားဆင်းကဒ် |
| မမ်မိုရီ: | ၂ဂျီဘီရှိတဲ့ RAM (စက်ရဲ့ ခေတ္တယာယီသိမ်းဆည်းဖို့နေရာ) |
| ဖိုင်တွေသိမ်းဆည်းဖို့ နေရာစုစုပေါင်း : | ၁၆ဂျီဘီ၊သုံးနိုင်တဲ့ပမာဏသည် ပြောင်းလဲနိုင်ပါတယ် |
| အရွယ်အစား၊အလေးချိန် : | ၁၄၃×၇၀.၅×၉.၀၈ မီလီမီတာ၊ ၁၄၀ ဂရမ်(ဘက်ထရီအပါအဝင်) |
| ဖုန်းရဲ့အသွင်အပြင် : | ၅လက်မအရှည်ရှိ စူပါ LCD အမှတ်၃ကို သုံးထားသောမှန်ဖြင့် full HD ၁၀၈၀ ပီကို သုံးထားသော ရုပ်ထွက်စွမ်းရည်ရှိသည့် Gorilla မှန်အမှတ်၂ |
| အသံ : | Audio ရဲ့နည်းစနစ်နှင့်ပေါင်းစပ်ထားပြီး အသံကိုပိုပြီးကျယ်ကျယ်ကြား ရအောင် အထူးပြုလုပ်ထားသော စပီကာနှင့်နားကြပ် |
| နက်ဝေါ့က်ဒ် : | GSM/GPRS/EDGE (850/၉၀၀/၁၈၀၀/၁၉၀၀ မီဂါဟာ့ဒ်) HSPA / WCDMA: (၈၅၀/၂၁၀၀မီဂါဟာ့ဒ်) |
| ဆက်သွယ်မှု : | ၃.၅မီလီမီတာ စတူဒီယို နားကြပ်နှင့်ဆက်သွယ်ရန်အပေါက် Bluetooth ၄.၀ WI-FI, IEEE၈၀၂.၁၁အေ၊ဘီ၊ဂျီ၊အန်(၂.၄ဂီဂါဟာ့ဒ်) Micro-USB အပေါက် |
| အပို : | မိုက်ခရိုအက်စ်ဒီကဒ်ထည့်ရန်နေရာ။ |
| ကင်မရာ : | ၈မီဂါပစ်ဆာရှိသောကင်မရာဖြင့် HTC ထုတ် ImageChip f2.0၊ BSI၊ ၂၈ မီလီမီတာမှန်ပြောင်း။ အလိုအလျောက် ချိန်စနစ်ဖြင့် LED flash ၂.၁ မီဂါပစ်ဆာရှိ ရှေ့ကင်မရာ f2.0 အလွန်ကျယ်သော မြင်ကွင်းကိုပေးတဲ့ အရှေ့ကင်မရာမှန်ပြောင်း |
| ဘက်ထရီ : | ဖုန်းအတွင်းရှိ ပြန်လည်အားသွင်းနိုင်သော Li-ion ပေါ်လီမာ ဘက်ထရီအမျိုးအစား၊ဆံ့သောပမာဏ: ၂၀၂၀ mAh |

အိုင်စီတီ ဂျာနယ်
Volume 2, Issue 3
MYANMAR ICT JOURNAL

# htc Desire C

## Price: **K 149,000**




## ဖုန်းရဲ့အသေးစိတ်အချက်အလက်များ

| | |
|---|---|
| မော်ဒယ်လ်: | အေ၃၂၀အီး |
| CPU ရဲ့မြန်ဆန်မှုနှုန်း: | ၆၀၀မီဂါဟတ္ဇ် |
| ဆော့ဒ်ဝဲလ်: | Android ကို အခြေခံထားတဲ့ HTC Sense ဆော့ဒ်ဝဲလ် |
| မမ်မိုရီ: | ၅၁၂မီဂါဘိုက် (MB) ရှိတဲ့ RAM (စက်ရဲ့ယာယီသိမ်းဆည်းဖို့နေရာ) |
| ဖိုင်တွေသိမ်းဆည်းဖို့ နေရာစုစုပေါင်း : | ဖုန်းထဲမှာ၄ဂျီဘီနေရာသိမ်းဆည်းနိုင်ပြီး၊ Dropbox ထဲမှာ ၂၅ဂျီဘီကို ၂နှစ်အလကားအသုံးပြုနိုင်ပါတယ်။ |
| အရွယ်အစား၊အလေးချိန် | ၁၀၇မီလီမီတာ(အလျား)၊၆၀မီလီမီတာ(အနံ)၊၁၁.၉မီလီမီတာ(အထု)၊ ၉၈ဂရမ်အလေးချိန်၊(ဘက်ထရီအပါအဝင်) |
| ဖုန်းရဲ့အသွင်အပြင် : | ၃.၅လက်မအရွယ်ရှိပြီး HVGA (ဗီဒီယိုရုပ်ထွက်စနစ်) ကိုသုံးထားတဲ့မှန်၊ ၃၂၀ ×၄၈၀ ပစ်ဆာ (အစက်တွေပေါင်းစည်း ထားတဲ့) ရုပ်ထွက်စွမ်းရည် |
| အသံ : | Beats Audio ™ ရဲ့ နည်းစနစ် |
| နက်ဝေ့ါက်ဒ် : | HSPA/UMTS Dual Band (၉၀၀/၂၁၀၀ မီဂါဟတ္ဇ်) GSM/GPRS /EDGE Quad-band (၈၅၀/၉၀၀/၁၈၀၀/၁၉၀၀ မီဂါဟတ္ဇ်) |
| ဆက်သွယ်မှု : | ၃.၅မီလီမီတာ စတူဒီယို နားကြပ်နှင့်ဆက်သွယ်ရန်အပေါက် Bluetooth ® Wi-Fi® Micro-USB အပေါက် |
| အပို : | MicroSD™ (အသေးစား ဆင်းကဒ်ထည့်ရန်နေရာ) |
| ကင်မရာ : | ၅မီဂါပစ်ဆာရှိသောကင်မရာနှင့် VGA ဗီဒီယိုရုပ်ဖမ်းစနစ် |
| ဘက်ထရီ : | အားပြန်သွင်းနိုင်သော Li-ion ဘက်ထရီအမျိုးအစား Capacity၊ ၁၂၃၀mAh |

## မယုံနိုင်လောက်အောင် စွမ်းဆောင်ရည်ပြည့်ဝသော

သုံးစွဲရအလွယ်ကူဆုံး Android နှင့်အတူ Smartphone ရဲ့ စွမ်းအားကို HTC Desire C ကကိုယ်စားပြု ထားပါတယ်။ အကောင်းတကာ့ အကောင်းဆုံး HTC Scense ™ 4.0 ကို Beat Audio ™၊ ကြည်လင် ပြတ်သားသော ရုပ်မြင်၊ ၂၅ ဂျီဘီသိုလောင်နိုင်သော Dropbox နှင့်အတူသုံးခြင်းဖြင့် သင့်အား ဉာဏ်စွမ်းအားထက်တဲ့ လုပ်ဆောင်နိုင်ချက်နှင့် အလွယ်ကူဆုံးအသုံးပြုနိုင်မှုကို အသေအချာ ပေးစွမ်း ပါလိမ့်မယ်။

## Beats Audio ™

HTC Smartphone ဟာလိုသလို ညှိယူနိုင်သော Beats Audio ™ ကို ထည့်သွင်းအသုံးပြုထားတဲ့ တစ်ခုတည်းသော ပစ္စည်းဖြစ်ပါတယ်။ ကြည်လင် ပြတ်သားတဲ့ အသံလှိုင်း၊ အသံအနိမ့်အမြင့်တို့ကို တေးသံရှင်တစ်ဦးအသံသွင်းနေသကဲ့သို့ ကြည်လင်ပြတ်သားစွာ သင်ကြားရပါလိမ့်မယ်။

## ၂၅ ဂျီဘီ Dropbox ဆော့ဝဲလ်နဲ့ ပေါင်းစည်းသုံးစွဲခြင်း

၁၉၀၀* ဓမီဂါပစ်ဆာ (MP) ဓာတ်ပုံ (သို့မဟုတ်) သီချင်းအပုဒ်ရေ ၆၀၀၀** ကျော် (၁၇ ရက်ဆက်တိုက် နားထောင်နိုင်တဲ့ အပုဒ်ရေနှင့် ညီမျှသော) စာရွက်စာတမ်းတွေ အပါအဝင် သိမ်းဆည်းထားနိုင်ပြီး အချိန် မရွေးသင့်ရဲ့ ဖုန်းမှတစ်ဆင့် လိုသလို အသုံးချနိုင်ပါတယ်။

## HTC Sense ™ Sense ™4.0

သင့်သူငယ်ချင်းတွေရဲ့ နောက်ဆုံးလူမှုဆက်ဆံရေးဘဝကို Online ပေါ်မှအရယူနိုင်ပါတယ်။ ဒါ့အပြင် သူတို့ရဲ့မွေးနေ့တွေဟာ ရေပန်းစားနေတဲ့ Social Network တွေမှတစ်ဆင့် သင့်ရဲ့Calendar ထဲကို အလိုအလျောက်တိုက်ရိုက်ဝင်လာပါလိမ့်မယ်။ အရေးကြီးတဲ့နေ့များကို ကိုယ်ဘာသာကိုယ်ရေးမှတ်ရ တဲ့ခေတ်ကုန်သွားပါပြီ။ ဘယ်လိုနည်းနှင့် သူများတွေကို ဖုန်းဆက်၊စာ(Message) ပို့မယ်ဆိုတာဆုံးဖြတ်ပါ။ Smartdial က သင့်ရဲ့အဆက်အသွယ်တွေကို နာမည်နှင့်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်နှင့်ဖြစ်စေ ရှာ နိုင်အောင်လုပ်ပေးထားတဲ့အတွက် သင့်ရဲ့အရေးကြီးတဲ့အလုပ်တွေကို သင်ကောင်းကောင်းလုပ်နိုင်မှာပါ။ ဥပမာ- ဘယ်သူကဒီညစာစားပွဲကို စီစဥ်မှာကြားထားပေးမလဲဆိုတာမျိုးပေါ့။ သင်ကြိုက် နှစ်သက်တဲ့ အလုပ်တွေနှင့် apps တွေကို လက်တစ်ချက်တို့ထိရုံဖြင့် လုပ်ဆောင်နိုင်ပါပြီ။ Lockscreen –to –app ကို သုံးပြီး ဖုန်းကိုသော့ခတ် လို့ရတဲ့အပြင် ဖုန်းထဲမှာရှိတဲ့ apps တွေကိုလည်း လိုသလိုစိတ်ကြိုက်လော့ကခ် (Lock) လုပ်ထားလို့ရပါတယ်။ ဖုန်းထဲမှာရှိတဲ့ ဖုန်းနံပါတ်၊အီးမေးလ်ကို သုံး၍ စာ (SMS) ကို သိမ်းဆည်း၍ ဖြစ်စေ၊ ပို့စာ(Email) နှင့်ဖြစ်စေ၊ Task+Contact ရဲ့အကူအညီဖြင့် သင်ကိုယ် သင်သတိပေးနိုင်ပါတယ်။ အခုတော့ သင့်သူငယ်ချင်းက ဆက်သွယ်တဲ့အခါ ဘာကသင်နှင့်အတူဆောင်သွားရမလဲဆိုတာကို သင် သတိရပါတော့မယ်။ သင့်ရဲ့လိုအပ်ချက်တွေတိုင်းကို HTC Design C ကအစီစဥ်တကျ၊ အလိုက်သိစွာ၊ အလိုအလျောက်ဆောင်ရွက်ပေးသွားပါလိမ့်မယ်။

## သင့်ရဲ့ကိုယ်ပိုင်ရွေးချယ်မှု

သင်နှစ်သက်ရာ အရောင်ရွေးချယ်နိုင်ရန် အရောင်မျိုးစုံ ထုတ်လုပ်ထားပါတယ်။ များပြားလှစွာသော အရောင်စုံဖုန်းကာဗာလေးများနှင့် သင့်စိတ်ကြိုက် အလှဆင်နိုင်ပါတယ်။

## သင့် HTC စမတ်ဖုန်းပေါ်တွင် တစ်ခုတည်း စစ်မှန်သော မြန်မာဘာသာစကားအတွေ့အကြုံကို ခံစားပါ။

HTC စမတ်ဖုန်းများတွင်သာလျှင် စာရိုက်ခြင်းနှင့် စာဖတ်ခြင်းအတွက် ၁၀၀% တိကျသည့် မြန်မာ ဘာသာစကား တစ်ခါတည်းပါဝင်သည့် ကီးဘုတ်တစ်ခု ဖြင့်ထွက်ပေါ်လာသည်။ ကျွန်ုပ်တို့သည် ဤနည်း ပညာကို မြန်မာဘာသာစကားကျွမ်းကျင်သူများနှင့်အတူတကွ ဖော်ထုတ်လုပ်ဆောင်ခဲ့ပါသည်။

# htc Desire VC

Price: **K 249,000**



## မယုံနိုင်လောက်အောင် အစွမ်းထက်သော

သုံးစွဲရအလွယ်ကူဆုံး Android နှင့်အတူ Smartphone ရဲ့စွမ်းအားကို HTC Desire VC က ကိုယ်စားပြုထားပါတယ်။ အကောင်းတကာ့အကောင်းဆုံး HTC Sense ™ 4.0 ကို Beat Audio ™ ကြည်လင်ပြတ်သားသော ရုပ်မြင်၊ ၂၅ ဂီဂါဘိုက်သိုလှောင်နိုင်သော Dropbox နှင့်အတူ သုံးခြင်းဖြင့် သင့်အား ဉာဏ်စွမ်းအားထက်တဲ့ လုပ်ဆောင်နိုင်ချက်နှင့် အလွယ်ကူဆုံးအသုံးပြုနိုင်မှုကို အသေအချာပေးစွမ်းပါလိမ့်မယ်။

## Beats Audio ™

သင့်တေးသံရဲ့ မှန်ကန်တဲ့အသံလှိုင်းကို HTC Desire VCမှာတွေ့ကြုံရပါလိမ့်မယ်။ သင့်တော်သော အသံအနိမ့်အမြင့်၊ ပြတ်သားကြည်လင်တဲ့အသံလှိုင်းတို့ကို တေးသံရှင်တစ်ဦးအသံသွင်းနေသကဲ့သို့ ကြည်လင်ပြတ်သားစွာ သင်ကြားရပါလိမ့်မယ်။

## SIM ကဒ်နှစ်ခုလုံးထည့်ပြီး သုံးလို့ရတဲ့ဖုန်း (CDMA+GSM)

HTC Device VC ဟာ နံပါတ်နှစ်ခုကို ဖုန်းတစ်ခုထဲမှာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းသုံးနိုင်သော တစ်ခုတည်းသော ဖုန်းဖြစ်ပါတယ်။ ဖုန်းတစ်လုံးမှ တစ်လုံးသို့ရွှေ့ပြောင်းရန်မလိုသဖြင့် အားစိုက်ထုတ်စရာမလိုဘဲ နှစ်သက်ရာ နံပါတ်ကို ရွေးချယ်နိုင်ပါတယ်။

## ၂၅ ဂီဂါဘိုက် Dropbox ဆော့ဖ်ဝဲလ်နဲ့ပေါင်းစည်းသုံးစွဲခြင်း

၁၉၀၀၀* မေဂါပစ်ဆယ် (MP) ဓာတ်ပုံ (သို့မဟုတ်) သီချင်းအပုဒ်ရေ ၆၀၀၀**ကျော် (၁၇ ရက်ဆက်တိုက် နားထောင်နိုင်တဲ့ အပုဒ်ရေနှင့် ညီမျှသော) စာရွက်စာတမ်းတွေ အပါအဝင် သိမ်းဆည်းထားနိုင်ပြီး အချိန်မရွေး သင့်ရဲ့ဖုန်းမှတစ်ဆင့်လိုသလို အသုံးချနိုင်ပါသည်။

## HTC Sense ™ ၄.၀

သင့်သူငယ်ချင်းတွေရဲ့ နောက်ဆုံးလူမှုဆက်ဆံရေးဘဝကို Online ပေါ်မှအရယူနိုင်ပါတယ်။ ဒါ့အပြင် သူတို့ရဲ့မွေးနေ့တွေဟာ ရေပန်းစားနေတဲ့ Social Network တွေမှတစ်ဆင့် သင့်ရဲ့ Calendar ထဲကို အလိုအလျောက်တိုက်ရိုက်ဝင်လာပါလိမ့်မယ်။ အရေးကြီးတဲ့နေ့များကို ကိုယ်ဘာသာကိုယ်ရေးမှတ် ရတဲ့ခေတ်ကုန်သွားပါပြီ။ ဘယ်လိုနည်းနှင့် သူများတွေကို ဖုန်းဆက်သွယ်မယ်၊ စာ (Message) ပို့မယ်ဆိုတာဆုံးဖြတ်ပါ။ Smartdial က သင့်ရဲ့အဆက်အသွယ်တွေကို နာမည်နှင့် ဖြစ်စေ ရှာနိုင်အောင်လုပ်ပေးထားတဲ့အတွက်သင့်ရဲ့အရေးကြီးတဲ့အလုပ်တွေကို သင်ကောင်းကောင်းလုပ်နိုင်မှာပါ။ ဥပမာ- ဘယ်သူက ဒီညစာစားပွဲကို စီစဉ်မှာကြားပေးမလဲ ဆိုတာမျိုးပေါ့။ သင်ကြိုက်နှစ်သက်တဲ့ အလုပ်တွေနှင့် apps တွေကို လက်တစ်ချက်တို့ထိရုံဖြင့် လုပ်ဆောင်နိုင်ပါပြီ။ Lockscreen-to-app ကို သုံးပြီး ဖုန်းကိုသော့ခတ်လို့ ရတဲ့အပြင် ဖုန်းထဲမှာရှိတဲ့ apps တွေကိုလည်း လိုသလိုစိတ်ကြိုက်လော့က်ခ် (Lock) လုပ်ထားလို့ရပါတယ်။ ဖုန်းထဲမှာရှိတဲ့ ဖုန်းနံပါတ်၊ အီးမေးလ်ကို သုံး၍ စာ (SMS) ကို သိမ်းဆည်း၍ဖြစ်စေ၊ ပို့စာ (Email) နှင့်ဖြစ်စေ၊ Task+ Contactရဲ့အကူအညီဖြင့်သင်ကိုယ် သင် သတိပေးနိုင်ပါတယ်။ အခုတော့သင့်သူငယ်ချင်းက ဆက်သွယ်တဲ့အခါ ဘာကိုအတူတကွ ယူဆောင်သွားရမလဲဆိုတာကိုသင် သတိရပါတော့မယ်။ သင့်ရဲ့လိုအပ်ချက်တိုင်းကို HTC Design VC က အစီအစဉ်တကျ၊ အလိုက်သိစွာ၊ အလိုအလျောက် ဆောင်ရွက်ပေးသွားပါလိမ့်မယ်။

## ရုပ်မြင်ဖန်သားပြင်

HTC Desire VC ဟာ တောက်ပပြီးခိုင်ခံ့တဲ့ (၄) လက်မ WVGA မှန်သားကို ရှေ့ဘက်ပုံစံထဲမှာ ထည့်သွင်းတည်ဆောက်ထားသဖြင့် သင့်ရဲ့လက်ထဲ၊ အိတ်ကပ်ထဲမှာ စိတ်ချလုံခြုံစွာ ထည့်သွင်းကိုင်ဆောင်နိုင်ပါတယ်။

## ဖုန်းရဲ့အသေးစိတ်အချက်အလက်များ

| | |
|---|---|
| မော်ဒယ်လ်: | တီ၃၂၈ဒီ |
| CPU ရဲ့မြန်ဆန်မှုနှုန်း: | ၁ဂီဂါဟာ့ဇ်(1GHz) |
| ဆော့ဒ်ဝဲလ်: | Android ကို အခြေခံထားတဲ့ HTC Sense ဆော့ဒ်ဝဲလ် |
| မမ်မိုရီ: | ၅၁၂မီဂါဘိုဒ်(MB) ရှိတဲ့ RAM (စက်ရဲ့ခေတ္တယာယီသိမ်းဆည်းဖို့နေရာ) |
| ဖိုင်တွေသိမ်းဆည်းဖို့ နေရာစုစုပေါင်း : | ဖုန်းထဲမှာ ၄ဂီဂါဘိုက်*နေရာသိမ်းဆည်းနိုင်ပြီး၊ Dropbox ထဲမှာ ၂၅ဂီဂါဘိုက်ကို ၂နှစ်အလကား အသုံးပြုနိုင်ပါတယ်။ |
| အရွယ်အစား၊အလေးချိန် : | ၁၁၉မီလီမီတာ(အလျား)၊ ၆၂မီလီမီတာ (အနံ)၊၉.၄မီလီမီတာ(အထု)၊ ၁၁၈ဂရမ်အလေးချိန်(ဘက်ထရီ အပါအဝင်) |
| ဖုန်းရဲ့အသွင်အပြင် : | ၄လက်မအရွယ်ရှိပြီး WVGA (ပိုကြီးတဲ့ ဗီဒီယို ရုပ်ထွက်စနစ်) ကိုသုံးထားတဲ့ မှန်၊ ၄၈၀×၈၀၀ ပစ်ဆာ(အစက်တွေ ပေါင်းစည်းထားတဲ့ ) ရုပ်ထွက်စွမ်းရည်။ |
| အသံ : | Beats Audio ™ ရဲ့ နည်းစနစ် ပိုပြီးကျယ်ကျယ်ကြားရအောင် အထူးပြုလုပ်သော အသံဖွင့်စက် |
| နက်ဝေါ့က်ဒ် : | CDMA ၂၀၀၀(၈၀၀ မီဂါဟာ့စ်ဒ်) EVDO Rev.A GSM/GPRS Triband (၉၀၀/၁၈၀၀/၁၉၀၀ မီဂါဟာ့စ်ဒ်) Dual SIM : CDMA+GSM |
| ဆက်သွယ်မှု : | ၃.၅ မီလီမီတာ စတူဒီယိုနားကြပ်နှင့်ဆက်သွယ်ရန်အပေါက် Bluetooth® Wi-Fi®Micro-USB အပေါက် |
| အပို : | MicroSD™ (အသေးစား ဆင်းကဒ်ထည့်ရန်နေရာ) |
| ကင်မရာ : | ၅မီဂါပစ်ဆာရှိသော Auto Focus ဖြင့် Flash ပါရှိသော ကင်မရာ WVGA ( ပိုကြီးတဲ့ ဗီဒီယို ရုပ်ထွက်စနစ်)ဖြင့် ဗီဒီယို အရုပ်ဖမ်းစနစ်။ |
| ဘက်ထရီ : | အားပြန်သွင်းနိုင်သော Li-ion ဘက်ထရီအမျိုးအစား၊ Capacity ၊၁၆၅၀mAh |

အိုင်စီတီ ဂျာနယ်
Volume 2, Issue 3
MYANMAR ICT JOURNAL

# htc Desire X

Price: **K 246,000**




## Incredibly Smart Authentic Sound.

စွမ်းအားနှစ်ဆနှင့် အံ့ဩဖွယ်ရာကင်မရာကို SMARTPHONE ရဲ့ အဆင့်အတန်းနဲ့အညီပေါင်းစပ်ထားတဲ့ HTC Desire X.

## မယုံနိုင်စရာကောင်းလောက်တဲ့ နည်းပညာ

အံ့ဩဖွယ်ကောင်းလှတဲ့ ကင်မရာ၊စတူဒီယိုထဲမှာ နားဆင်နေရတဲ့အလား ထင်မှားလောက်တဲ့ Beats Audio ရဲ့ အစွမ်း၊စွမ်းအားနှစ်ဆထက်တဲ့ အခါမှာ တော့ လုပသပ်ရပ်ပြီး (၄) လက်မအရွယ်ရှိတဲ့မှန်နဲ့အတူ မယုံနိုင်စရာကောင်းလောက်တဲ့ X-Factoer စုပါပါဝါရှိတဲ့ HTC Desire X ဆိုတဲ့ဖုန်းလေး ပေါ် ပေါက်လာပါတယ်။

## အစွမ်းထက်လှတဲ့ ကင်မရာရဲ့ ရိုက်ချက်

လှပဆန်းကြယ်တဲ့ ပုံလေးတွေကို ပိုင်ဆိုင်လိုပါသလား။ BSI ပါတဲ့ အဆင့်မြင့်ဆုံး f2.0 မှန်ပြောင်းနဲ့အတူ ပေါင်းစပ်ထားတဲ့ Imagechip နည်းပညာတွေရဲ့ ကျေးဇူးကြောင့် အံ့ဖွယ်ပုံရိပ်တွေကို အလင်းရောင် ကင်းမဲ့တဲ့ အမှောင်ထဲမှာတောင် Desire X ရဲ့ ကင်မရာတိုင်းက အကောင်းဆုံးဖြစ်အောင် ရိုက်နိုင်ပါ တယ်။ ပုံပေါင်း(၃၀) ကို မရပ်မနားတရစပ် ရိုက်ကူးနိုင်စွမ်းရှိတဲ့အချက်ကလည်း ဒီကင်မရာရဲ့ အစွမ်းကို ပြီးပြည့်စုံ သွားစေပါတယ်။ သင်ရိုက်လိုသမျှ ပုံ တွေကို အကောင်းဆုံးဖြစ်ဖို့ ဒီကင်မရာက လုံးဝတာဝန်ယူပါတယ်။

## Beats Audio ™

HTC Smartphone ဟာလိုသလို ညှိယူလို့ရတဲ့ Beats Audio ™ နဲ့ပေါင်းစပ်တီထွင်ထားတဲ့ တစ်ခု တည်းသော ဖုန်းဖြစ်ပါတယ်။ အသံကီးအမျိုးမျိုးကို အနိမ့်ဆုံးမှ အမြင့်ဆုံးအထိ ကြည်လင်ပြတ်သားစွာ နားဆင်နိုင်မှာ ဖြစ်ပါတယ်။ အသံသွင်းပညာရှင်တစ်ယောက် အသံသွင်းနေစဉ်ကြားရတဲ့ နဂိုအသံ အတိုင်းကို တောက်လျှောက်နားထောင်နိုင်မှာ ဖြစ်ပါတယ်။

## စွမ်းအားနှစ်ဆရှိတဲ့ Processor ရဲ့ စွမ်းဆောင်မှု

မြန်ဆန်တဲ့ Dyal –Core Processor နဲ့အတူ များများဆန့်တဲ့ RAM (စက်ရဲ့ ခေတ္တယာယီ သိမ်းဆည်းဖို့ နေရာ) ကို အသုံးပြုထားတဲ့အတွက် သင်ခိုင်းစေ သမျှကို လျင်မြန်စွာတုံ့ပြန်နိုင်တဲ့အပြင် ယနေ့ခေတ်ရဲ့ အဆင့်အမြင့်ဆုံး၊ ပေါ်ပြူလာအဖြစ်ဆုံး apps တွေကို တစ်ပြိုင်တည်းအသုံးပြုနိုင်ပါတယ်။

## အလိုလိုကြားခံဆက်သွယ်ပေးသောနည်းစနစ်

Desire X ရဲ့ ပြည့်ဝစုံလင်ပြီး အလိုလို လွယ်ကူစွာသုံးနိုင်တဲ့ ဆော့ဝဲလ်တွေက သင့်ကို အကောင်းဆုံး အတွေ့အကြုံတွေရရှိစေဖို့ စွမ်းဆောင်ပေးပါလိမ့် မယ်။ Lockscreen-to-app ကို သုံးပြီး ဖုန်းကိုသော့ခတ်လို့ ရတဲ့အပြင် ဖုန်းထဲမှာရှိတဲ့ apps တွေကို လဲလိုသလို စိတ်ကြိုက်လော့က်ခ် (Lock) လုပ်ထား လို့ရပါတယ်။ Smart Dial ကို သုံးပြီး လူနာမည်ကိုဖြစ်စေ၊ဖုန်းနံပါတ်ကိုဖြစ်စေ ရိုက်နှိပ်ပြီး ဖုန်းစာအုပ်ထဲက လူတွေကို အလွယ်တကူရှာဖွေနိုင်ပါတယ်။ အကောင်းဆုံးကတော့ တာရှည်အသုံးပြုနိုင်ခြင်းပဲ ဖြစ်ပါတယ်။ နောင်ထွက် ပေါ်လာမယ့် အဆင့်ပိုမြင့်တဲ့ နည်းစနစ်အဂ်ါရပ်တွေကို DesireXမှာဆက်လက် အသုံးပြုနိုင်မှာပါ။

## ပုံစံ

Desire X ရဲ့ ခေတ်ပေါ်လှပတဲ့ အသွင်ပုံသဏ္ဌာန်ဟာ အခုဖော်ပြမယ့် ဖုန်းရဲ့ အသုံးဝင်မှုတွေကို ပိုပြီး ပေါ်လွင်စေပါတယ်။ သေးသွယ်တဲ့ ပုံစံရှိတဲ့အတွက် သင့်ရဲ့လက်ထဲမှာဖြစ်ဖြစ်၊ အိတ်ကပ်ထဲမှာဖြစ်ဖြစ် အလွယ်တကူ သယ်ဆောင်လို့ရတဲ့ အရွယ်အစားပါ။ အံ့မခန်းလှတဲ့ ဘက်ထရီရဲ့ အစွမ်းပကားကြောင့် သင့်ရဲ့များပြားလှတဲ့အလုပ်တွေကို စိတ်ပူပန်မှုမရှိဘဲ အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်မှာပါ။

## တောက်ပတဲ့ အသွင်အပြင်

လေးလက်မအရွယ်ရှိတဲ့ WVGA (ပိုကြီးတဲ့ ဗီဒီယို ရုပ်ထွက်စနစ်) ကို သုံးထားတဲ့ စူပါ LCD မှန်ကို သုံးထား တဲ့အတွက် အရာအားလုံးကို ပီပြင်စွာမြင်နိုင်ပြီး အသုံးပြုရာမှာ ပိုမိုလွယ်ကူစေပါတယ်။ ကောင်းမွန်သော ရုပ်ပုံမြင်ကွင်းတွေနဲ့ အထူးကြည်လင်ပြတ်သားမှုကြောင့်လည်း ဗီဒီယိုနဲ့ဂိမ်းတွေကို အသုံးပြုတဲ့ အခါမှာ တစ်မူထူးခြားတဲ့ ခံစားမှုတွေ ပေးစွမ်းမှာဖြစ်ပါတယ်။

## Dropbox ဆော့ဝဲလ်နဲ့ ပေါင်းစည်းသုံးစွဲခြင်း

*၅မီဂါပစ်ဆာရှိတဲ့ ဓာတ်ပုံပေါင်း (၂၀၀၀၀) သို့မဟုတ် သီချင်းပုဒ်ရေ (၆၀၀၀၀)**( ၁၇ ရက်ဆက်တိုက် နားထောင်နိုင်တဲ့ သီချင်းပုဒ်အရေအတွက်နှင့် ညီမျှသော)၊ စာရွက်စာတမ်းတွေပါ သိမ်းဆည်းထားနိုင်ပြီး၊ အချိန်မရွေး သင့်ရဲ့ဖုန်းမှတစ်ဆင့် လိုသလိုအသုံးချနိုင်ပါတယ်။

## ဖုန်းရဲ့အသေးစိတ်အချက်အလက်များ

| | |
|---|---|
| မော်ဒယ်လ်: | တီ၃၂၈အီး |
| CPU ရဲ့မြန်ဆန်မှုနှုန်း: | ၁ဂီဂါဟာ့ဇ်(1GHz) Dual-Core |
| ဆော့ဒ်ဝဲလ်: | Android ကို အခြေခံထားတဲ့ HTC Sense ဆော့ဒ်ဝဲလ် |
| မမ်မိုရီ: | ၇၆၈မီဂါဘိုက်(MB) ရှိတဲ့ RAM (စက်ရဲ့ခေတ္တယာယီသိမ်းဆည်းဖို့နေရာ) |
| ဖိုင်တွေသိမ်းဆည်းဖို့ နေရာစုစုပေါင်း : | ဖုန်းထဲမှာ ၄ဂျီဘီ*နေရာသိမ်းဆည်းနိုင်ပြီး၊ Dropbox ထဲမှာ ၂၅ဂျီဘီကို ၂နှစ်အလကား အသုံးပြုနိုင်ပါတယ်။ |
| အရွယ်အစား၊အလေးချိန် : | ၁၁၈မီလီမီတာ(အလျား)၊ ၆၂မီလီမီတာ (အနံ)၊၉.၃မီလီမီတာ(အထူ)၊ ၁၁၄ဂရမ်အလေးချိန်(ဘက်ထရီ အပါအဝင်) |
| ဖုန်းရဲ့အသွင်အပြင် : | ၄လက်မအရွယ်ရှိပြီး WVGA (ပိုကြီးတဲ့ ဗီဒီယို ရုပ်ထွက်စနစ်) ကိုသုံးထားတဲ့ မှန်၊ ၄၈၀×၈၀၀ ပစ်ဆာ(အစက်တွေ ပေါင်းစည်းထားတဲ့ ) ရုပ်ထွက်စွမ်းရည်။ |
| အသံ : | Beats Audio ™ ရဲ့ နည်းစနစ် |
| နက်ဝေါ့က်ဒ် : | UMTS Dual Band (၉၀၀/၂၁၀၀ မီဂါဟာ့စ်ဒ်) GSM/GPRS/EDGE Quad-band(၈၅၀/၉၀၀/၁၈၀၀/၁၉၀၀မီဂါဟာ့စ်ဒ် |
| ဆက်သွယ်မှု : | ၃.၅ မီလီမီတာ စတူဒီယိုနားကြပ်နှင့်ဆက်သွယ်ရန်အပေါက် Bluetooth® Wi-Fi®Micro-USB အပေါက် |
| အပို : | MicroSD™ (အသေးစား ဆင်းကာဒ်ထည့်ရန်နေရာ) |
| ကင်မရာ : | ၅မီဂါပစ်ဆာရှိသော ကင်မရာဖြင့် f2.0/၂၈ မီလီမီတာမှန်ပြောင်း BSI and ImageChip LED flash ဖြင့် Auto focus |
| ဘက်ထရီ : | ပြန်လည်အားသွင်းနိုင်သော Li-ion ဘက်ထရီအမျိုးအစား၊ Capacity ၊၁၆၅၀mAh |

# htc Desire One X+

Price: **K 529,000**




## ဖုန်းရဲ့အသေးစိတ်အချက်အလက်များ

| | |
|---|---|
| မော်ဒယ်လ်: | အက်စ်၇၂၈အီး |
| CPU ရဲ့မြန်ဆန်မှုနှုန်း: | ၁.၇ဂီဂါဟာ့စ် Quad-Core |
| ဆော့ဒ်ဝဲလ်: | Android ကို အခြေခံထားတဲ့ HTC Sense ဆော့ဒ်ဝဲလ် |
| ဆင်းကဒ်အမျိုးအစား : | မိုက်ခရို အသေးစားဆင်းကဒ် |
| မမ်မိုရီ: | ၁ဂျီဘီရှိတဲ့ RAM (စက်ရဲ့ခေတ္တယာယီသိမ်းဆည်းဖို့နေရာ) |
| ဖိုင်တွေသိမ်းဆည်းဖို့ နေရာစုစုပေါင်း : | ၆၄ဂျီဘီ*နေရာသိမ်းဆည်းနိုင်ပြီး၊ Dropbox ထဲမှာ ၂၅ဂျီဘီကို ၂နှစ်အလကား အသုံးပြုနိုင်ပါတယ် |
| အရွယ်အစား၊အလေးချိန် : | ၁၃၄.၃၆ မီလီမီတာ(အလျား)၊ ၆၉.၉ မီလီမီတာ (အနံ)၊၈.၉ မီလီမီတာ(အထု)၊ ၁၃၅ဂရမ်အလေးချိန်(ဘက်ထရီ အပါအဝင်) |
| ဖုန်းရဲ့အသွင်အပြင် : | ၄.၇လက်မအရွယ်ရှိပြီး ၇၂၀ ပီHD စူပါ LCD အမှတ် ၂ကို သုံးထားတဲ့မှန်၊ ၁၂၈၀×၇၂၀ ပစ်ဆာ(အစက်တွေပေါင်းစည်းထား)တဲ့ရုပ်ထွက်စွမ်းရည် |
| အသံ : | Beats Audio ရဲ့ နည်းစနစ်နှင့်ပေါင်းစပ်ထားပြီး အသံကို ပိုပြီးကျယ်ကျယ်ကြားရအောင် အထူးပြုလုပ်သော အသံဖွင့်စက် |
| နက်ဝေါ့က်ဒ် : | HSPA/UMTS Quad-Band (၈၅၀/၉၀၀/၁၉၀၀/၂၁၀၀ မီဂါဟာ့စ်ဒ်) GSM/GPRS/EDGE Quad-Band(၈၅၀/၉၀၀/၁၈၀၀/၁၉၀၀ မီဂါဟာ့စ်ဒ်) |
| ဆက်သွယ်မှု : | ၃.၅ မီလီမီတာ စတူဒီယိုနားကြပ်နှင့်ဆက်သွယ်ရန်အပေါက် aptx® ပါဝင်သောBluetooth Wi-Fi® DLNA ® Micro-USB Port NFC) |
| ကင်မရာ : | ၈ မီဂါပစ်ဆာရှိသော ကင်မရာဖြင့် HTC ထုတ်၊ ImageChip f2.0၊ BSI၊ ၂၈ မီလီမီတာမှန်ပြောင်း ။ အလိုအလျောက်ချိန်စနစ်ဖြင့် LED Smart Flash ၁၀၈၀ ပီ HD ဗီဒီယိုဖမ်းစက်၊ ၁.၆ မီဂါပစ်ဆာရှိပြီး f2.2BSI မှန်ပြောင်းကို အသုံးပြုထားသော အရှေ့မျက်နှာစာမှန်ထိပ်မှ ကင်မရာ |
| ဘက်ထရီ : | ဖုန်းနဲ့အတူပါရှိသော ပြန်လည်အားသွင်းနိုင်တဲ့ Li-Polymer ဘက်ထရီအမျိုးအစား |

## သင့်ဘဝ စူပါပါဝါ

HTC One X+ သည် အလျင်မြန်ဆုံးသော နောက်ဆုံးပေါ် ၁.၇ ဂစ်ဂါဟက်(စ်) GHz Quad Core Processor နှင့် စွမ်းအားဖြည့်ထားပါတယ်။ ယခင်ကထက် ပေါ့ပါးသွက်လက်၍ တုံ့ပြန်စွမ်းအားကောင်းသော မိုဘိုင်း အတွေ့အကြုံတို့ကို ခံစားရမှာပါ။ ဒါကြောင့် အရင်က မရနိုင်သော မြန်ဆန်တဲ့နှုန်းနှင့် သင်လိုရာ အချက်အလက် အကြောင်းအရာတို့ကို ကူးယူရှာဖွေနိုင်ပါပြီ။ စွမ်းအားအတွက် HTC One X+ ဘက်ထရီကို စံချိန်အမြန်ဆုံး ပြုလုပ်ထားတဲ့အတွက် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ပါတယ်။ 2100mAh ကို သုံးတဲ့အတွက် တစ်ခါဘက်ထရီသွင်းထားရုံနှင့် တစ်နေကုန် အသုံးပြုနိုင်ပြီး ပုံမှန်ထက် ၃၅% ပိုမိုအသုံးပြုနိုင်ပါတယ်။ ၈၉ ဂစ်ဂါဘိုဒ် (GB) သိုလှောင်နိုင်ခြင်း၊ အကန့်အသတ်မရှိ စွမ်းအား တစ်ပေါင်းတည်း ထည့်သွင်းတည်ဆောက်ထားသော ၆၄ ဂစ်ဂါဘိုဒ် (GB) သိုလှောင်စွမ်းအားဟာ ထုတ်လုပ်မှု စွမ်းရည်ကို မြင့်မားလာအောင် ပြုလုပ်ပေးပြီး အပိုပါဝင်သော ၂၅ ဂစ်ဂါဘိုဒ် (GB) Dropbox ရဲ့ စွမ်းအင်ဟာ အဆုံးအစမဲ့ ဖြစ်နိုင်စွမ်းအားကို ပေးစွမ်းထားပါတယ်။ ဓာတ်ပုံ 30000 (သို့မဟုတ်) သီချင်းအပုဒ်ရေ 15000 (သို့မဟုတ်) 100 နာရီစာရှိသော HD ဗီဒီယိုအခွေတွေအထိ သိမ်းဆည်းထားနိုင်စွမ်း ရှိပါတယ်။

## Beats Audio ရဲ့ အားသာချက် Hi-Fi ရဲ့ စံနှုန်းအသစ်

သင့်အတွက် လိုအပ်နေတဲ့ အရာကတော့ အပြင်းစားတေးသံတွေကို နားသောတဆင်နိုင်ဖို့အတွက် ဆူညံသံတွေကို ၁၀ဆ လျော့ကျသွားအောင် တီထွင်ထားပြီး ထွက်လာတဲ့ အသံလှိုင်းတွေကို အကောင်းဆုံးဖြစ်အောင် ညှိပေးဖို့ပဲဖြစ်ပါတယ်။ အဲလိုဖြစ်အောင် Beats Audio နည်းတွေနဲ့ ပေါင်းစပ်လိုက်ခြင်းဖြင့် စတီဒီယိုမှာ ကိုယ်တိုင်နားဆင်ရတဲ့အလား သီချင်းတွေကို ကောင်းမွန်စွာ နားဆင်နိုင်ပါလိမ့်မယ်။ ဒီထက်ပိုကောင်းချင်လျှင်တော့ Dr Dre က ထုတ်တဲ့ နားကြပ်နဲ့ တွဲသုံးပြီး ပိုထူးခြားတဲ့ အသံတွေကို နားဆင်နိုင်ပါတယ်။

## အံ့ဖွယ်ကင်မရာ

ဓာတ်ပုံပညာရှင်ကို စိတ်အားထက်သန်သူတို့အတွက် ကျွန်ုပ်တို့ရဲ့ မျိုးဆက်သစ် (Image Sense) နည်းပညာဟာ သင့်ရဲ့ရိုက်ချက်တွေကို အကောင်းဆုံးဖြစ်အောင် ဖန်တီးပေးပါလိမ့်မယ်။ ဓာတ်ပုံပညာရဲ့ နယ်ပယ်ကို ဒီထက်ပို၍ ကျယ်ပြန့်စေနိုင်တဲ့ အင်္ဂါရပ်တွေနှင့် ဖွဲ့စည်းထားပါတယ်။ ထိလိုက်ရုံဖြင့် ချိန်ပေးခြင်းနှင့် ရိုက်ကူးပေးခြင်းကို တစ်ချက်တည်းဖြင့် လုပ်ဆောင်ပေးပါလိမ့်မည်။ ချက်ချင်းနီးကြားစေတဲ့ လုပ်ငန်းတာဝန်ကတော့ ပါဝါခလုတ်ကို နှိပ်ရုံဖြင့် ကင်မရာကို စတင်သက်ဝင်လှုပ်ရှားစေပါတယ်။ မှိန်ဖျော့သော အလင်းထဲမှ ရိုက်ကူးချက်တွေကို တောက်ပလင်းလက်လာအောင် ပြုလုပ်ချက် ကျွန်ုပ်တို့ရဲ့ ကျယ်ပြန့်သော F2.0 တွင် ကျဉ်းနိုင်၊ ချဲ့နိုင်သော အလင်းဝင်ပေါက်မှန်ပြောင်းဟာ အခြားသော ဖုန်းမှ ကင်မရာတွေထက် အလင်းကို ၄၄% ပိုပြီး ဝင်စေနိုင်ပါတယ်။ အနောက်ဘက်တွင် ပါရှိသော အလင်းစနစ်သည်အလင်းမညီမျှမှုကို HDR စနစ်ရဲ့အကူအညီမပါဘဲ ပြုပြင်ပေးနိုင်ပါတယ်။ အဆင့်မြင့် HTC ပုံရိပ် Chip ပြားဟာ မလိုအပ်တဲ့အရိပ်တွေကို ဖယ်ရှားပေးခြင်းဖြင့် ကြည်လင်ပြတ်သားတဲ့ ဆေးရောင်စုံသော ပုံများ ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မပြည့်စုံတဲ့အချိန်မှာတောင် ပြည့်စုံကောင်းမွန်သော ပုံရိပ်များကို သင်အလိုရှိသလို ရိုက်ယူနိုင်မှာ ဖြစ်ပါတယ်။

## လစ်ဟာမှုမရှိစေသော လုပ်ဆောင်ချက်၊ရိုက်ချက်

ဇမစ်ဂါပစ်ဆာ (MP) ကင်မရာရဲ့စွမ်းအားကို ၀.၇ စက္ကန့်အတွင်းမှာဖွင့်နိုင်ပြီး တစ်ချက်အဆက်မပြတ်နှိပ်ရုံဖြင့် ဓာတ်ပုံလေးပုံကို တစ်စက္ကန့်အတွင်း ရရှိနိုင်မှာ ဖြစ်ပါတယ်။ မျက်စိတစ်ချက်မှိတ်ထက်ပင် မြန်ဆန်ပြီး (၉၉)ပုံအထိဆက်တိုက် ရိုက်ကူးနိုင်ပါတယ်။ ပြည့်စုံတဲ့အချိန်လေးကို အမိအရ ရိုက်ယူနိုင်ဖို့အတွက် အများကြီးလွယ်ကူအောင် ပြုလုပ်ပေးထားပါတယ်။

## ရှေ့ပြေးအသိဉာဏ်ရှိတဲ့ ကင်မရာ

ရှေ့ဘက်ကင်မရာဟာ အနောက်ဘက်ရဲ့ အလင်းရောင်ကို ထည့်သွင်းစဉ်းစားထားတဲ့အတွက် ပုံထွက်အားကောင်းဖို့အတွက် (၃၀) ရာခိုင်နှုန်း ပို၍အလင်းကို တုံ့ပြန်လွယ်ပါတယ်။ Portrait Mode က အလိုအလျောက် လူတို့ရဲ့မျက်နှာများကို ရှာဖွေနိုင်ပြီး အသားရောင်နှင့်မျက်လုံးကို ပိုမိုကောင်းစေပါတယ်။ အချိန်တိုင်းစက်ဖြင့် ရေတွက်၍ တစ်နေရာရာကို ထိလိုက်လျှင် ပြတင်းကာ (Shutter) ဖွင့်လှစ်၍ သင့်ရဲ့ အကောင်းဆုံးပုံနှင့် အုပ်စုလိုက်ပုံတို့ကို လွယ်ကူစွာရိုက်ကူးနိုင်ပါပြီ။

## ဝယ်ယူရရှိနိုင်သော HTC Concept Store များ

KMD
၁၇၄-၁၈၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- ၃၈၅ ၁၇၇၊ ၂၄၅ ၁၈၀

စံမြန်မာ
မြန်မာကွန်ပျူတာစနစ်
၂၆ လမ်း၊ ၈၂ လမ်း နှင့် ၈၃ လမ်းကြား ၊
မန္တလေးမြို့။
ဖုန်း- ၆၀၈ ၈၀

KMD (mdy) မကြာမီ Concept Store ဖွင့်လှစ်ရန်ရှိ ၇၇ လမ်း၊ ၂၇ x၂၈ လမ်းကြား ၊ မန္တလေးမြို့၊ ဖုန်း- ၀၂ - ၆၀၃ ၆၀

အိုင်စီတီ ဂျာနယ်
Volume 2, Issue 3
MYANMAR ICT JOURNAL

## Game Review





# pid

Awng Li Maran

ဒီအပတ် Game Review ကဏ္ဍအတွက် အောက်တိုဘာ ၃၁ ၂၀၁၂ မှာ Might and Delight (www.mightanddelight.com) ကနေ ဖြန့်ချိခဲ့တဲ့ MSRP (Entertainment Software Rating Board) ရဲ့ E10+ (Everyone 10 and older) အမျိုးအစား ဖြစ်ပြီး 2012 မှာ European Innovative Game Award (www.innovative-games.eu) ကို လျာထားခြင်း ခံခဲ့ရတဲ့ Pid ဆိုတဲ့ Game ကို မိတ်ဆက်ပေးလိုက်ပါတယ်။

Pid Game ဟာ ဖန်တီးမှု စွမ်းအားကောင်းကောင်း ပုံစံဆန်းသစ်မှု ကောင်းကောင်းတွေနဲ့ retro-flavored platforming ဖြစ်ပြီး စွန့်စားခန်း ဒီဇိုင်းတွေကို လှုတိုင်းနဲ့ ရင်းနှီးပြီးသားဖြစ်တဲ့ 2D ကစားပုံကစားနည်း အပေါ်အောက်၊ အောက်အပေါ် သွားပုံသွားနည်းအတိုင်း ဖြစ်ပါတယ်။ ဆော့ဖြစ်မယ်ဆိုရင် အဓိကဇာတ်ကောင်ဖြစ်တဲ့ Kurt ဆိုတဲ့ ကောင်လေး နေရာကနေ ဝင်ရောက်ဆော့ရမှာ ဖြစ်ပါတယ်။ Kurt ဆိုတဲ့ ကောင်လေးဟာ ဂေးလုံခေါင်းပါးတဲ့ တစ်ခြားဂြိုလ်မှာ သောင်တင်နေပြီး အိမ်ပြန်ဖို့ ကြိုးစားနေတာ ဖြစ်ပါတယ်။

သူ့ရဲ့ အိမ်ပြန်လမ်းမှာ များပြားလှတဲ့ မြို့များ၊ ရဲတိုက်များ ပဟေဠိဆန်တဲ့ ထပ်ခိုးအဆင့်ဆင့်များ၊ လေဟာနယ်ထဲက အခန်းများ၊ အိပ်မက်ဆန်တဲ့ အခန်းများ၊ ကြောက်စရာကောင်းတဲ့ ကမ္ဘာကြီးတစ်ခုလို ဆီးကြိုနေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် Kurt ရဲ့ အဓိက ရန်သူ (တိုက်ခိုက်ရမဲ့သူ) များ ဖြစ်ကြတဲ့ ပုံစံအမျိုးမျိုး အသွင်သွင်ဆောင်တဲ့ စက်ရုပ်တွေက သူ့ရဲ့အိမ်ပြန်လမ်းကို တားဆီးကြမှာ ဖြစ်ပါတယ်။

ဒါ့အပြင် Kurt နဲ့ မဟာမိတ်ဖွဲ့ဖို့ အလားအလာ မရှိတဲ့ လျှို့ဝှက်အဖွဲ့အစည်းအကြီးကြီးကလည်း ရှိပါသေးတယ်။ သူတို့ဟာဆိုရင်လည်း Kurt ရဲ့ ရောက်ရှိတဲ့ အိမ်ပြန်လမ်းတိုင်းမှာ နည်းလမ်းပေါင်းစုံနဲ့ ညှို့ယူဖမ်းစား တားဆီးမှာ ဖြစ်ပါတယ်။

Pid ဟာ co-op mode (Cooperative gameplay) နည်းနဲ့ Player နှစ်ယောက် အတူတူ စွန့်စားခန်းများ ဉာဏ်စမ်း လှည့်ကွက်များကို လုံခြုံ လွယ်ကူစွာ Level များကို ကျော်နိုင် ကစားနိုင်၊ ကူညီနိုင်ကြမှာ ဖြစ်ပါတယ်။ နှစ်ဦးလုံးဟာ တစ်ဦးနဲ့ တစ်ဦး ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဖြစ်နေပါလိမ့်မယ်။ အကယ်၍ Player နှစ်ယောက် အတူတူ ကစားဖြစ်တယ်ဆိုရင် တစ်ဦးတစ်ယောက်တည်း ကစားတာထက် ပိုအဆင်ပြေမှာဖြစ်ပြီး Game အခန်းတိုင်း အခန်းတိုင်းကို လွယ်ကူစွာ အောင်မြင်နိုင်မှာ ဖြစ်ပြီး အရှေ့မှာ ပိုစိတ်ဝင်စားစရာကောင်းတဲ့ အခန်းတွေက ဆီးကြိုနေပါလိမ့်မယ်။

Pid Game ရဲ့ နောက်ခံ တေးဂီတဟာဆိုရင်လည်း Game အခန်းတိုင်းဆီမှာ သူ့အခန်းနဲ့သူ လိုက်ဖက်တဲ့ ဂီတကို ဖန်တီးထားတာတွေ့ရပြီး Player ဟာ ကစားနေရင်း Level တွေတက်ဖို့ တစ်စိတ်တစ်ဒေသအထိ ပံ့ပိုးနိုင်တယ်လို့ ဆိုထားပါတယ်။

Pid Game ဂီတကို Retro Family (www.youtube.com/user/TheRetroFamily)လို့ ခေါ်တဲ့ Game တွေ၊ ရုပ်ရှင်တွေအတွက် အလေးပေး ရေးစပ် သီးကုံးပေးတဲ့ အဖွဲ့က ရေးစပ်ထားတယ်လို့ ဆိုပါတယ်။

ဒီ Game ကို Xbox, PC နဲ့ Mac မှာ ဆော့နိုင်မှာဖြစ်ပြီး၊ PlayStation အတွက်တော့ အနည်းငယ်ကြာမှ ဖြန့်ချိမယ်လို့ သိရပါတယ်။ Pid Game အကြောင်းကို ပိုမို သိလိုတယ်ဆိုရင်တော့ (www.pidgame.com) မှာ အသေးစိတ် ဝင်ရောက်ဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။



# Facebookမှာ အခမဲ့ စကားပြောနိုင်ပြီ




Social Networking ကမ္ဘာမှာ ထိပ်တန်းမှ ဦးဆောင်နေတဲ့ ဧရာမကြီး Facebookဟာ မြန်မာပြည်လို ဖွံ့ဖြိုးဆဲနိုင်ငံမှ အင်တာနက် အသုံးပြုသူများရဲ့ ချစ်မြတ်နိုးမှုကို တစ်နေ့ထက် တစ်နေ့ ပိုမို ရရှိနေသလို၊ ကမ္ဘာတစ်ဝှမ်းလုံးမှ ဖေ့စ်ဘွတ် ပရိသတ်ကြီးအတွက်လည်း မရိုးနိုင်တဲ့ Features ပေါင်းများစွာကို တီထွင် မိတ်ဆက်ပေးလျက် ရှိပါတယ်။ ရှေ့အပတ် အင်္ဂါနေ့ကတင် Smart Search Engine လို့ ခေါ်တဲ့ Graph Search ကို မိတ်ဆက်ပေးပြီး ဖေ့စ်ဘွတ် အသုံးပြုသူများရဲ့ သူငယ်ချင်း အချင်းချင်း မျှဝေထားတဲ့ သတင်းအချက်အလက်များကို ပိုမို လွယ်ကူစွာ ရှာဖွေနိုင်အောင် စီစဉ်ပေးခဲ့ပါတယ်။

ပြောင်းလဲမှု မြန်ဆန်လွန်းတဲ့ နည်းပညာ ခေတ်ကြီးမှာ ဖေ့စ်ဘွတ်ကလည်း အရှိန်အဟုန်ပြင်းစွာဖြင့် ရက်ပိုင်းအတွင်းမှာတင် နာမည်ကျော် Skypeလိုမျိုး ကွန်ပျူတာ အသုံးပြုသူ အချင်းချင်း အခမဲ့ စကားပြောလို့ ရအောင် ဖန်တီးပေးခဲ့ပြန်ပါတယ်။

သို့ပေမယ့် Skype လိုမျိုး စမတ်ဖုန်းမှ ကွန်ပျူတာသို့ ခေါ်ဆိုလို့ မရသေးဘူးလို့ ဆိုပါတယ်။ လက်တလော မိတ်ဆက်ပေးလိုက်တဲ့ အခမဲ့ စကားပြောနိုင်တဲ့ Feature လေးဟာ Apple မှ ထုတ်လုပ်တဲ့ iPhone အတွက် ဖြစ်ပြီး Android ပလက်ဖောင်းနှင့် ကွန်ပျူတာစက်များမှာ အသုံးပြုလို့ ရသွားအောင်လည်း ကြိုးစားနေတယ်လို့ ဆိုပါတယ်။

iPhone ပိုင်ရှင်များအနေနှင့် ဒီ feature လေးကို အသုံးပြုချင်တယ်ဆိုရင်တော့ Facebook Messenger appလေးကို iTunes storeမှာ ဒေါင်းလုပ်ဒ် ရယူရမှာ ဖြစ်ပါတယ်။ ရှိပြီးသူများကတော့ သာမန်ရိုးကျ စာရိုက်ပြီး chatting လုပ်သလိုမျိုး စကားဝိုင်း တစ်ခုကို စလိုက်ပြီး ညာဘက်အပေါ်ထောင့်က "i" ဆိုတဲ့ icon လေးကို နှိပ်လိုက်ပြီးတာနဲ့ ပေါ်လာမည့် Free Callကို ရွေးလိုက်မယ်ဆိုရင်တော့ ဖေ့စ်ဘွတ်ပေါ်မှာ စကားပြောနိုင်ပြီ ဖြစ်ပါတယ်။

လက်ရှိအနေနဲ့ကတော့ iPhone အသုံးပြုသူများအတွက်သာ ဖြစ်ပြီး Facebook အသုံးပြုသူများကိုသာ ခေါ်ဆိုလို့ ရပါတယ်။ ထို့ကြောင့် ဆန္ဒစောပြီး Skypeကို မဖျက်သင့်သေးပါဘူး။ ဘာကြောင့်လဲဆိုတော့ Skype လိုမျိုး အိမ်ဖုန်း၊ ရုံးဖုန်းတွေကို ခေါ်တဲ့ features တွေ မပါလာသေးသည့်အပြင် လက်ရှိမှာ အမေရိကန်နိုင်ငံမှ ဖေ့စ်ဘွတ် သုံးစွဲသူများသာ အသုံးပြုနိုင်သေးတယ်လို့ ဆိုထားသည့် အတွက်ကြောင့်ပါပဲ။

# Movie: **Liberal Arts**

Genre: Drama



How I Met Your Mother တီဗီ စီးရီး ကြည့်ဖူးကြသူတိုင်း မှတ်မိမဲ့ Josh Radnor ကိုယ်တိုင် ဒါရိုက်တာလုပ်၊ ဇာတ်ညွှန်းရေး၊ သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်လေး ဖြစ်ပါတယ်။

ဒီ ဇာတ်ကားလေးမှာတော့ Josh ဟာ ၃၉ နှစ် အရွယ်ရှိတဲ့ ကောလိပ် စီမံဌာနမှာ တာဝန်ရှိသူ တစ်ယောက်အနေနဲ့ New York မြို့ကြီးမှာ နေထိုင်ပါတယ်။ တစ်နေ့ သူ ကျောင်းပြီးခဲ့တဲ့ တက္ကသိုလ်မှ သူ့ရဲ့ အကြိုက်ဆုံး ပရော်ဖက်ဆာမှ ပင်စင်ယူခါနီး ခင်းကျင်းပေးတဲ့ ညစာစားပွဲကို တက်ရောက်ဖို့ ဖိတ်ကြားခြင်း ခံရပြီးတဲ့နောက် ဆိုပြီး ဇာတ်လမ်းကို စထားပါတယ်။

စာပေတွေနဲ့ အမြဲ နစ်မျောနေတဲ့ Josh ဟာ မြို့ပြရဲ့ ပျဉ်းရိဖို့ ကောင်းတဲ့ အလုပ်အကိုင်တွေကို ခေတ္တ ပစ်ပြီး မြက်ခင်းတွေနဲ့ စိမ်းစို လှပတဲ့ ငယ်စဉ်ဘဝက ကျောင်းတော်ကြီးကို ပြန်ရောက်ရှိတဲ့အချိန်မှာတော့ သူ့ငယ်ဘဝ ဖြစ်စဉ်များ ပြန်လည် အသက်ဝင်လာပုံကို စိတ်ဝင်စားဖွယ် တင်ဆက်ထားတဲ့ ဇာတ်ကားလေး ဖြစ်ပါတယ်။

ဇာတ်ရှိန်ကို မြှင့်တင်ပေးသည်ကတော့ Elizabethဆိုတဲ့ Joshထက် ၁၆ နှစ် ငယ်တဲ့ ကျောင်းသူလေးရဲ့ ချစ်ခြင်းကို သိရှိပြီးနောက် Josh အနေနှင့် မည်သို့ မည်ပုံ တင်ဆက်ပေးထားသည်များကို ရသစုံလင်စွာ ကြည့်ရှုရမည့် ဇာတ်ကားလေးဖြစ်ကြောင်း မျှဝေလိုက်ပါတယ်။

New Games



## Karateka

Genre - Action, Fighting

Karateka ဟာ ယခင် 2D Platforming နှင့် Beat'em Up ဂိမ်းဖြစ်သော Karateka ကို 3D Characters များဖြင့် ပြန်လည် အသက်သွင်းထားပြီး ရန်သူများနှင့် တစ်ယောက်ချင်း တိုက်ခိုက်ရသည့် အခန်းများကို ဦးစားပေးထားကာ မတူညီသော ဇာတ်ကောင် သုံးယောက်နေရာမှ ဝင်ရောက် ကစားနိုင်မည် ဖြစ်ပါတယ်။



## Party of Sin

Genre - Action, Platforming

Party of Sin ဟာ Metal Slug နှင့် Shank ကဲ့သို့ 2D Side Scrolling ဂိမ်းပရိသတ်များ အကြိုက်တွေ့မည့် Action Platforming ဂိမ်းသစ်ဖြစ်ပါတယ်။ 7 Sins ကို အခြေခံထားတဲ့ မတူညီသော ဇာတ်ကောင် (၇)ယောက်နေရာမှ ဝင်ရောက်ကစားရမှာဖြစ်ပြီး တစ်ယောက်ချင်းဆီမှာ သီးသန့် အထူးစွမ်းအင်တွေ အသုံးပြုနိုင်မှာပါ။



## Metal Gear Solid - Twin Snakes

Genre - Stealth, Action

Play Station 1 Classic ဖြစ်သော Metal Gear Solid ၏ Remake Version ဖြစ်သည့် Metal Gear Solid: The Twin Snakes ဂိမ်းဖြစ်ပြီး Graphics ပိုင်းနှင့် Computer A.I ပိုင်းများ မြှင့်တင်ထားရုံသာမက ရန်သူများကို ပစ်ခတ်ရာတွင် First Person Viewpoint မှနေ၍ တိုက်ခိုက်နိုင်မှာ ဖြစ်ပါတယ်။



## Deardrops

Genre - JRPG

ဇာတ်လမ်းဖတ်ပြီး ရွေးချယ်မှုများ ကိုယ်တိုင်ပြုလုပ်ရတဲ့ Visual Game ဂိမ်းအမျိုးအစား ဖြစ်ပါတယ်။ ကစားသူဟာ Violinist ဂီတပညာရှင် တစ်ယောက်နေရာက ဝင်ရောက် ကိုင်တွယ်ရမှာဖြစ်ပြီး အခြားဂီတပုံစံမျိုးစုံ ဖန်တီးသူများနှင့် ဆုံတွေ့ရမည့် English Language Visual Novel ဂိမ်းဖြစ်ပါတယ်။

RECOMMENDED STORE: Game Hive Video Game Sales & Service, Contact: 09 7311 8550, 09 541 7272

အိုင်စီတီ ဂျာနယ်
Volume 2, Issue 3
MYANMAR ICT JOURNAL

## Animation Review



# Batman: The Dark Knight Returns

(Part 1 & Part 2)

Genre – Superhero, Action
Studio – Warner Bros. Animation, DC Entertainment
Score – 4.5 out of 5

နေအောင်လတ်

Animated Movie ရုပ်ရှင်ဇာတ်ကားသစ် နှစ်ကားဖြစ်တဲ့ Batman: The Dark Knight Returns Part 1 နှင့် Part 2 တို့ဟာ ၁၉၈၆ ခုနှစ်မှာ ထွက်ရှိခဲ့တဲ့ စာရေးဆရာ Frank Mille ရဲ့ The Dark Knight Returns, The Dark Knight Triumphant, Hunt The Dark Knight နှင့် The Dark Knight Falls အမည်ရ Comic Book လေးအုပ်ကို မှီငြမ်းပြီး Batman: The Dark Knight Returns ရုပ်ရှင်နှစ်ကားအဖြစ် ရေးဆွဲထားခြင်းဖြစ်ကာ ၂၀၁၁ ခုနှစ်မှာ ထွက်ရှိခဲ့တဲ့ Frank Miller ရဲ့ Comic Book ဇာတ်လမ်းကိုပဲ မှီငြမ်းထားသော Batman: Year One ၏ အဆက်ဖြစ်ပါတယ်။ Frank Miller ရဲ့ The Dark Knight Returns ဟာ Batman ပရိသတ်များကြားမှာ လူကြိုက်အများဆုံး ဇာတ်လမ်းတစ်ခုဖြစ်သလို Director Christopher Nolan ရဲ့ The Dark Knight Trilogy ရုပ်ရှင်ဇာတ်ကားတွေမှာလည်း The Dark Knight Returns ဇာတ်လမ်းမှ အဖြစ်အပျက် အချို့နှင့် Dialogue များကို အနည်းငယ် မှီငြမ်းထားတာ တွေ့ရမှာပါ။ လူသားသရုပ်ဆောင်တွေနှင့် ရိုက်ကူးတဲ့ Batman Live Action ရုပ်ရှင် အားလုံးနီးပါးကတော့ Comic Book ဇာတ်လမ်း အပြည့်တစ်ခုလုံးကို ယူမသုံးထားဘဲ သီးသန့်ဇာတ်လမ်းပုံစံဖြင့် တင်ဆက်ထားလေ့ ရှိပေမည့် The Dark Knight Returns ရုပ်ရှင်နှစ်ကားကတော့ Frank Miller ရဲ့ DKR Comic Book အစအဆုံးကို တိုက်ရိုက် မှီငြမ်းထားခြင်း ဖြစ်ပါတယ်။

Batman: The Dark Knight Returns ဇာတ်လမ်းဟာ အနာဂတ်အချိန် ကမ္ဘာပေါ်မှာ Superhero တွေ မရှိသလောက်ဖြစ်နေတဲ့အချိန်မှာ နေရာယူထားပြီး ဒုစရိုက်သမားနှင့် အကြမ်းဖက်မှုတွေ ပေါ်များနေတဲ့ Gotham မြို့မှာ နေရာယူထားပါတယ်။ အခြားကမ္ဘာမှ Superhero အများစုလည်း ကမ္ဘာမြေမှာ မရှိတော့သလို Superman ဟာလည်း American အစိုးရရဲ့ စေခိုင်းမှုကြောင့် American နှင့် Russia နိုင်ငံကြားရှိ တိုက်ပွဲများမှာ ဝင်ရောက်တိုက်ခိုက်နေချိန်ပါ။ အသက် (၅၅) နှစ်ရှိပြီဖြစ်တဲ့ Bruce Wayne ကတော့ သူ့ရဲ့တွဲဖက်ဖြစ်တဲ့ ဒုတိယမြောက် Robin ဖြစ်သူ၊ Jason Todd သေဆုံးပြီးတဲ့နောက်မှာတော့ Batman အဖြစ်မှ နှစ်ပေါင်းများစွာ အနားယူနေပြီး ဖြစ်ပေမည့် Mutant Gang အမည်ရ Gotham တစ်မြို့လုံးအား အပိုင်ဆီးရန် ကြံစည်နေတဲ့ လူဆိုးဂိုဏ်းနှင့် အချုပ်သက်တမ်းပြည့်ပြီး အာမခံချက်ဖြင့် Arkham Asylum အကျဉ်းထောင်မှ လွတ်မြောက်လာသူ Two Face/ Harvey Dent တို့ကြောင့် Bruce Wayne အနေဖြင့် Batman အသွင်ပြောင်းကာ ရန်သူများကို ပြန်လည်တိုက်ခိုက်ပုံဖြင့် The Dark Knight Returns Part 1 ကို ဇာတ်လမ်းဆင်ထားပါတယ်။ The Dark Knight Returns Part 2 မှာတော့ Part 1 မှာ မပါဝင်သေးတဲ့ Batman ရဲ့ရန်သူတော် The Joker ပါဝင်လာမှာဖြစ်သလို Batman နှင့် Superman တို့၏ တိုက်ပွဲများကိုလည်း မြင်တွေ့ရမှာ ဖြစ်ပါတယ်။

The Dark Knight Returns ရဲ့ အဓိက ထူးခြားချက်ကတော့ အနာဂတ်မှာ နေရာယူထားတဲ့အတိုင်း ပရိသတ် ရင်းနှီးပြီးသား Bruce Wayne (Batman)၊ Selena Kyle (Cat Woman) နှင့် Jim Gordon အစရှိတဲ့ ဇာတ်ကောင်တွေကို အသက် (၅၀) ကျော် လူကြီးများအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။ Mutant Gang လက်မှ Batman ၏ ကယ်တင်ခြင်းခံထားရတဲ့ ကောင်မလေးတစ်ယောက်ဖြစ်တဲ့ Carrie Kelley ကို Batman ၏ တွဲဖက် Robin အဖြစ် မြင်တွေ့ရမှာပါ။ The Dark Knight Returns မှာ Batman ဟာ အသက်ကြီးပြီး အရင်လောက် အားစိုက်ပြီး မတိုက်ခိုက်နိုင်တော့တဲ့အတွက် လက်နက်မျိုးစုံ၊ ယာဉ်မျိုးစုံကို ဦးစားပေးအသုံးပြုတာ မြင်ရပေမယ့် Batman ရဲ့ Hand to Hand Combat တိုက်ခိုက်မှုတွေကိုလည်း မြင်တွေ့ရမှာပါ။ Animation Quality အနေနှင့်လှုပ်ရှားမှု Movement ပိုင်း အလွန်ကောင်းမွန်တာ တွေ့ရပါတယ်။ ထူးခြားတဲ့ စွမ်းအင်တွေ အသုံးပြုတဲ့ ရန်သူတွေ မပါဝင်ဘဲ သဘာဝကျပြီး ရက်စက်တဲ့ Villain ဇာတ်ကောင်တွေ ပါဝင်သလို ဇာတ်လမ်းပိုင်းနှင့် တင်ဆက်ပုံ အထူးကောင်းမွန်တဲ့အတွက် Batman ပရိသတ်များရော၊ ဇာတ်လမ်းကောင်းနှစ်သက်တဲ့ Action ပရိသတ်အားလုံးပါ သဘောကျမှာ ဖြစ်ပါတယ်။











သင် ရောင်း/ဝယ် လိုသော ပစ္စည်းများကို ဤစာမျက်နှာတွင် အခမဲ့ ဖော်ပြနိုင်ရန် classified@myanmarict.comသို့ email ပေးပို့လိုက်ပါ။

# FREE CLASSIFIEDS

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | Apple Iphone, Samung, HTC, LG, Sony, Huawei, Nokia, Ipad, Ipod, Iphone |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Notebook, Macbook Pro, Macbook Air Laptop, Netbook All kind of Tablet & Sony PSP External Hardisk |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 01-376-420 |
| Condition | Used |
| Description | Laptop, Notebook, Netbook,MacbookPro, Macbook Air, all kind of Tablet, External Hardisk |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Ipad Mini, Ipod Touch 4G/5G |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung, Sony Xperia All Series, HTC, Nokia, Apple Iphone 2g/3g/4g/4s/5 Ipad 1.2.3.4. |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung Galaxy Tablet , All Kind of China Tablet |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-51-78-391 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | Huawei U8950D (GSM / WCDMA) |
| Quantity | 1 |
| Price | K 110,000 |
| Condition | Used |
| Description | Samsung Galaxy S Plus ( Memory 8GB Original Charger ) |
| Quantity | 1 |
| Price | K 120,000 |
| Condition | Used |
| Description | GSM Handset Samsung Galaxy S Plus black color ( 16GB Memory With Original Charger Price ) |
| Quantity | 1 |
| Price | K 130,000 |
| Contact | 09-730-48-106 |
| Condition | Used |
| Description | Chest Freezer(brand - Glacier, width - 2' 9", height - 4' ) |
| Quantity | 1 |
| Price | K 250,000 |
| Condition | Used |
| Description | Chest Freezer(brand - Super Cool, width - 2' 8.5", height - 3' 4" ) |
| Quantity | 1 |
| Price | K 200,000 |
| Contact | 01-430013, 01-553981 |
| Condition | Used |
| Description | Tablet PC( CPU 1Ghz, HD support, wifi , bluetooth, HDMI, 8GB ,Installed application and myanmar font ) |
| Quantity | 1 |
| Price | K 190,000 |
| Contact | 09-508-4799 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။

| | |
|---|---|
| Condition | Used |
| Description | Used iPhone 3GS/4G/4S/5, iPad 1/2/3/4/Mini (Wifi Only & Wifi +3G), iPod Touch 4G/5G |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | External Hard disk, All Kind of China 3G Tablet & Portable Video Camera and DVCam |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung S Plus, S2, S3, Galaxy Note, Note2, SonyEricsson, HTC, Huawei, Nokia |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Desktop, Laptop, Notebook, NetBook, Ultrabooks, Mac Book Pro, Mac Air, iMac, Mac Mini, Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-730-48-106 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။
အလဲထပ် လုပ်ပေးသည်။

| | |
|---|---|
| Condition | Used |
| Description | Mac Book Pro / Mac Air / iMac / Mac Mini / Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450-039-844 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။
အလဲထပ် လုပ်ပေးသည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 2G/3G/3GS/ 4G/4S/5, iPad 1/2/3/4/Mini Wifi Only & Wifi +3G, iPod Touch 4G/5G |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Used Samsung / SonyEricsson / HTC / Huawei / Nokia |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Used Desktop PC / All in one PC / Notebook / NetBook |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Used Mac Book Pro / Mac Air / iMac / Mac Mini / Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung / SonyEricsson / HTC / Huawei / Nokia / Desktop PC / All in one PC / Notebook / NetBook |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Used Mac Book Pro / Mac Air / iMac / Mac Mini / Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450-039-844 |

အိုင်စီတီ ဂျာနယ် MYANMAR ICT JOURNAL
Volume 2, Issue 3

# သင့်စာအုပ်တွေကော ဘယ်လိုမျိုး ထားသလဲ

မနော်ဖြူလေး






အရာအားလုံး မပိုင်ဆိုင်နိုင်ပေမယ့် ကျွန်မ ပိုင်ဆိုင်တာတစ်ခုကို ပြောပါဆိုရင်တော့ ကျွန်မ မြတ်နိုးတဲ့ စာအုပ်တွေပဲ ဖြစ်ပါတယ်။ ကျွန်မကို ဘာလိုအပ်နေလဲ မေးရင်လည်း လိုချင်တာကတော့ စာအုပ်တွေပါပဲလို့ ပြောမိမှာ အမှန်ဖြစ်ပါတယ်။ စာအုပ်တွေလေ။ ပြန့်လို့ ကျဲလို့။ ဖုန်တွေလည်း တက်။ ပင့်ကူမြွေးတွေလည်း ငြိလို့။ ဒါတောင် လျှော့အိတ်နဲ့ ထည့်ထားတဲ့ စာအုပ်တွေက တစ်ပုံတစ်ပင်။ ခဏခဏ ဖတ်ဖြစ်တဲ့ စာအုပ်တွေကတော့ ခေါင်းအုံးနားနဲ့ စားပွဲခုံပေါ်မှာ လှန်တချို့ မှောက်တချို့။ အသစ်လက်ဆောင်ရထားတဲ့ စာအုပ်တွေကတော့ စားပွဲပေါ် တချို့၊ အိတ်ထဲက မထုတ်ရသေးတာ တချို့။ စာအုပ်စင်လေး တစ်ခုလုပ်မယ်လို့ စိတ်ကူးထားပေမယ့် အခုထိ အကောင်အထည် မဖော် နိုင်သေး။

စာအုပ်ထူထူကြီးတွေဟာ ရေးရသူအဖို့ အတော် ဒုက္ခများခဲ့ပေလိမ့်မယ်။ အထူးသဖြင့် အဲဒီစာအုပ်အထူကြီးတွေဟာ အတော်ကို သပ်သပ်ရပ်ရပ် ရှိလှပါပေတယ်။ ဒါပေမယ့် သူတို့ကို အပျင်းပြေ အိပ်ရာထဲမှာ ပက်လက်လှန်ပြီး ဖတ်ဖို့ဆိုတာ အတော် မဖြစ်နိုင်တဲ့အရာပါပဲ။ ဒီတော့ စိတ်ပင်စားပြီး အချိန်ပေးနိုင်မှသာ ဖတ်ဖြစ်ပါတယ်။ ဥပမာ မြန်မာဝတ္ထုတို အညွန်းလို စာအုပ်ကြီးလိုမျိုးတွေပေါ့။ ဘယ်စာအုပ်ဖြစ်ဖြစ် ဗဟုသုတတွေ ဒုနဲ့ဒေးဆိုတော့လည်း သူတို့ကို ကိုင်ဖြစ်တဲ့ အချိန်ကလည်း ဗဟုသုတလိုလားချိန်ဖြစ်လို့သာ နေတော့တယ်။ ကျွန်မကလည်း စာအုပ်စင် မလုပ်နိုင်သေးတော့ စားပွဲ အကြမ်းရိုက်ထားတဲ့ ၃ ဆင့် စားပွဲပေါ်မှာ သူ့နေရာနဲ့သူ နေရာယူ နေတတ်တာကတော့ အသေအချာပါ။ သူတို့ကို ဖတ်ဖြစ်သည် ဖြစ်စေ၊ မဖတ်ဖြစ်သည် ဖြစ်စေ အခါအားလျော်စွာ ဖုန်သုတ် ပေးရတတ်တာမျိုး၊ အဖုံးဘာညာ စုတ်ပြဲနေတဲ့ အခါ ပြုပြင် ထိန်းသိမ်း ပေးရတတ်တာမျိုးတွေဟာ သူတို့ရဲ့ အကျိုးပေးတစ်ခုပါပဲ။ တစ်ခါတလေ လိုချင်တဲ့အခါ ဖတ်ဖို့ စာအုပ်ပြန်ရှာရတာကလည်း အမြဲလိုလိုပင် ဖြစ်ပါတယ်။ ဒါကြောင့် စာအုပ်ဈေးကြီးလာပြီး နောက်ပိုင်း သိပ်မဂယ်ဖြစ်တော့တာလည်း ပါတယ်။ များသောအားဖြင့် လက်ဆောင်ရတဲ့ စာအုပ်တွေသာ များလို့နေပါတော့တယ်။ ကျွန်မကလည်း စာအုပ်သရဲဆိုတော့ ကံကောင်းချင်တော့လည်း ကျွန်မရဲ့ အကျင့်စရိုက်ကိုသိတဲ့ စာအုပ် လက်ဆောင်ပေးမယ့်သူတွေနဲ့ပဲ တွေ့ကြုံရတာ အလွန်တစ်ရာမှ တန်ဖိုးမဖြတ်နိုင်ပါဘူး။ တချို့ စာအုပ်တွေကျတော့ နိဒါန်းကနေ နိဂုံးအထိ ပြည့်ပြည့်စုံစုံ ရှိနေနိုင်တဲ့ စာအုပ်မျိုးတွေ ဖြစ်လို့ နေတတ်ပါတယ်။ အဲဒီစာအုပ်တွေထဲမှာ မိခင်ဘာသာစကားနဲ့ မဟုတ်ဘဲ၊ ဒုတိယဘာသာစကားတစ်ခု ယေဘုယျအားဖြင့် အင်္ဂလိပ်လို ရေးထားတဲ့ စာအုပ်တွေလည်း အတော်အတန် ပါနေတတ်ပါတယ်။ သူတို့ဟာ ပိုင်ဆိုင်သူကို အတော်အတန် ဂုဏ်တက်စေတဲ့ အရာတွေလည်း ဖြစ်ပါတယ်။ သူ့နယ်ပယ်နဲ့ သူ အနှစ်သာရအားဖြင့် လည်းကောင်း၊ ပညာအရာအားဖြင့် လည်းကောင်း ရှိလှပေတယ်လို့လည်း ဆိုင်ရာတွေက ချီးကျူးပြောဆိုပြီးသား စာအုပ်တွေ ဖြစ်လို့ နေတတ်ပါတယ်။ သို့သော်လည်း သူတို့ဟာ အခါအားလျော်စွာ မဖတ်ဖြစ်ဘဲ အထားခံရလေ့ရှိတဲ့ စာအုပ်များ ဖြစ်လို့ နေပြန်ပါတယ်။ အများအားဖြင့်က လိုအပ်မှကိုင်တွယ် ဖတ်ရှုတာလေးတွေပဲ လုပ်ဖြစ်တာများပါတယ်။ ဒါကြောင့်လည်း ကျွန်မက အင်္ဂလိပ်စာ အားနည်းတဲ့ အခြေအနေကို ရောက်ရှိနေတာ များလားလို့လည်း တွေးနေမိပြန် ပါတယ်။ မိမိနဲ့ မသင့်လျော်သော အရပ်ကို အရောက်ဆုံးစာအုပ်တွေ စာရင်းမှာ သူတို့ဟာ အမြဲတမ်း ထိပ်ဆုံးက နေရာယူထားတတ်ကြပါတယ်။ တတ်နိုင်သူတွေနဲ့ သပ်ရပ်စွာ ကိုင်တွယ်တတ်သူတို့ဆီမှာ တောက်ပြောင်စွာ နေရာယူနေတတ်တာလည်း သူတို့ပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ်လေ ဒီစာအုပ် ထူကြီးတွေဟာ ရှိမှဖြစ်မယ်ဆိုတာထက် ရှိရင်မဆိုးဘူးပေါ့လို့ ယူဆခံထားရတဲ့ စာအုပ်အမျိုးအစား စာရင်းမှာတော့ အသေအချာ နေရာယူထားပေတာပေါ့။ ဒါပေမယ့် တစ်ခါတစ်ခါတော့ ခံ့ညားခြင်း၊ ခမ်းနားထည်ဝါခြင်းဆိုတဲ့ သူတို့ရဲ့ ဂုဏ်ပုဒ်တွေကနေ ဖတ်သူတွေကို တစ်ဖက်သတ် ဆွဲခေါ်သွားတာ မျိုးတွေဟာလည်း ဒီစာအုပ်တွေရဲ့ လက္ခဏာရပ်တွေထဲက တစ်ခုဖြစ်လို့ နေပြန်ပါတယ်။ စဉ်းစားခွင့် ဆိုတာထက် လိုက်နာရမယ် ဆိုတဲ့ အနေအထားမျိုးပါ။ သူတို့ကို ဖတ်တဲ့သူတွေ သို့မဟုတ် သူတို့ကို ကိုင်တွယ်ကြည့်ရှုနေသူတွေဟာလည်း မြင်ရသူအဖို့ အဲဒီရဲ့ ဘက်တော်သားတွေ သို့မဟုတ် လိုက်နာဖို့ ကြိုးစားနေသူတွေလို့လည်း အထင်ခံရတတ်ပြန်ပါတယ်။ ဒီစာအုပ်အမျိုးအစားတွေဟာ နေရာတစ်ခုနဲ့ပအတူ သီးသီးသန့်သန့် ဖြစ်နေတတ်တာကတော့ သူတို့ရဲ့ထူးခြားချက်တစ်ခုပါပဲ။

စာအုပ်တင်တဲ့ စားပွဲရဲ့ အောက်ဆုံးအထပ်မှာတော့ ပြန့်ပြန့်ကျဲကျဲ ရှုပ်ရှုပ်ထွေးထွေး နေရာယူနေ တတ်ကြတာကတော့ ကျောင်းစာအုပ်တွေ အဖြစ်များတတ်ပါတယ်။ ကျောင်းနဲ့ ဝေးတာကြာပြီဆိုပေမယ့် ထက်တက်ခဲ့တဲ့ ဘွဲ့လွန်တန်းက စာအုပ်တွေကတော့ အခုထိ နေရာယူ မင်းမူနေဆဲပါပဲ။ ဒါပေမယ့် အကုန်တော့ မရှိတော့ပါဘူး။ များသောအားဖြင့် စာမေးပွဲ မဖြေခင်ထိသာ အရေးတယူ ပြုခြင်းခံရတဲ့ စာအုပ်အမျိုးအစားဆိုရင် မှန်နေပေလိမ့်မယ်။ သိပ်ပြီးတော့ ပြန်မကြည့်ဖြစ်ပေမယ့် လိုတဲ့အချိန် ပြန်မွှေနှောက်ဖို့ ရှိနေသင့်တယ် ထင်မိတာပါပဲ။ တချို့စာအုပ်တွေတော့ မရှိတော့ဘဲ လက်ဆင့်ကမ်း ပြန်လည်ပေးလိုက်တာတွေလည်း ရှိပါသေးတယ်။ တချို့ကျတော့ ငွေကြေး မတတ်နိုင်တဲ့သူတွေ တချို့ကျတော့ စာအုပ်အသစ်ဖိုး သက်သာလိုပင်ဖြစ်စေကောင်းတဲ့ဘက် ကတော့ အလေးသာလို့နေပါတယ်။ နောက်ထပ်ရှိနေသေးတာကတော့ ဂယ်တာပဲဖြစ်ဖြစ် အခမဲ့ရလို့ပဲဖြစ်ဖြစ် ဖတ်ဖြစ်တဲ့ ဂျာနယ်အဟောင်းတွေပဲ ဖြစ်ပါတယ်။ တချို့ဂျာနယ်တွေ၊ စာစောင်တွေကတော့ မိဘမဲ့ကျောင်းတွေ ပရဟိတလိုက်လုပ်ဖြစ်တဲ့အခါ ပြန်လည် ဝေငှပေးလိုက်တာတွေလည်း ရှိပါသေးတယ်။

အများအားဖြင့် စုမိတာတွေကတော့ စာအုပ်သေးသေးကလေးတွေဖြစ်ပြီး စားပွဲခုံပေါ်မှာ စုစည်းတင်ထားပြီး လက်လှမ်းမှီသလောက် အမြဲကောက်ယူဖတ်လေ့ ရှိတာတွေကတော့ ကဗျာ စာအုပ်လေးတွေပဲ ဖြစ်ပါတယ်။ ခဏခဏလည်း စာဖတ်သူရဲ့ ပြန်လည်ဖတ်ရှုခြင်းကို ခံရတတ် ပါတယ်။ ဥပမာ ဆရာဇော်ဂျီ၊ ဆရာကြီး မင်းသုဝဏ်ရဲ့ ကဗျာများ၊ ထီလာစစ်သူရဲ့ ကဗျာအမျိုးမျိုး၊ မောင်သွေးသစ်၊ ဆရာအောင်ဖင်မင်း စတဲ့ ရှေ့ခေတ်ကော ခုခေတ်ကော ကဗျာစာအုပ်အတော် များများပါပဲ။ တစ်ခါတလေ သူတို့က စာအုပ်ကြီးတွေကြားထဲ ညှပ်နေတတ်ပြန်ပါသေးတယ်။ ဖတ်တော့မယ်ဆိုလည်း ရှာရ ဖွေရ၊ တွေ့ပြန်တော့လည်း ခါရပြုရနဲ့လေ။ သူတို့ကတော့ လူတိုင်းနဲ့ ရင်းနှီးစွာ မရှိလွန်းတာမို့ ရှိမှဖြစ်မယ်ဆိုတဲ့ စာအုပ်အမျိုးအစား မဟုတ်ပေဘူးပေါ့။ ကျွန်မကတော့ စာအုပ်ဈေးပွဲတော်မှာ ဈေးသက်သက် သာသာနဲ့လည်းရမယ် ဖတ်ချင်လို့ ရှာဖွေဂယ်တဲ့ အခါတိုင်းမှာ စာအုပ်ဆိုင်တိုင်းက စာအုပ်ကြီးတစ်အုပ်ဂယ်ရင် ပိုက်ဆံမယူဘဲ အလကားထည့်ပေးလိုက်တာ များပါတယ်။ တစ်ခါတလေကျပြန်တော့ စာဖတ်လေးတဲ့ စာအုပ်မျိုးကို ရှောင်ပြီး ဖုန်တက်အောင် ထားမိတတ်ပါတယ်။ ဒုတိယထပ်မှာတော့ ဝတ္ထုစာအုပ်တွေ၊ ဆောင်းပါး၊ ကဗျာ စတဲ့အပြင် မဂ္ဂဇင်းစာအုပ်တွေ၊ ဂျာနယ်စာအုပ်ပုံစံချုပ်တွေကို စီတန်းထားရှိပါတယ်။ အပေါ်ဆုံးထပ်မှာတော့ အမြဲအသုံးပြုတဲ့ လက်လည်း လွယ်မယ်ထင်ရတဲ့ အင်္ဂလိပ် - မြန်မာ အဘိဓာန်စာအုပ်ထူကြီးကိုလည်း ဖုန်မတက်အောင် လက်ဆောင်ရထားတဲ့က ပလတ်စတစ်မချွတ်ဘဲ တင်ထားဖြစ်တဲ့အပြင် တရားစာအုပ်များ၊ ဘာသာရေး စာအုပ်များ မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းလိုမျိုးကိုလည်း လွယ်လင့်တကူ ဖတ်ရှုနိုင်ရန် စုစည်းထားပါသေးတယ်။ တချို့အဖတ်လေးတဲ့စာအုပ်တွေ မလိခရေးတဲ့ ဖျို့အညွှန်းလိုမျိုး စာအုပ်တွေအပြင် ဖတ်ရတာ နှစ်ခေါက် သုံးခေါက် ဖတ်တာတောင် ရေးရေးပဲ နားလည်တဲ့ စာအုပ်တွေကိုတော့ အိတ်တွေထဲက မထုတ်ဖြစ်လို့ စာအုပ်တွေကတောင် ဆန္ဒပြတဲ့အနေနဲ့ ပျော့ပြောင်းနူးညံ့မနေဘဲ ဆွဲထုတ်လိုက်တဲ့အခါ မာတောက်တောက်ကြီးတွေနဲ့ စာရွက်သားတွေ ကပ်လို့နေပါတယ်။ ဒါတောင် သူများကို ငှားထားတဲ့ စာအုပ်တွေကလည်း အတော်ကလေး ရှိနေပါသေးတယ်။ မှတ်မှတ်ရရ ပြောရရင် ကျွန်မ နှစ်သက်တဲ့ စာအုပ်တစ်အုပ်ဖြစ်တဲ့ ရန်အောင် မောင်မောင် ရေးသားတဲ့ ထောင်တစ်သက် အတွေ့အကြုံ စာအုပ်ဆိုရင် ရင်းနှီးတဲ့ ထောင်မှူး တစ်ယောက်က ဂယ်မရလို့ ငှားဖတ်ပါဆိုလို့ ငှားဖတ်လိုက်တာ စာရွက်သား အတော်နွမ်းမှ လက်ထဲ ပြန်လည် ရောက်ရှိလာတာကိုလည်း ကြုံရပါသေးတယ်။ အဲဒီစာအုပ်ထဲမှ ရန်အောင် မောင်မောင်ရဲ့ ကိုယ်တွေ့တွေနဲ့ယှဉ်ပြီး ရေးသားထားတဲ့အတွက်လည်း စာဖတ်သူရဲ့ စိတ်နှလုံးကို ဆွဲကိုင်လှုပ်သလို စာအုပ်ထဲ စီးမျောသွားခဲ့ရပါတယ်။ သူ့ရဲ့မှတ်ချက်လေးကိုလည်း ဝေမျှချင်ပါတယ်။ "ညစဉ်ညတိုင်း ကြားနေရတဲ့ အားလုံးကောင်းပါတယ်ခင်ဗျား ဆိုတဲ့ စကားအတိုင်းပဲ။ ကောင်းပြီ၊ အကျဉ်းထောင် အခြေအနေ အားလုံး ကောင်းတယ်ပဲ ထားလိုက်ပါတော့။ အဲဒီအကျဉ်းထောင်ထဲမှာ ရှိကြတဲ့ အကျဉ်းသားတွေကကော ဘယ်လောက်အထိ ကောင်းခဲ့ကြသလဲ၊ ကောင်းနေပြီလဲ၊ ကောင်းသွားကြမှာလဲ။ တော်တော်အဖြေရကြပ်မည့် မေးခွန်းတွေပဲ ဖြစ်ပါတယ်။ ရာဇဝတ္တဗေဒဆိုင်ရာ ပါရဂူတစ်ဦးဖြစ်သူ ဒေါက်တာ ရှက်ပက်မက္ကာသီရဲ့အဆိုအရ 'လူဆိုးတစ်ယောက်နှင့် လူကောင်းတစ်ယောက်ရဲ့ ကွာဟမှုအတိုင်းအတာသည် အကျဉ်းထောင်ကို ကာရံထားသော အုတ်နံရံတစ်ခုစာလောက်သာ ကွာခြားသည်' ဟု ဖတ်ခဲ့မှတ်ခဲ့ရဖူးပါတယ်။ မှန်ပါတယ်။ ဘုရားရဟန္တာမှလွဲပြီး အာသဝေါ မကုန်ခန်းနိုင်သေးသည့် ပုထုဇ္ဇဉ်လူသတ္တဝါမှန်သမျှ ကောင်းချင် သည့်အခါ ကောင်းပြီး ဆိုးချင်သည့်အခါ ဆိုးမည်။ မလိမ္မာ တစ်ခါမိုက်စမြဲဟုလည်း ဆိုထားပြန်ပါတယ်။ မွေးသည်မှ သေသည်အထိ ရာသက်ပန် ဆိုးသွမ်းသူ၊ ကောင်းမွန်သူရယ်လို့ ဒီသတ္တ လောကကြီးမှာ မရှိစကောင်းလို့" သူကမှတ်ချက်ပြုထားတာကို ဖတ်ရှုခဲ့ရပါတယ်။ အများအားဖြင့် မဖတ်ဖြစ်တဲ့ စာရင်းမှာပါတဲ့စာအုပ်တွေကတော့ ဘာသာပြန်စာအုပ်တွေ အတော် များလှပါတယ်။ အဲဒီလိုဘာသာပြန်ထဲက နှစ်သက်မိတဲ့စာအုပ်တွေလည်း ရှိပါသေးတယ်။ ဆရာ နတ်နွယ် ရေးသားတဲ့ မိုဗီဒစ်စာအုပ်ဆိုရင် ပင်လယ်ပြင်ရဲ့ သဘောသဘာဝ၊ ပင်လယ်ရေ လုပ်သားတွေရဲ့ အခက်အခဲတွေ၊ ပျော်ရွှင်မှုတွေ အဖုံဖုံအပြင် ငါးဖြူကြီးနဲ့ တွေ့ကြုံပုံတွေကို ရေးခြယ်ထားသည်မှာ ပင်လယ်ပြင်ကို အမှန်တကယ်ရောက်ရှိနေသကဲ့သို့ ခံစားမိပါသေးတယ်။ ဖတ်ခဲ့ဖူးတဲ့ စာအုပ်တွေ အကြောင်းသာ ပြောနေရရင် ထမင်းမေ့ဟင်းမေ့ ကျွန်မရဲ့ အဖြစ်ပါပဲ။ ပြောပြရရင်ဖြင့် ပြောလို့ ကုန်မည် မထင်ပါကြောင်း ပြောရင်းဖြင့် ကျွန်မဆန္ဒကတော့ စာအုပ်စင်လေးတစ်ခု ဖန်တီးချင်မိပြီး စာပေချစ်သူချင်းလည်း ပြန်လည် မျှဝေချင်နေမိပါတော့တယ်။

# နည်းပညာ ပစ္စည်းများကို လွယ်လွယ်ကူကူ တိုင်းတပါးမှ တင်သွင်းခွင့်ရရင် နယ်စပ် မှောင်ခို ပပျောက်သွားမှာပါဟု ဆိုလာသောအခါဂယ်...

ဓသာ့

ဂယ်သူ များပြီး ရောင်းသူ မရှိဆိုသည့် ဇာတ်လမ်းကိုတော့ မည်သည့် စီးပွားရေး လုပ်ငန်းရှင်များမှ ခင်းကျင်းချင်ကြမည် မထင်ပါ။ သို့ရာဂယ် ယင်းသို့ ခင်းကျင်း နေရသည်မှာ မြန်မာပြည်ရဲ့ ကွန်ပျူတာ ပစ္စည်း ရောင်းချသည့်ဆိုင် အများစု ဖြစ်နေကြောင်း သတင်းများ ထွက်ပေါ် နေသည့်အတွက်ကြောင့် အိုင်စီတီ ဂျာနယ်မှ အိုင်ကျူ မီသလောက် လိုက်လံ မေးမြန်း ကြည့်ရာဂယ်...

အမ်နင်တွေ ရှိနေတာက တစ်ကြောင်း၊ ပင်လယ် သမုဒ္ဒရာက ဖြတ်ပြီး တင်သွင်း ရသည်က တစ်ကြောင်း၊ လေလိုင်းကို ပိတ်လိုက်သည်က တစ်ကြောင်း၊ တင်သွင်း ချင်သည်များကို နေပြည်တော်သို့ တစ်နေကုန် မောင်းနှင်၍ ခွင့်ပြုချက် ရယူရသည်က တစ်ကြောင်း အစရှိသည့် အခက်အခဲများကြောင့် တိုင်းပြည်အတွက် အခွန် ဆောင်စရာ မလိုသည့် အောက်လမ်း ခေါ် နယ်စပ်မှ တင်သွင်းလာသည့် လမ်းကြောင်းသည်သာ ရွေးချယ်စရာ တစ်ခုအဖြစ် တွင်ကျယ်စွာ အသုံးပြု နေကြကြောင်း သိရှိခဲ့ရသည်။ ယခုအခါ နယ်စပ်မှ တင်သွင်းသည်များကို အခွန်အခ ကောက်ခံမည်ဟုဆိုသော သတင်းများ ထွက်ပေါ်လျက်ရှိသောကြောင့် ကွန်ပျူတာ ဈေးကွက်ထဲမှ အောက်လမ်း ဆရာကြီးများလည်း တင်သွင်းမှုကို ရပ်နားထားသည့်အတွက်ကြောင့် ဈေးကွက်အတွင်း ရောင်းချစရာ ပစ္စည်း ပျက်သလောက် နီးပါး ဖြစ်နေသည်ဟု သတင်းများက ဆိုသည်။

မည်သို့ပင်ဆိုစေကာမူ အခွန်အခ ဆိုသည်မှာ တိုင်းပြည်အတွက် ဖြစ်သဖြင့် ကောင်းသတင်းကို ဆောင်သည်။ ပြောင်းလဲလာသည့် စနစ်အသစ်၌ ခေတ်မီ တိုးတက်သည့် နိုင်ငံဖြစ်နိုင်ရေးအတွက် အခွန်စနစ်သည် ပြောင်းလဲမှုများစွာ လုပ်ဆောင်ရန် လိုအပ်ကြောင်း နားလည်တတ်ကျွမ်းသော နိုင်ငံ့ ခေါင်းဆောင်များနှင့် ပညာရှင်များက အဆိုရှိခဲ့ကြသည်။

ထို့ကြောင့် အိုင်စီတီ ကဏ္ဍကို တိုးတက်အောင် နည်းလမ်းစုံမှ ကြိုးစား နေသော ယနေ့ မြန်မာနိုင်ငံကြီး၏ ကွန်ပျူတာ ဈေးကွက်အနေအထားကို ကြားသိရသမျှ ထပ်မံတင်ပြချင်သည်။

ကွန်ပျူတာ ဈေးကွက်ရှိ ဖွင့်လှစ် လျက်ရှိသော ဆိုင် ကြီး၊ သေး၊ လတ် မျိုးစုံသည် တစ်လကို အနည်းဆုံး ဆယ်သိန်းအထက် ဌားရမ်းခ ပေးဆောင်ရသည်။ ဆိုင်ခန်းအများစုသည် ပေ ၁၀x၄၀ ခန့်သာသာ ရှိသည်။ ဆိုင်ခန်းဌားရမ်းခနှုန်းကိုပင် ကျေဖို့အတွက် စီးပွားရေး မနည်း လုပ်နေရသည်ဟု ငြီးတွားနေသော်လည်း ဆိုင်ခွဲများ တိုးချဲ့မှုနှုန်း များပြားလာသည်ကို သတိထားမိသည်။

တစ်ဘက်မှလည်း ပင်လယ်ဖြတ်ကာ ကွန်တိန်နာကြီးများဖြင့် တရားဝင် တင်သွင်းဖြန့်ချိ ရောင်းချလျက်ရှိသည့် ကိုယ်စားလှယ်များမှလည်း ရေကြောင်းမှ ဖြတ်ကာ တင်သွင်းလာရသည့် အတွက်ကြောင့် ပစ္စည်းအသစ် တစ်ခု ပြည်တွင်းရှိ အရောင်းဆိုင်များသို့ ရောက်ရှိနိုင်ရန်အတွက် လနှင့်ချီပြီး စောင့်ဆိုင်းရကြောင်း၊ ရောက်ရှိလာသည့် အခါတွင်လည်း ဈေးနှုန်းမှာ အောက်လမ်းက အခွန် မဆောင်ထားသည့် ပစ္စည်းနှင့် ယှဉ်၍ ရောင်းရသည့် အတွက်ကြောင့် ရောင်း မထွက် တော့ကြောင်း သိရသည်။

ငွေပမာဏ မြောက်များစွာ ရင်းနှီး မြှုပ်နှံထားသည်က တစ်ကြောင်း၊ warranty/guarantee တွေ ထားရှိပြီး ပစ္စည်း ပျက်ခဲ့ပါက spare parts အပို ပစ္စည်းများကို နိုင်ငံခြားသို့ ပြန်ပို့ မှာယူ ရသည်များက တစ်ကြောင်းတို့ကြောင့် ကိုယ်စာလှယ်ကြီးများလည်း ငြီးတွားကြပြန်သည်။

ထို့ကြောင့် နယ်စပ်မှ တင်သွင်းလျက်ရှိသော ပစ္စည်းများကို တရားဝင် အခွန်ကောက်ခံမည်ဟု သတင်းများအရ ကွန်ပျူတာ ဈေးကွက် အတွင်း၌ မည်သို့မည်ပုံ အခွန် ကောက်ခံ မည်ကို စိတ်ဝင်စားလျက် ရှိကြသည်။

တရားဝင် ဖြန့်ချိခွင့်ရှိသူများ အခွန်အခ ဆောင်ပြီး တင်သွင်းသလို၊ အောက်လမ်းမှ တင်သွင်းသူများလည်း ညီတူညီမျှ အခွန်ဆောင်ပါက မည်သို့ ဖြစ်လာမည်နည်းဟု ဈေးကွက်ထဲ၌ မေးခွန်းများဖြင့် ဂေဆာနေသည်။

အကယ်၍ ဖော်ပြပါအတိုင်း ညီတူညီမျှ ပေးဆောင်ပါက တိုင်းပြည်အတွက် လွန်စွာ အကျိုးရှိမည်မှာ မည်သူမျှ မငြင်းနိုင်ပေ။ ထို့အပြင် Authorized Distributorလို့ အခေါ်များသည့် တရားဝင် ကိုယ်စားလှယ်များအတွက်လည်း ပင်လယ် ဖြတ်စရာ မလိုတော့သည့် အတွက်ကြောင့် အပြောင်းအလဲမြန်သော အိုင်စီတီ ခေတ်ကြီး၏ ဂယ်လိုအားကို နယ်စပ်မှ ပစ္စည်းများ လျင်မြန်စွာ တင်သွင်းကာ ဖြည့်စည်းပေးနိုင်ပေလိမ့်မည်။ Spare parts၊ အပိုပစ္စည်းများကိုလည်း အလားတူ ကုမ္ပဏီမှ တိုက်ရိုက် လျင်မြန်စွာ မှာယူနိုင်ခြင်းကြောင့် သုံးစွဲသူများ အတွက်လည်း စိတ်ချမ်းမြေ့မှုကို ခံစားနိုင်သည်။

အောက်လမ်းမှ တင်သွင်းသူများ အဖို့လည်း နယ်စပ်မှာ တကူးတက အဆက်အသွယ် ရှာပြီး အချိန်ကုန် ခံစရာ မလိုတော့သည့်အပြင် ဂယ်ယူ အားပေး သူများကိုလည်း Authorized Dealerများမှ ပစ္စည်း အစစ်အမှန်ကို ရောင်းချပြီး warranty အစစ်အမှန်ကို ပေးဆောင် နိုင်လိမ့်မည်။

ထို့ကြောင့် ဖော်ပြပါအတိုင်း သက်ဆိုင်သူ အားလုံး အဘက်ဘက်မှ လုပ်ဆောင်ကြပါက တိုင်းပြည်အတွက် ဘဏ္ဍာတိုးသည့်အပြင်၊ ဂယ်ယူ သုံးစွဲသူ (consumer)အတွက်လည်း စစ်မှန်သော အာမခံ ပစ္စည်းများဖြင့် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပေလိမ့်မည်။ အားလုံးလည်း နိုင်ငံကြီးသား ပီသစွာဖြင့် ရောင်းဂယ် ဖောက်ကား လုပ်နိုင်ကြပေလိမ့်မည်ဟု မျှော်လင့်ရင်း ကြားသိသလောက်ကို မျှဝေလိုက်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

# ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများ

မနောဖြူလေး



ကမ္ဘာတစ်ဝှမ်း လူတွေ သေဆုံးရခြင်း၏ အဓိက အကြောင်းများထဲတွင် ဆေးလိပ်သောက်ခြင်းဟာ တစ်ခု အပါ အဝင် ဖြစ်ပါတယ်။ အမေရိကတွင် နေ့စဉ် ပျမ်းမျှ လူ ၁,၀၀၀ ခန့်ဆေးလိပ် သောက် ခြင်းကြောင့် သေဆုံးနေပြီး၊ သေဆုံးသူ (၆) ဦးတွင်(၁) ဦးမှာ ဆေးလိပ်ကြောင့် ဖြစ်ပါတယ်။ ဆေးလိပ်သောက်ခြင်းဟု ဆိုရာတွင် စီးကရက်၊ ဆေးတံ၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်စတဲ့ ဆေးရွက်ကြီးကို နည်းအမျိုးမျိုးဖြင့် ရှူရှိုက်သောက်သုံးခြင်းများ ပါဝင်ပါတယ်။ ဆေးလိပ်သောက်ခြင်းဟာ ကြီးစွာသော ကျန်းမာရေး ခြိမ်းခြောက်မှု ကို ဖြစ်စေ ရုံသာမက လူမှုဆက်ဆံရေးမှာလည်း အနှောင့်အယှက် တစ်ခုဖြစ်ပါတယ်။ ဆေးလိပ်သောက်ခြင်း ကြောင့် ခန္ဓာကိုယ် တွင်းသို့ ဓာတုပစ္စည်း အမျိုး ၄,၀၀၀ ကျော် ဝင်ရောက်ပြီး ဇီဝကမ္မ လုပ်ငန်းစဉ်ကို ထိခိုက် ပျက်စီးစေပါတယ်။ ၎င်းတို့ထဲတွင် နီကိုတင်းဓာတ် (Nicotine)၊ ကတ္တရာ (Tar)၊ ကာဗွန်မိုနောက်ဆိုဒ် (Carbon Monoxide)၊ နိုက်ထရိုဂျင်အောက်ဆိုဒ်များ (Nitrogen Oxides)၊ ဟိုက်ဒရိုဂျင် ဆိုင်ရာနိုက် (Hydrogen Cyanide)၊ သတ္တုဓာတ်များ (Metals)၊ အမိုးနီးယား (Ammonia) နဲ့ ရေဒီယိုသတ္တိကြွ ဓာတ်ပေါင်းများ (Radioactive Compounds) တို့ ပါဝင် ပါတယ်။ ဆေးလိပ်ရှိုက်ဖွာလိုက်တာနဲ့ တစ်ပြိုင်နက် လတ်တလော ခန္ဓာကိုယ်တွင်း ပြောင်းလဲမှုများမှာ

* အဆုတ်လေပြွန်ကို ကျဉ်းစေခြင်း
* နှလုံးခုန်နှုန်းကို မြန်စေခြင်း
* သွေးဖိအားကိုတိုးစေခြင်း
* သွေးကြောငယ်များကို ကျဉ်းစေခြင်း
* ဆေးလိပ်တွင် ပါဝင်သော

ကာဗွန်မိုနောက်ဆိုဒ်က ခန္ဓာကိုယ်တစ်ရှူး များရဲ့ အောက်ဆီဂျင် လိုအပ်မှု ကို အဟန့် အတား ဖြစ်စေခြင်း တို့ဖြစ်ပေါ်စေပါတယ်။

ဆေးလိပ်သောက်ခြင်းကြောင့် ရေရှည် ဆိုးကျိုးများ လည်း ခံစားရမှာ ဖြစ်ပါတယ်။ အဆုတ်ကင်ဆာ (Lung Cancers)၊ အဆုတ်လေပြွန် ကျဉ်းစေသော ရောဂါ (Emphysema)၊ နာတာရှည် အဆုတ်လေပြွန်ရောင် ရောဂါ (Chronic Bronchitis) စတဲ့ အဆုတ်ရောဂါများအပြင် နှလုံးသွေးကြောဆိုင်ရာ ရောဂါများ ကိုလည်း ဖြစ်ပွားစေပါတယ်။ နောက်ထပ် ဖြစ်နိုင် တဲ့ရောဂါများကတော့ ခံတွင်းနှင့် လည်ချောင်း ကင်ဆာများ၊ ဆီးအိမ်၊ ကျောက်ကပ်၊ ပန်ကရိယ ရောဂါများ ဖြစ်ပွားစေပါတယ်။ သွား၊ လက်ချောင်း၊ ဆံပင်တို့ကိုလည်း ဆေးလိပ်ငွေ့ အရောင်စွန်းထင်းမှု ရှိစေခြင်း၊ ခံတွင်းနှင့် အဝတ်အစားများကိုလည်း အနံ့ အသက်စွဲစေခြင်းတို့ကြောင့် လူမှု ဆက်ဆံရေး နယ်ပယ်တွင်လည်း အနှောင့်အယှက် ဖြစ်စေပါတယ်။

ဆေးလိပ်မှာ ပါဝင်တဲ့နီကိုတင်း (Nicotine) ဟာ အာရုံကြောနဲ့ ကြွက်သားဆုံချက် (Nerve Muscle Junction) တွင် အကျိုးသက်ရောက်မှု ကြောင့် ခြေလက်များ တုန်ခြင်း၊ သွေးကြောငယ်များကို ကျဉ်းစေခြင်း ကြောင့် နှလုံးအတွက်ဝန်ပိစေခြင်း၊ သွေးတိုးစေခြင်း၊ ခြေဖျားလက်ဖျားများ အေးစေခြင်း၊ အာရုံကြောစနစ်ကို လှုံ့ဆော်မှုကြောင့် စိတ်လှုပ်ရှား နိုးကြား မှုဖြစ်ခြင်း (Excitement)၊ စိုးရိမ်ပူပန်ခြင်း (Anxiety) များ တစ်ဒင်္ဂဖြစ်ပေါ်ပြီး နီကိုတင်း ပြယ်သွားသည်နှင့် စိတ်ကျခြင်း (Depression) ဖြစ်ပေါ်လာတတ်ပါတယ်။ နီကိုတင်းဟာ စွဲစေတဲ့ ဓာတ်တစ်မျိုး ဖြစ်ပါတယ်။

ဆေးလိပ်သောက်သူအတွက်တော့ ဗီတာမင်အားဆေးများ သုံးစွဲခြင်း၊ လေ့ကျင့် ခန်းလုပ်ခြင်း တို့ထက် ကျန်းမာရေးအတွက် အကောင်းမွန်ဆုံးနည်းလမ်းမှာ ဆေးလိပ် ဖြတ်ခြင်းပင် ဖြစ်ပါတယ်။ ဆေးလိပ် ဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် ကိုယ်ခန္ဓာ ကျန်းမာရေးသည်လည်း အကောင်းဘက်သို့ ဦးတည်လာပါတယ်။ တစ်နေ့လျှင် မိနစ် (၂၀) တစ်ပတ် (၃) ကြိမ် လေ့ကျင့်ခန်းလုပ်ခြင်းဖြင့် ခန္ဓာကိုယ်မှ ဆေးလိပ်အဆိပ်သင့်မှုများ တဖြည်းဖြည်း လျော့ပါးလာပါတယ်။

လေ့ကျင့်ခန်းလုပ်ခြင်းဖြင့် ချွေးထွက်ခြင်းကြောင့် လည်းကောင်း၊ အောက်ဆီဂျင်ကို လုံလောက်စွာ ရှူရှိုက်ရ၍ လည်းကောင်း၊ နီကိုတင်းဓာတ်များ လျော့ပါးလာစေပါတယ်။ ဆေးလိပ်ဖြတ်စတွင် အိပ်မပျော်ခြင်း၊ ခေါင်းကိုက်ခြင်း၊ စိတ်တိုလွယ်ခြင်း၊ ချောင်းဆိုးခြင်း အစရှိတဲ့လက္ခဏာများ ခံစားရနိုင်ပြီး ဆေးလိပ် အလွယ် တကူ ရှိသောနေရာ၊ ဆေးလိပ်သောက်သူရှိသော နေရာများကို ရှောင်ရှားရပါမယ်။ နီကိုတင်း အစားထိုး ဆေးများကို ဆရာဝန် ညွှန်ကြားချက်နှင့် သုံးစွဲပြီး ဖြတ်နိုင်ပါတယ်။ အခြား နီကိုတင်း အစားထိုးစရာများကတော့ နီကိုတင်းပါသော Gum၊ ရှူဆေးများ (Inhaler)၊ နှာခေါင်းဖျန်းဆေးများ (Nasal Spray)တို့ဖြစ်ပါတယ်။ ဆေးလိပ်သောက်ခြင်းကြောင့် ရောဂါများ ရရှိနိုင်ပြီး ကျန်းမာရေးကို ထိခိုက်နိုင်ပါကြောင်း ပြောပြလိုက်ရခြင်း ဖြစ်ပါတယ်။

မသိတာများကို စိတ်ရှည်စွာ ရှင်းပြပေးတဲ့ မိုးကုတ်မှ အစ်ကိုဒေါက်တာ ဂင်းသိန်းကို ကျေးဇူးတင်လျက် . . .

အိုင်စီတီ ဂျာနယ်
Volume 2, Issue 3
MYANMAR ICT JOURNAL

MYANMAR JOB SEARCH

ဤကဏ္ဍတွင် အခမဲ့ ကြော်ငြာလိုပါက **www.myanmarjobsea**

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Administration/Support/Customer Care

| | |
|---|---|
| NAME | Nway Nway |
| SEEKING | Administration staff/ Accounting and Office staff |
| AGE | 27 |
| Contact | 240702 |
| NAME | Wai Phyo |
| SEEKING | Consulting , Personal Assistant ,Customer Care |
| AGE | 21 |
| Contact | 942529045 |
| NAME | Miss Hnin Aye win |
| SEEKING | Hotel Management/ Administration, Translator |
| AGE | 29 |
| Contact | 5724185 |
| NAME | Wai Yar Lin |
| SEEKING | Assistant Operation Manager, Admin Executive |
| AGE | 28 |
| Contact | 973130156 |
| NAME | Hla Myo |
| SEEKING | Manager |
| AGE | 52 |
| Contact | 450023918 |

### Other

| | |
|---|---|
| NAME | Kyaw Kyaw |
| SEEKING | Chinese Translator |
| AGE | 31 |
| Contact | 4294967295 |
| NAME | Rejish K Babu |
| SEEKING | Coordinator, Social Worker |
| AGE | 29 |
| Contact | 984750575 |
| NAME | Mya Hnin Yee |
| SEEKING | Quality Assurance / Quality Control/ Laboratory |
| AGE | 28 |
| Contact | 973221883 |

### Media, Advertising, Arts, Entertainment

| | |
|---|---|
| NAME | Pinky |
| SEEKING | Suitable |
| AGE | 20 |
| Contact | 944853499 |
| NAME | Ngun Zar |
| SEEKING | Media, Advertising, Arts, Entertainment |
| AGE | 23 |
| Contact | 522881 |
| NAME | Myo Thant |
| SEEKING | Camera man/Editor/ Graphic |
| AGE | 21 |
| Contact | 73113472 |
| NAME | Ye Win Naing |
| SEEKING | Graphic Designer |
| AGE | 34 |
| Contact | 973183401 |
| NAME | Mg Aung Paing |
| SEEKING | Media & Art |
| AGE | 20 |
| Contact | 95083083 |

### Education and Training

| | |
|---|---|
| NAME | Su Larb Yadanar |
| SEEKING | English Tutor |
| AGE | 20 |
| Contact | 973138483 |

### Mining, Oil and Gas

| | |
|---|---|
| NAME | Ye Kyaw Thu |
| SEEKING | Engineer(Maintenance, Repair, Electrical) |
| AGE | 30 |
| Contact | 973147211 |

### Web Site Development

| | |
|---|---|
| NAME | Ma Yu Wah Htet Aung |
| SEEKING | Web Designer |
| AGE | 21 |
| Contact | 43114347 |

### Accounting

| | |
|---|---|
| NAME | Chit Chit Po |
| SEEKING | Admin |
| AGE | 21 |
| Contact | 940153118 |
| NAME | Saw Myat Htwe |
| SEEKING | Accountant |
| AGE | 39 |
| Contact | 92391946 |
| NAME | May Su |
| SEEKING | Accountant |
| AGE | 23 |
| Contact | 421100204 |
| NAME | Hsu Mon Win |
| SEEKING | HR Department |
| AGE | 20 |
| Contact | 448016761 |
| NAME | Aye Mya Khaing |
| SEEKING | Accountant |
| AGE | 21 |
| Contact | 450000802 |

### Computer/ICT/Electronics

| | |
|---|---|
| NAME | Min Lwin |
| SEEKING | Phone Software Srevice Man |
| AGE | 20 |
| Contact | 95063262 |

### Sales and Marketing

| | |
|---|---|
| NAME | Shwe San Myay |
| SEEKING | Executive and Manager |
| AGE | 35 |
| Contact | 947224440 |

### Medical

| | |
|---|---|
| NAME | MARK ALLAN CARREON |
| SEEKING | Nurse |
| AGE | 25 |
| Contact | 85260635 |

## အလုပ်ရှင်များ၏ ခေါ်စာများ (Vacant Position)

### EYE PRODUCT (INC)

| | | |
|---|---|---|
| VACANT | Japanese language (fluently), japan Typed | 1 |
| PHONE | 01-564882 | |
| ADDRESS | အမှတ်(၇) လေးထောင့်ကန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်။ | |

### LUCKY ASIA INTERNATIONAL CO., LTD

| | | |
|---|---|---|
| VACANT | Sale and Marketing Manager | 1 |
| | Sale Supervisor | 1 |
| | Marketing Executive | 6 |
| PHONE | 973168296 | |
| ADDRESS | No.64, Ground Floor, Ye kyaw Road, Pazundaung T/S | |

### Parkson Yangon

| | | |
|---|---|---|
| VACANT | Chief Maintenance | 1 |
| | Advertisement & Promotion Manager | 1 |
| | Chief Accountant | 1 |
| | Chief Security | 1 |
| | Advertisement & Promotion Executive | 5 |
| | Security Supervisor | 5 |
| PHONE | (+84976847311) | |
| ADDRESS | 380, BOGYOKE AUNG SAN ROAD, YANGON. | |

### W3 Group Co., Ltd

| | | |
|---|---|---|
| VACANT | Sales & Marketing | 3 |
| PHONE | 9420004639 | |
| ADDRESS | No.677, Bayamaso Street, South Okkalapa Tsp, Yangon, Myanmar. | |

### ACE Data Systems

| | | |
|---|---|---|
| VACANT | Project Manager | 1 |
| | Development Leader | 3 |
| | Senior SE | 2 |
| | Software Engineer/Developer | 25 |
| | Network Engineer | 2 |
| | Receptionist | 2 |
| | Office Driver | 3 |
| | Service Engineer for ATM Project | 6 |
| | Sales and Marketing Executive | 1 |
| | ICT Project Coordinator | 2 |
| | Human Resource Department Manager | 1 |
| | Training Center Manager | 1 |
| PHONE | 01-652270, 01-652239 | |
| ADDRESS | Room 2/4, Building 2, MICT Park, Hlaing Campus, Yangon. | |

arch.comတွင် အချက်အလက်များကို ဝင်ရောက် ဖြည့်စွက်နိုင်သည်။

MYANMAR JOB SEARCH

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Education and Training

| | |
|---|---|
| NAME | Tony Hayes |
| SEEKING | English Teacher and Tutor |
| AGE | _ |
| Contact | 4086685053 |
| NAME | Phoo Pwint Phyo |
| SEEKING | Primary Teacher |
| AGE | 20 |
| Contact | 95178440 |
| NAME | Zaw Min Oo |
| SEEKING | Technician/Teaching Mobile Software |
| AGE | 32 |
| Contact | 450060659 |
| NAME | Cho Mar Aye |
| SEEKING | Chinese Translator |
| AGE | 33 |
| Contact | 299720 |
| NAME | Su Larb Yadanar |
| SEEKING | English Tutor |
| AGE | 20 |
| Contact | 973138483 |
| NAME | Zara |
| SEEKING | Teacher |
| AGE | 32 |
| Contact | 3323649588 |

### Human Resources

| | |
|---|---|
| NAME | Sai Saie Mainn |
| SEEKING | HR staff |
| AGE | 22 |
| Contact | 1544926 |
| NAME | Min Thu |
| SEEKING | Human Resources |
| AGE | 21 |
| Contact | 943144932 |

### Banking and Financial Services

| | |
|---|---|
| NAME | Kaung Htet |
| SEEKING | Junior Assistant |
| AGE | 20 |
| Contact | 973148391 |

### Engineering

| | |
|---|---|
| NAME | Toe Tet Aung |
| SEEKING | Engineering job |
| AGE | 22 |
| Contact | 943179323 |
| NAME | Pyae Phyo Zaw |
| SEEKING | Site Engineer |
| AGE | 24 |
| Contact | 943118562 |
| NAME | Myo Myint Thu |
| SEEKING | Engineer |
| AGE | 21 |
| Contact | 4294967295 |
| NAME | PyePhyoHein |
| SEEKING | Engineer |
| AGE | 21 |
| Contact | 95132046 |
| NAME | Thida Soe |
| SEEKING | Engineer |
| AGE | 28 |
| Contact | 450036637 |
| NAME | Pyae Phyo Zaw |
| SEEKING | Site Engineer |
| AGE | 24 |
| Contact | 943118562 |
| NAME | Yoon Phyu Thwin |
| SEEKING | Engineer |
| AGE | 22 |
| Contact | 942116866 |
| NAME | Win Po |
| SEEKING | Engineering in Electronics |
| AGE | 26 |
| Contact | 444014256 |
| NAME | Kyaw San Oo |
| SEEKING | Site Engineer |
| AGE | 26 |
| Contact | kyawsanwin1@gmail.com |
| NAME | Nyi Nyi Htun |
| SEEKING | Junier Engineer |
| AGE | 23 |
| Contact | 943100246 |
| NAME | Ei Thandar |
| SEEKING | Engineer |
| AGE | 25 |
| Contact | 973240831 |

### Computer/ICT/Electronics

| | |
|---|---|
| NAME | Tin Htun Aung |
| SEEKING | IT Manager |
| AGE | 35 |
| Contact | 505266 |
| NAME | Pyi Phyo Han |
| SEEKING | Network Engineer |
| AGE | 27 |
| Contact | 450020858 |
| NAME | Sun Thurain Moe |
| SEEKING | IT Related |
| AGE | 40 |
| Contact | 92009082 |
| NAME | Su Phyu Phyu Htay |
| SEEKING | IT |
| AGE | 23 |
| Contact | 973138078 |
| NAME | Mar Mar |
| SEEKING | Web Designer |
| AGE | 23 |
| Contact | 99105196 |
| NAME | Pyi Phyo Han |
| SEEKING | Network Engineer |
| AGE | 27 |
| Contact | 450020858 |
| NAME | Min Thet |
| SEEKING | Computer Service Technician |
| AGE | 26 |
| Contact | 444017491 |
| NAME | Sun Thurain Moe |
| SEEKING | IT Related |
| AGE | 40 |
| Contact | 92009082 |
| NAME | Win Naing Oo |
| SEEKING | Networking |
| AGE | 25 |
| Contact | 973503835 |
| NAME | Su Phyu Phyu Htay |
| SEEKING | IT |
| AGE | 23 |
| Contact | 973138078 |

### Accounting

| | |
|---|---|
| NAME | May Su |
| SEEKING | Accountant |
| AGE | 23 |
| Contact | 421100204 |
| NAME | Hsu Mon Win |
| SEEKING | HR Department |
| AGE | 20 |
| Contact | 448016761 |
| NAME | Aye Mya Khaing |
| SEEKING | Accountant |
| AGE | 21 |
| Contact | 450000802 |
| NAME | Soe Min Nge |
| SEEKING | Accounts |
| AGE | 32 |
| Contact | 943074948 |

### Accounting

| | |
|---|---|
| NAME | May Myat Mon Aye |
| SEEKING | Accountant |
| AGE | 25 |
| Contact | 943115821 |
| NAME | Ei Thet Paing |
| SEEKING | Accountant |
| AGE | 24 |
| Contact | 421025098 |

### Hospitality, Travel and Tourism

| | |
|---|---|
| NAME | Su Thandar Oo |
| SEEKING | Suitable |
| AGE | 20 |
| Contact | 95024144 |
| NAME | Nay chi |
| SEEKING | Suitable Post |
| AGE | 21 |
| Contact | 09-42113106 |
| NAME | Mangpu |
| SEEKING | Hospitality, Travel and Tourism |
| AGE | 32 |
| Contact | 450057966 |

### Management, Executive

| | |
|---|---|
| NAME | Zin Mar Thein |
| SEEKING | Purchasing Manager |
| AGE | 26 |
| Contact | 4294967295 |
| NAME | U Saw Naing Win |
| SEEKING | Phone Hardware & Software |
| AGE | 25 |
| Contact | 73247096 |
| NAME | Win Min Htun |
| SEEKING | Admin Manager or Operation Manager |
| AGE | 34 |
| Contact | 420718092 |
| NAME | Sai Won Latt |
| SEEKING | Manager, Advisor, Human Management |
| AGE | 28 |
| Contact | 4294967295 |
| NAME | Kyaw Myat Chit |
| SEEKING | Asst:Marketing Manager |
| AGE | 30 |
| Contact | 973166423 |

### Media, Advertising, Arts, Entertainment

| | |
|---|---|
| NAME | Tin Soe |
| SEEKING | IT Manager , Admin Manager, Education Teacher |
| AGE | 32 |
| Contact | 95013670 |
| NAME | Khaing Min |
| SEEKING | Photographer |
| AGE | 24 |
| Contact | 944401356 |

### Web Site Development

| | |
|---|---|
| NAME | Thant Sin Aung |
| SEEKING | Junior Web Developer |
| AGE | 20 |
| Contact | 4294967295 |
| NAME | Minn Ko Aung |
| SEEKING | Graphic & Web Designer |
| AGE | 25 |
| Contact | 97319588 |

အိုင်စီတီ ဂျာနယ်
Volume 2, Issue 3
MYANMAR ICT JOURNAL

# တကယ်ပဲ တိုက်တိုက်ဆိုင်ဆိုင်



"ဟယ်လို"၊ အေးလား စားပွဲပေါ်တွင် တင်ထားသော iPhone 4S ကာဗာ အဖြူရောင်လေးထံမှ အသံမြည်လာ၍ ကောက်ကိုင်လိုက်ပြီး ဖုန်းကို ထိလိုက်ရာ တစ်ဖက်မှ အသံကြားလိုက်ရခြင်း ဖြစ်သည်။ အသံကို သိပ်မကျက်မိ၊ ကိုယ့်အလုပ်က ပြည်သူအများနှင့် ဆက်ဆံနေရသော အလုပ်မို့ Siting Card တွေ အများကြီး ပေးထားရသည်။ သိသူရော၊ မသိသူရော၊ ဒါကြောင့် ချိန်ချိန်ဆဆနှင့် အသံကို ထိန်း၍ ပြန်ဖြေသည်။

"ဟုတ်ပါတယ်"

တစ်ဖက်မှ ရင်းနှီးသော အသံထွက်လာသည်။ ငါပါ၊ မောင်လှိုင်ပါ၊ မင်း ရန်ကုန်မှာ ရှိနေတာလား၊ မသိဘူးကွာ၊ မင်း မန္တလေးမှာဘဲ အခြေချနေတာလားလို့၊ ဟသာတကိုရော ပြန်သေးလား။

ငယ်စဉ် State ကျောင်းထဲက သူငယ်ချင်းတတွေ မတွေ့တာ ကြာပြီ၊ ဟိုတစ်နှစ်ကျော်လောက်က မန္တလေးမှာ တွေ့ခဲ့သေးသည်။ နောက်ပိုင်း မတွေ့တော့၊ ကိုယ်လည်း အသက် (၆၀) ပြည့် ပင်စင်ယူပြီး၊ အေးအေးငြိမ်းငြိမ်း မစားနိုင်တော့၊ တက်သမျှ ပညာလေးနဲ့ ရုံးခန်း ဖွင့်ပြီး လုပ်ကိုင်နေသည်။
သူငယ်ချင်းတွေကိုလည်း တကူးတကနဲ့ ဒီအလုပ် လုပ်နေပါသည်ဟု မပြောမိခဲ့။

"အေး ဟုတ်တယ်၊ ငါလည်း ပင်စင်ယူပြီး ဒီမှာဘဲ ရုံးခန်းလေး ဖွင့်ထားတယ်၊ ဘယ်သူကိုမှ သိပ် မပြောဖြစ်ဘူး"

"အင်း၊ ဟိုတစ်လောက ဟသာတ၊ အထက (၁) ကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲကို လာတာလည်း မတွေ့ဘူး။ ဒေါက်တာဇော်ဝင်းတို့၊ အောင်တင်တို့လည်း လာကြတယ်။ ငါလည်း သွားတယ် သူတို့ ပြောလို့ သိတာ၊ မင်း ရန်ကုန်မှာ ရုံးခန်း ဖွင့်ထားတယ်ဆိုတာ"

"ဟုတ်တယ်၊ ငါလည်း မအားဘူး၊ ပင်စင်ယူပြီးမှ Monday to Saturday ရုံးတက်တယ်။ မနက် ၉း၀၀ ကနေ ညနေ ၅း၀၀ လောက်ထိ၊ ယ်စဉ်တောင်ကျေးကလေးဘဝကတည်းက သူငယ်ချင်းများနှင့် ပညာရင်နို့သောက်စို့ခဲ့ရသော အမိမြေ ဟသာတ၊ အထက (၁) ကျောင်းသား ဟောင်းများ၏ ဆရာကန်တော့ပွဲသို့ သွားချင်မိသည်က အမှန်ပင်၊ အသက် ၆၀ ကျော်ခဲ့ပြီဖြစ်သော သူငယ်ချင်းများ ဆုံတွေ့၍ သူ့အကြောင်း ကိုယ့်အကြောင်း ဟန်မဆောင်ဘဲ အားပါးတရ ပြောလိုက်ချင်သည်။ တမလွန်သို့ မပြောင်းသေးသော ဆရာကြီး၊ ဆရာမကြီး များကို မြတ်မြတ်နိုးနိုး ပူဇော်ကန်တော့ချင်သည်။ သို့သော် အလုပ်က မအားလပ်၊ အစိုးရ အလုပ် မဟုတ်တော့ဘဲ ကိုယ်ပိုင် အလုပ်ဟု ဆိုနိုင်သော်လည်း၊ ကိုယ်နှင့် ဆက်စပ် လုပ်ကိုင် နေသူများသည် ကိုယ်ရုံးမတက်သည့် အတွက်ကြောင့် ထိခိုက်နစ်နာမှု မဖြစ်စေချင်။

"အောင်တင် မင်း သိတယ်မို့လား၊ ဆရာကန်တော့ပွဲ ရှိတာလည်း သိတယ်မို့လား"၊

သူငယ်ချင်းက မင်း လာသင့်တယ်၊ ဘာကြောင့် မလာတာလဲဟု မဆိုယုံတစ်မယ်၊

"ငါ သိပါတယ်၊ အောင်တင်တို့ဘဲ ဆရာကန်တော့ပွဲအတွက် လာကောက်လို့ အလှူငွေ သုံးသောင်း ထည့်လိုက်သေးတယ်။"

"အဲ့ဒါ မင်းကြားသေးလား"

"ဘာကိုလဲ"

"အောင်တင်လေ နောက်မိန်းမ ယူထားတယ်၊ သူ့ သမီးထက် ငယ်တဲ့ ကောင်မလေးတစ်ယောက်နဲ့"

ဘာမှ ပြန်မပြောဘဲ အံ့သြကြီးစွာ ဖြစ်ရသည်။ ဒီလို ဇာတ်လမ်းမျိုးတွေ အများကြီး ကြားဘူး ပေမယ့် အောင်တင် တကယ် ယူသွားပြီ ဆိုတော့ စိတ်တွေ ဟိုးအဝေးဆီ ပြန့်နေမိသည်။

အောင်တင်သည် ဖော်ရွေသည်၊ အပေါင်းအသင်း ကောင်းသည်၊ တက်တက်ကြွကြွ ရှိသည်၊ လူချစ်လူခင် ပေါသည်။ ဘောလုံးကစားသမားကောင်း ဖြစ်သည်။

လက်ရှိ မဟုတ်တော့သော ယခင် မိန်းမနဲ့ ငယ်ငယ်ကလေးထဲက အိမ်ထောင်ကျခဲ့ခြင်း ဖြစ်သည်။ တစ်ကျောင်းထဲ သူငယ်ချင်းများ ဖြစ်၍ သူတို့ချင်း ချစ်၍ ကြိုက်၍ ယူခဲ့ကြခြင်း ဖြစ်သည်။

တိုင်းအဆင့်ဌာနကြီးတစ်ခုတွင် အကြီးအကဲ၊ ဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူး အဆင့်ထိ တာဝန်ထမ်းဆောင် ပြီးမှ ပင်စင်ယူခဲ့သူ ဖြစ်သည်။ သို့သော် အလုပ်က မနားသေး၊ နေပြည်တော်တွင် အပြင်အလုပ်တွေ လုပ်နေသည်ဟု ကြားသည်။ ဘာရယ်လို တိတိကျကျ မသိ၊ မနှစ်က ဘုန်းကြီးကျောင်းတွင် ပြုလုပ်သော သူ့သမီး မင်္ဂလာဆောင်ကို သွားလိုက်သေးသည်။

အခုတော့ သူတစ်လှည့် မင်္ဂလာဆောင်ဦးမလား မသိ၊ သူနဲ့လည်း အဆက်အသွယ် မရှိတော့ ဟိုတစ်လောက သူနဲ့ တွေ့လို့ ယူထားတဲ့ ဖုန်းနံပါတ်ကို ဖုန်းနဲ့ မှတ်ထားတာ အခုတော့ မရှိဘူး ပျက်သွားပြီ။ ဒါကိုလည်း တော်တော် စိတ်မကောင်း ဖြစ်မိသည်။ သားလုပ်တဲ့သူဝယ်ပေးထားတဲ့ iPhone 4S ကို ခေတ်မှီစွာနဲ့ ရွရွလေး ကိုင်ထားသည်။ တစ်လောက New Year Message တွေ ပို့ကြသည်။ ကိုယ်က စပြီး မပို့ ဖြစ်ခဲ့ပေမယ့် Same to you ဆိုပြီး ပို့ရတာပေ့ါ။ New Year တစ်နှစ်မှာ တစ်ကြိမ် ပို့ရတာ ခက်တာက Massageက မထွက်၊ တန်ဖိုးကြီး ဖြစ်လျှက်နဲ့ Massageက မထွက်တော့ စိတ်က မကောင်း၊ အိမ်က သားကလည်း အလုပ် များသည်၊ တစ်အိမ်ထဲ နေပေမယ့် တစ်နေ့တစ်ကြိမ် မြင်တွေ့ရသည် မဟုတ်။

သူက Website Developer သူ့အလုပ်မှာ Internet Connectionက အရေးကြီးသည်။ Connection နှေးနေရင် အလုပ် မရတော့၊ Internet Connection တွေ မြန်အောင် လုပ်နေသည်ဟု သတင်းစာတွေထဲမှာ ဖတ်ရသည်။ ဖတ်ရတာ နှစ်နဲ့ ချီပြီး ကြာခဲ့ပြီ၊ ခုထိတော့ ထူးမခြားနား။

အဲ့ဒီတော့ သားလုပ်တဲ့ လူက ညဘက် Internet Connection မြန်သည်ဆိုတော့ ညဘက်ပါ အလုပ်ဆင်း ရသည်၊ အော် IT ခေတ်မှာ ပညာနဲ့ လုပ်စားရတာ မလွယ်ပါလား။

IT ခေတ်မှာဘဲ IT နဲ့ ဆက်စပ်ပစ္စည်းတွေ ဆက်စပ်လုပ်ငန်းတွေကို ငွေကြေးရင်းနှီးပြီး လုပ်ပိုင်ခွင့်တွေနဲ့ လုပ်ကိုင်နေကြသူ အချို့ကတော့ ချမ်းသာနေလိုက်ကြတာ၊ အော်... ဟိုရောက် ဒီရောက် ဖြစ်ကုန်ပြီ၊ ပြောချင်တာက သား အလုပ် မအားတော့ ရုံးက ဝန်ထမ်းလေးကို "ငါ့ ဖုန်း Message မထွက်လို့ ထွက်အောင် ဆိုင်တစ်ဆိုင်ဆိုင် သွားလုပ်ခိုင်းစမ်းပါကွဲ၊ iPhone ဆိုတော့ ဆိုင်တိုင်းကတော့ လုပ်တတ်မှာ မဟုတ်ဘူး၊ သေချာ မေးမြန်းပြီး အပ်ခဲ့ " သေချာ ပြောပြီးမှ လုပ်။

ရန်ကုန်မြို့လယ်က iPhone၊ iPad ရောင်းတဲ့ ဆိုင်တစ်ဆိုင်ပါဘဲ၊ နာမည်တော့ မပြောချင်တော့ဘူး "ဟုတ်ဂဲတာ မြှင့်လိုက်ရင် Message ထွက်လောက်တယ်"လို့ ပြောပြီး Version မြှင့်လိုက်တယ်၊ ပိုက်ဆံ တစ်သောင်း ယူလိုက်တယ်၊ ပြီးတော့ Messageလည်း မထွက်ဘူး၊ နောက်မှ သားအားတဲ့ အချိန်စောင့်ပြီး ပြောလိုက်တော့ Message ထွက်အောင် သားက လုပ်ပေးလိုက်တယ်၊ သားက ပြောတယ် "Message မထွက်တာနဲ့ Version မြှင့်တာနဲ့ ဘာမှ မဆိုင်ဘူးတဲ့"

ပြောချင်တာက Game တွေတော့ ပျက်ရင် ပျက်မယ်၊ ဖုန်း နံပါတ် နဲ့ ဓါတ်ပုံတွေ ထည့်ပေးလိုက်မယ်လို့ ဖုန်းဆိုင်က ပြောလိုက်ပေမယ့် Sim Card ထဲက Phone နံပါတ်တွသာ ကူးထည့်လိုက်ပြီး၊ အရင်ဒီ iPhone 4Sနဲ့ ထည့်ထားတဲ့ Phone နံပါတ်တွေ အကုန် ပျက်သွားတာဘဲ။

ခေတ်မီတဲ့ Style နဲ့ စက္ကူစာရွက်တွေနဲ့ မမှတ်တော့ဘဲ သူငယ်ချင်းတွေနဲ့ တွေ့ရင် iPhone နဲ့ပဲ မှတ်ထားတဲ့ Phone နံပါတ်တွေ၊ Email တွေ၊ Notes တွေ Reminders တွေ အကုန် ပျက်ကုန်တာပါဘဲ။ အဆိုးဆုံးကတော့ မြန်မာ Font မရတော့ မြန်မာသတင်းတွေကို ဖတ်လို့ မရတော့ဘူး၊ စိတ် တော်တော်ကုန်သွားတယ်။

iPhone ပြင်တဲ့ဆိုင် ဖွင့်ရင် iPhoneကို ပြင်ရင် iPhone ကိုတော့ သေချာ နားလည်သင့်တယ်။ စမ်းတဝါးဝါးတော့ မလုပ်သင့်ဘူး၊ ဒါမှမဟုတ် Customer နားလည်အောင် သေချာ ရှင်းပြပြီး ကျေနပ်အောင် လုပ်ပေးသင့်တယ်မလား။ ဒီနေ့ တိုက်တိုက်ဆိုင်ဆိုင် နောက် ဖုန်းတစ်ခု ဝင်လာပြန်ပြီ၊ ထုံးစံအတိုင်း နာမည် မပေါ်တော့တဲ့ ဖုန်းနံပါတ်ကို ကိုင်လိုက်သည်။ တစ်ဖက်က အရမ်း ရင်းနှီးတဲ့ တပည့် တစ်ယောက်

"ဆရာ သိပြီးပြီလား၊ ဦးဆွေမင်း ဆုံးသွားပြီ"

"ဘာ၊ ဘယ်သူ"

ဖုန်းက မန္တလေးက ဝင်လာတာ၊ ရုတ်တရက်မို့ အာမေဋိတ် ဖြစ်သွားသည်။

"ဆရာတို့ သူငယ်ချင်းလေ၊ ရွှေနေ ဦးဆွေမင်း၊"

"ဟယ်၊ ဘာသံ မကြား၊ ညာသံ မကြား။"

ဆရာ မကြားလို့ပါ၊ ဟိုတစ်လောက ကျောက်ကပ်ဖြစ်လို့ စင်ကာပူမှာ သွားကုရသေးတယ်လေ၊ ပြန်လာတာ မကြာသေးဘူး။ လွန်ခဲ့တဲ့ (၆) လလောက်က သူ့အမျိုးသမီး ဆုံးသွားတာ၊ တရားရေး ဝန်ထမ်းဟောင်း တစ်ဦး ဖြစ်သည်။ ထက်မြက်သည်၊ တက်ကြွသည်၊ ဥပဒေပညာကို သေချာ လေ့လာသည်၊တရားဥပဒေ စာအုပ်တစ်အုပ်ပင် ထုတ်သွားသေးသည်။ တရားမ ဥပဒေစာအုပ်လည်း ပြုစုခဲ့သည်။ တရားရိပ်သာ တစ်ခုလည်း လှူခဲ့သည်။ တရားစခန်းလည်း အကြိမ်ကြိမ် ဝင်ဖူးသည်။ ကျန်းမာရေး အလှူ အခမဲ့ ဆေးခန်းတစ်ခုလည်း ထူထောင်ခဲ့သည်။ ပညာ ဆက်လက် မသင်ကြားနိုင်သည့် ဆင်းရဲနွမ်းပါးသူ လူငယ်များအတွက် ပညာရေး Foundation တစ်ခု ထူထောင်ခဲ့သေးသည်။ မန္တလေးမြို့ Sedona မှာ လုပ်ခဲသည့် သူ့ရဲ့ Foundation ဖွင့်ပွဲတွင် သူ့ ပြောစကားတစ်ခုကို အမှတ်တရ ဖြစ်မိသည်။

"ကျွန်တော် သူများလို ချမ်းသာလို့ Foundation ထောင်တာ မဟုတ်ပါဘူး။ ကျွန်တော့်မှာ ရှိတာ ဒါအကုန်ပဲ"

ပြီးတော့ ကွယ်လွန်ခဲ့ပြီဖြစ်သော သူ့ဖခင်ကို တိုင်တည်ခဲ့သည်။

"အဖေရေ၊ သားဒီလို လုပ်နိုင်ခဲ့ပြီတဲ့၊ လူ့ဘဝ၊ လူ့ လောက၊ တရားကျစရာတွေပါလား။ ဒီနေ့မှာပဲ အသက်(၆၀) ကျော် ငယ်သူငယ်ချင်း တစ်ဦး၊ ငယ်မူပြန်တွေး၊ ချစ်ရေးပင်လာ၊ အပင်သစ် ထူထောင်ခဲ့ပြီ။

ဒီနေ့မှာပဲ အသက် (၆၀)ကျော် သူငယ်ချင်းတစ်ဦး၊ လူ့ဘဝ ဇာတ် အမြစ်ဖြတ်၍ ပြတ်ပြတ်သားသား လုပ်ခဲ့ပြီ။

မြန်မာပြည်ကြီးဟာ ကမ္ဘာကြီးနှင့်အတူ ပုံမှန်လည်နေမြဲ။

ICT နည်းပညာကား တိုးတက် ဆန်းသစ်နေမြဲ။

လူသားတို့ကား "အထောသရီရမို့ ဇရာဉပေတိ။"

အထော - ထို့အပြင်၊ သရီရမို့ - ကျေးဇူးသုတ်သင် နေ့စဉ်နှင့်အမျှ မွမ်းမံခြယ်သကာ - တယုတယ စောင့်ရှောက်၍နေကြသော သူသူငါငါ ဤခန္ဓာကိုယ်ကြီးသည်လည်း - ဇရာဉပတိ - ပြုပြင်ရင်းက အိုမင်းဆွေးမြေ့ တရွေ့ရွေ့နှင့် ပျက်စီး၍ သွားရမြဲသတည်း။

# နှစ်အပြောင်းကို စိတ်ကောင်းလေးနဲ့ ကြိုဆိုကြပါစို့

TZO




ကိုဘအေး တို့ဟာ ကမ္ဘာသုံး ပြက္ခဒိန်အရ (၂၀၁၂) ဆိုတဲ့ ကာလ အပိုင်းအခြား တစ်ခုကို ကျော်လွန် ဖြတ်သန်းခဲ့ကြပြီး (၂၀၁၃) ဆိုတဲ့ ကာလ အပိုင်းအခြားတစ်ခု အတွင်းကို ချဉ်းနင်း ဝင်ရောက်နေကြပြီ ဖြစ်ပါတယ်။ နှစ်ဟောင်း တစ်နှစ် ကုန်ဆုံးလို့ နှစ်သစ်ကို ကူးပြောင်း ရောက်ရှိလာတယ်လို့ လည်း ဆိုရမှာပေါ့။ တစ်နည်းအားဖြင့် ကိုဘအေးတို့ အသက် တစ်နှစ် ပိုရှည်လာကြပြီပေါ့။ ဒေါင်ဒေါင်မြည် ကျန်းမာရေး မဟုတ်ပေမယ့် အသက် တစ်နှစ် ပိုရှည်လာတာကိုတော့ ပမ်းသာ ပီတိ ဖြစ်ရပါတယ်။ ဒီဇင်ဘာဖွား ကိုဘအေး အဖို့ မွေးလကျော်တာနဲ့ နှစ်တစ်နှစ် ကုန်ဆုံး တာနဲ့ အကိုက် ဖြစ်နေပါတယ်။ အသက် တစ်နှစ် ကြီးလာပြီဆိုတော့ သူများ တွေထက် ပိုပြီး သိသာတာပေါ့နော်။

တစ်ခါက ကိုဘအေး ရေးခဲ့ဘူးသလိုပဲ ပင်စင်ယူပြီး (၁)နှစ် (၂)နှစ်သာ နေ သွားကြရတာတွေ ရှိကြပါတယ်။ ပြည်ထောင်စုရိပ်သာမှာ အတူနေခဲ့တဲ့ ဘဘသိန်း ဆိုရင် ဆောက်လုပ်ရေးမှာ ပင်စင်ယူပြီးတော့ အကြံပေးနဲ့ တစ်နှစ် ပြန်လုပ်ပြီး Heart Attack နဲ့ ဆုံးသွား တာပါ။ ကိုယ့်အရင် အငြိမ်းစား ယူသွား ကြတဲ့ ဆရာသမားတွေ လုပ်ဖော်ကိုင်ဖက် စီနီယာ အကိုကြီးတွေ ဆိုရင်လည်း ဒီလိုပါပဲ။ ဒါကြောင့် ကိုဘအေး အနေနဲ့ ပင်စင်ယူပြီး တစ်နှစ်တော့ လွန်မြောက် လာပြီဆိုတဲ့ အသိနဲ့ ဂမ်းမြောက်မိတာပါ။ နောက်ထပ် ဘယ်နှစ်နှစ် နေရဦး မလဲဆို တာကတော့ ကိုယ်လည်းမသိနိုင်ပါ။ အနေအထိုင်၊ အစားအသောက်ကို ဆင်ဆင်ခြင်ခြင်နဲ့ နေသွားမယ်ဆိုရင်တော့ သက်တမ်းစေ့လေး နေနိုင်သွားမယ် ထင်ပါတယ်။ မွေးနေ့တွေမှာ ဆုတောင်း ကြသလို အသက် ၁၂၀ ကျော် ရှည်စေသောဂ် ဆိုတာမျိုးလည်း မလို ချင်ပါဘူး။ အသက်ရှည်ရာ အနာမဲ့ကြောင်း ဆိုသလိုပဲ အနာရောဂါ ခံစားပြီးတော့လည်း အသက်ရှည် မနေချင်ဘူး။ ကိုယ့်အရှိုး ကိုယ့်မသယ်နိုင်တော့တဲ့ ဘဝမျိုးနဲ့လည်း အသက်ရှည်ပြီးတော့ မနေချင်တာ အမှန်ပါ။

အသက်ရှည်တာနဲ့ ပတ်သက်ပြီးတော့ မဒမ်ဘအေး ကျောင်းက ဆရာမ ဒေါ်ခင်အေးမြင့် ဌားလိုက်တဲ့ ဆရာတော် မေတ္တာရှင် (ရွှေပြည်သာ) ရဲ့ "စိတ်ဝင် စားဖွယ်ကောင်းသော အမေးအဖြေများ ဆိုတဲ့" စာအုပ်မှာရေးထားတာ ကိုဘအေး ဖတ်လိုက်ရတာ လေးပြောချင်ပါတယ်။ ဆရာတော်ရဲ့ ရွှေပြည်သာက ကျောင်းကို တောင်ဥက္ကလာကနေ ဘတ်စ်ကား(၃) ဆင့်လောက်စီးပြီး တရားလာနာတဲ့ အသက် (၉၆) နှစ်အရွယ် ယောဂီဂတ်စုံ အဖွား တစ်ယောက်ကို အသက်ရှည် ကျန်းမာ အောင် ဘယ်လိုနေထိုင် စားသောက် ပါသလဲလို့ မေးတဲ့အခါ သဘာဝကျကျ ဖြေလိုက်တာကတော့ " ကိုယ့်အသက် ရှည်ချင်ရင် သူများအသက်တွေ ( သားငါး တွေ) သိပ်မစားနဲ့ပေါ့။ အသွားက သားကြီး ငါးကြီးတွေ မစားဘူး။ ငါးပိ၊ ငါးခြောက် နည်းနည်း ပါးပါး တော့ စားပါတယ်" လို့ဖြေပါတယ်။

နောက်တစ်ဦးကတော့ သရက်မြို့က ရှင်ပြုအလှူပွဲ တစ်ခုမှာ ဆရာတော် သွားရောက် တရားဟောစဉ် ဆရာတော်ရဲ့ စာဖတ်ပရိသတ်ဖြစ်တဲ့ တောရ ဆရာတော်ကြီး တစ်ပါးက တွေ့လိုက်တယ် ဆိုတဲ့အတွက် သွားရောက်ဖူးတွေ့တဲ့ အခါမှာ ဆရာတော်ကြီးဟာလည်း သက်တော် (၉၆) နှစ်ရှိပြီး ဒေါင်ဒေါင် မြည်အောင် ကျန်းမာနေတာကိုတွေ့ရတော့ သက်ရှည်ကျန်းမာအောင် နေထိုင်ပုံကို မေးလျှောက်ကြည့်တဲ့အခါ " တပည့်တော်က အသားငါးတွေသိပ် မစားဘူး၊ အသီးအရွက်ပဲဦးစားပေးစား တယ်။ လျောင်း၊ ထိုင်၊ ရပ်၊ သွားကွဲရိယာ ပုတ်လေးပါးမျှတအောင်နေတယ်၊ တရားနဲ့ နေတော့ စိတ်လည်း အမြဲ အေးချမ်း တာပေါ့။ ဒါကြောင့် အသက်ရှည်တယ် ထင်တာပဲ" လို့ ဆရာတော်ကြီးက အမိန့် ရှိသတဲ့။

အဲဒီစာအုပ်ထဲမှာ ဘာဂတရားကြီးဟာ အသားစားတဲ့သတ္တဝါတွေရဲ့ အူကို တိုပေးထားပြီး အသီးအရွက်စားတဲ့ သတ္တဝါ တွေရဲ့ အူကိုတော့ ရှည်ပေးထားကြောင်း၊ အသားဟာ ခန္ဓာနဲ့ မသင့်တဲ့အတွက်ကြောင့် အစာဟောင်းအဖြစ် မြန်မြန် စွန့်နိုင်ဖို့ သဘာဝတရားကြီးက အူကို တိုပေးထားခြင်း ဖြစ်ကြောင်း အသီးအရွက် မှန်သမျှဟာ ဆေးဖက် ဝင်တာကြောင့် အူထဲမှာ ကြာကြာနေရအောင် အသီးအရွက် စား သတ္တဝါတွေရဲ့ အူကို ရှည်ပေးထားခြင်း ဖြစ်ကြောင်း၊ လူတွေဟာ အသီးအရွက်စား အုပ်စုမှာ ပါဝင်ကြောင်း၊ လူသားတွေရဲ့ အူကို လေ့လာကြည့်တဲ့အခါ ရှည်လျား နေတာကို တွေ့ရကြောင်း၊ ယောကျ်ား တွေရဲ့ အူဟာ (၃၂) ပေရှည်ပြီး၊ မိန်းမ တွေရဲ့ အူဟာ (၂၈) ပရှည်ကြောင်း (ဒါကြောင့် မိန်းမတွေကို အူတိုမျိုးလို့ ပြော တာနေမှာ) ပြောရရင်တော့ လူတွေဟာ အသားငါးတွေထက် အသီးအရွက်တွေကို ပိုပြီး စားသုံးသင့်တယ်လို့ ဖော်ပြနေတာပါ။ သား၊ ငါးတွေ ကို အလွန်အကျွံ စားသုံးတာ၊ အစိမ်းစားတာ၊ မကျတ်တကျက် စားတာ တွေဟာ ကင်ဆာရောဂါ ဖြစ်စေနိုင်တဲ့ အကြောင်းများကိုလည်း ဆေးပညာရှင်တွေ အမြဲ ပြောနေတာကို ကိုဘအေးတို့ သိနေတာပဲ။ အသက်ကို ဉာဏ်စောင့်ဆိုတဲ့ စကားလည်း ရှိပါတယ်။ အသိဉာဏ်နဲ့ ယှဉ်ပြီး နေထိုင်စ ားသောက်သွားမယ်ဆိုရင် အသက်ရှည်ရှည် နေသွားကြရမှာပါ။ (ကျန်းမာရေး အကြောင်းတွေ သိပ်ပြော လို့မဖြစ်သေးဘူး၊ တော်ကြာ ဒေါက်တာ ပီတိက သူ့အလုပ်တွေ ဝင်လုပ်နေတယ် ပြောနေဦးမယ်)

နောက်တစ်ခုက သီလမြဲရင် အသက် ရှည်တယ်တဲ့။ မြတ်ဗုဒ္ဓ ဟောကြားတော် မူခဲ့တဲ့ တရားတော်တွေ ထဲမှာလည်း ရှိပါတယ်။ ဆရာတော်တွေ သံဃာတော် တွေ ဟောကြားတဲ့ တရားတော်တွေ ကိုလည်း ဖတ်ဖူးနာဖူးပါတယ်။ အနိမ့်ဆုံး အဆင့် သောတပတ္တိဖိုရ် တည်ရင် သောတာပန် ဖြစ်ရင်လည်း ငါးပါးသီလကို အသက်နဲ့လဲပြီး လုံခြုံတယ်လို့ သိရပါတယ်။ ဒါ့အပြင် ပုထုဇဉ် သူတော်ကောင်း ပုဂ္ဂိုလ် တွေလည်း ငါးပါးသီလလုံခြုံတာ ရှိပါတယ်။ ဒါပေမယ့် သောတာပန် ငါးပါးသီလ လုံတာက မွေ့ကစောင့်တာ၊ ဒီဘဝတင် မကဘူး၊ နောင်သံသရာ အဆက်ဆက်ပါ လုံသွားတာ၊ ပုထုဇဉ် အနေနဲ့က ပုဂ္ဂိုလ်က စောင့်ရှောက်တာဆိုတော့ မသေချာဘူး၊ မစောင့်ရှောက်နိုင်တဲ့ အချိန်မှာ ဖောက် ဖျတ်မိတာပဲ။

ကိုဘအေးတို့က ပုထုဇဉ်တွေပါ၊ သီလမြဲရင် အသက်ရှည်တယ်ဆိုတာလည်း သိပါတယ်။ ဒါပေမယ့် ကံငါးပါးမှာ အဒိန္နဒါနာ ဆိုတဲ့သူတစ်ပါးဉစ္စာပစ္စည်းကို ခိုးပုက်ယူငင်တာ၊ ကာမေသုမစ္ဆာစာရဆိုတဲ့ သူတစ်ပါးသားမယားကို ပြစ်မှား ကျူး လွန်တာ၊ သုရာမေရယမဇ္ဇပမာဒဌာန ဆိုတဲ့ အရက်သေစာသောက်စားတာ၊ ဒီကံ သုံးပါးသီလသုံးပါးကို ကြိုးစားပြီးစောင့်ထိ န်းနိုင်ပါတယ်။ ကျန်တဲ့နှစ်ပါးဖြစ်တဲ့ ပါဏာတိပါတာ နဲ့ မုသာဝါဒ ကတော့ အလိုလိုနေရင်း ချိုးဖောက် မိနေတဲ့ ကံတွေဖြစ်နေပါတယ်။ ခြင်တစ်ကောင် ရိုက်လိုက်မိတာ၊ ပုရွက်ဆိတ်တစ်ကောင် သတ်လိုက်မိတာက ဘယ်လို ဆင်ခြေ မျိုးပေးပေး ပါဏာတိပါတာကံ ကျူးလွန် လိုက်တာပါပဲ။ အဆိုးဆုံးက အိမ်မှာ ကြွက်တွေ သောင်းကျန်လွန်းတော့ တံခါးတွေကို ဘယ်လိုပဲပိတ်ဆို့ ထားထား အထဲရောက်ပြီးတဲ့ ကောင်တွေက ပြန်မထွက်တော့ပါ။ မတတ်နိုင်တဲ့အဆုံး ထောင်ချောက်တွေနဲ့ ထောင်ရပါ တော့တယ်။ ပိုးဟပ်တွေလည်း ဒီလိုပဲ၊ ပိုးသတ်ဆေးနဲ့ ဖျန်းပစ်ရပါတယ်။ ဒီလိုကိစ္စတွေက အမြဲတမ်းတော့မဟုတ်ပဲ ရံဖန်ရံခါဆိုတော့ မနက်တိုင်း ဆွမ်းတော်ကပ် ဘုရားရှိခိုးရင် ငါးပါးသီလ ယူနေတဲ့ ကိုဘအေး ပြန်ဖြေပါတယ်။ ကျန်တဲ့အချိန်တွေမှာ သီလမြဲ အောင် နေပါတယ် ဆိုပြီးတော့ပေါ့။

အော်.........တစ်ခုကျန်သေးတယ်၊ ကိုဘအေးတို့ ကျင်လည်နေတဲ့ လူ့ဘဝမှာ မုသားမပါ လက်မချောဆိုသလိုပဲ တစ်ခါတလေ အကြောင်းကြောင်းကြောင့် မုသား ပြောလိုက်ရတာတွေလည်း ရှိပါတယ်။ ဒါကိုလည်း စောစောကလိုပဲ အမြဲမှ မဟုတ်တာဆိုပြီး ပြန်ဖြေရ ပါတယ်။ဘယ်လိုပဲဖြစ်ဖြစ် ကိုဘအေးတို့ တွေ အသက်သက်ရှည်ရှည် နေချင်တယ် ဆိုရင်တော့ သီလမြဲအောင် နေကြရမှာ မဟုတ်ဘူးလား။

ကိုဘအေးတို့ဟာ နှစ်ဟောင်းတစ်နှစ် ကုန်ဆုံးပြီး ဖြစ်တဲ့အတွက် ဘဝသက်တမ်း မှာ ခရီးတစ်ထောက်လွန်ခဲ့ပြီး နောက်ထပ် ခရီးတစ်ခု စတင်ထွက်ခွာနေပြီ ဖြစ်ပါတယ်။ ဘယ်သူမဆို ကျော်လွန် ဖြတ်သန်းခဲ့ရတဲ့ ခရီးတစ်ထောက်မှာ လောကဓံတရား ရှစ်ပါးနဲ့ တွေ့ကြုံခဲ့ရမှာ ဖြစ်ပြီး ကောင်းကျိုး ဆိုးကျိုးတွေကိုလည်း ခံစားစံစား ခဲ့ကြရမှာ ဖြစ်ပေမယ့် ဒါတွေကိုတွေးတော တမ်းတ မနေတော့ဘဲ နောက်လာမယ့်ခရီးအတွက် ပြင်ဆင်လုပ်ဆောင်ဖွယ်ရာ ရှိတာတွေကို စဉ်းစားကြံဆကြရမှာ ဖြစ်ပါတယ်။

လူ့ဘဝမွေ့တာအရ ပစ္စုပ္ပန်ကို သာတည့်တည့် ရှုကြရမှာဖြစ်တဲ့အတွက် ဒီနှစ်မှာတော့ ဘယ်လိုကောင်းအောင် ကျင့်ကြံနေထိုင်သွားမယ်ဆိုတာ ကြံစည် တွေးတောရမှုဖြစ်ပါတယ်။

အဓိကအားဖြင့်တော့ ဘယ်အချိန် အခါမှာပဲဖြစ်ဖြစ်၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် ဘာပဲလုပ်လုပ် စိတ်ကောင်း၊ စေတနာ ကောင်းထားပြီးတော့ တစ်နည်းအားဖြင့် စိတ်ဓါတ်ကောင်း မွေးမြူပြီးတော့ လုပ်ကိုင်သွားကြဖို့ အရေးကြီးကြောင်း ကိုဘအေးတစ်ယောက် တွေးထင်မိပါတယ်။

GOLDEN CROWN
Engineering Training Centre
အမှတ် (၁၉၀)၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်။
ဖုန်း – ၀၁-၃၇၃၀၃၀, ၀၉-၅၃၂၃၉၈၂

| စက်ရုံ၊အလုပ်ရုံ၊အိမ်သုံး လျှပ်စစ်သွယ်တန်းမှုသင်တန်း | ဂဟေဆက်သင်တန်း (3G,4G,5G,6G) ပိုက်ဖစ်တာသင်တန်း စတီးဖစ်တာသင်တန်း | CNC(Computerized Numerical Control) | စက်ရုံသုံးမော်တာထိန်းချုပ်မှုသင်တန်း Industrial Motor Control |
|---|---|---|---|
| Time - 4:00 To 6:00 (Mon,Tue) Duration- 2 Months | Time - 1:00 To 4:00 (Thurs,Fri,Sat,Sun) Duration- 1 Months | Time - 8:00 To 12:00(Sat) 1:00 To 5:00(Sun) Duration- 2 Months | Time - 2:00 To 4:00 (Mon, Tue) Duration- 2 Months |

UK အသိအမှတ်ပြု LCCI ဒီပလိုမာသင်တန်းများ
LCCI Level ( I ) & (II)
LCCI Level (III)
For June Exam Series
လက်တွေ့လုပ်ငန်းခွင် ဝင်နိုင်အောင် စာတွေ့/လက်တွေ့ ဦးစားပေးသင်ကြားပေးသည်။
တန်းခွဲသစ်အတွက် ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ။

အိုင်စီတီ ဂျာနယ်
MYANMAR ICT JOURNAL
Volume 2, Issue 3

# မရှားပါးသော ထူးခြားဖြစ်စဉ်

Dr. PTS

ICTဂျာနယ်၏ Healthကဏ္ဍပင်တိုင် စာရေးသူအဖြစ် အပတ်စဉ် ရေးသားတင်ပြခဲ့ရာ၌ ကလေးသူငယ်တို့၏ ကျန်းမာရေးနှင့် ပတ်သက်သော အကြောင်းအရာများကို ပိုမိုအသားပေး ဖော်ပြခဲ့မိသည်ကိုအပတ်စဉ် အားပေးဖတ်ရှုသူများ သတိထားမိကြပေလိမ့်မည်။ ပန်းကလေးများကဲ့သို့ နုနယ်၍ ချစ်စဖွယ်ဖြစ်သော ကလေးသူငယ်များသည်ကား အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်သည်နှင့်အညီ ကာကွယ်၍ ရနိုင်သော အကြောင်းအရာ၊ စောစီးစွာ ကုသ၍ရနိုင်သော အကြောင်းအရာများကို အသားပေး ဖော်ပြရခြင်းလည်းဖြစ်သည်။ မသိ၍ မကုလိုက်မိခြင်းမဖြစ်ရလေအောင်၊ အချိန်လွန်ပြီးကာမှ မကုသနိုင်လိုက်ခြင်းမျိုး မဖြစ်ရလေအောင် မိမိ၏အတွေ့အကြုံများပေါ် အခြေခံ၍ ရေးသားတင်ပြရခြင်း လည်းဖြစ်ပါသည်။ ထိုအထဲတွင် သူငယ်နာအကြောနှင့် ကြွက်သားအားနည်းရောဂါ Cerebred Palsy CP ရောဂါသည် ကလေးငယ်များအကြောင်းလည်း ရံဖန်ရံခါ ပါရှိခဲ့သည်ကို စာဖတ်သူ မိဘပြည်သူများ မှတ်မိကောင်း မှတ်မိကြပေလိမ့်မည်။

ကာလဒေသကို လိုက်၍လည်းကောင်း ရာသီဖျား ရာသီနာများနှင့် ဆက်စပ်၍လည်းကောင်း မိမိတို့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် လတ်တလော ကြုံတွေ့ရသည့် အဓိက ပြဿနာများကိုသာ ဦးစားပေး၍ လက်တွေ့နှင့် တစ်ထပ်တည်း အကြောင်းအရာများကိုလည်း ကြိုးစားတင်ပြနေခဲ့မိပါသည်။ ယခင်ကာလများကရေးခဲ့သော စာမူဟောင်းများကိုလက်တွေ့ ပစ္စုပ္ပန် အချိန်နှင့် ကိုက်ညီမှုမရှိလျှင် မပေးပို့ဖြစ်ခဲ့ပါ။ ယခုလည်း မိဘပြည်သူများ၏ရင်ဖွင့်လိပ်ခဲ တည်းလည်း ဖြစ်နေမည်။ ထို Cerebral Palsy ရောဂါအကြောင်းကို ယခင် တင်ပြခဲ့ သည်များထက် ပိုမိုပြည့်စုံ၍ နားလည် သဘောပေါက်လွယ်အောင် ကြိုးစားတင်ပြပါမည်။ မိမိထက်အသက်ရော ဂုဏ်ပါကြီးမားသော ဆရာကြီးများ ရေးသားခဲ့သော ကျန်းမာရေးပညာပေး စာပေများ၌လည်း ပါဝင်ပြီးဖြစ်သဖြင့် စာဖတ်သူတို့ သိရှိပြီးသား ဖြစ်စေသည့်တိုင် မှတ်ဉာဏ်ကို ပြန်လည်နွှေးပေးခြင်း Refresh Memory လုပ်ပေးသည်ဟုလည်း လက်ခံပေးစေလိုပါသည်။

လူသားတို့၏ ဘဝသည် မိခင်၏ ဂမ်းအတွင်း ကိုယ်ဝန်ဆောင်စဉ်မှစသည်ကို လူတိုင်းသိရှိပြီးဖြစ်သည်။ ဖခင်၏မျိုးရိုးဗီဇနှင့် မိခင်၏ ဗီဇတို့ပေါင်းစပ် သန္ဓေတည်ကာ ဆဲလ်တစ်လုံးမှ နှစ်လုံး၊ နှစ်လုံးမှ လေးလုံး အစရှိသဖြင့် ပွားကာ သန္ဓေသားတစ်ဦး ဖြစ်လာသည်ကိုလည်း သိရှိပြီးဖြစ်မည် ထင်ပါသည်။ အသက်ရှိပြီဟု မသိခင် လောက်ကတည်းကပင် လူတစ်ဦး၏ ပင်မအတွင်းကလီစာများ ပေါ်ထွန်းရန် တာစူခဲ့ချေပြီ။ ၎င်းတို့အထဲတွင် ဦးနှောက် ပေါ်ထွန်းလာမှုသည် အရေးကြီးသောကဏ္ဍ တစ်ခုဖြစ်သည်။ သန္ဓေသား၏ဖြစ်တည် ဖွံ့ဖြိုးကြီးထွားမှုသည် ကိုယ်ဝန်ဆောင်စဉ် တစ်လျှောက်သာမက မွေးဖွား သန့်စင်ပြီးသည့်တိုင်အောင် လိုအပ်နေဆဲဖြစ်ပါသည်။ ထို့ကြောင့် မမွေးဖွားခင်အချိန်မှစ၍ မွေးဖွားပြီး အချိန်ကာလတစ်ခုအထိလူသား တစ်ဦး၏ အင်္ဂါကလီစာများသည် လမ်းကြောင်း မှန်မှန်၊ အချိန်မှန်မှန်ဖြင့် တိုးတက် ဖွံ့ဖြိုးကြီးထွားရန်လိုပါသည်။ ပန်းတိုင် မရောက်ခင် ရပ်တန့်သွားလျှင်ကား ဖွံ့ဖြိုးမှု ချို့တဲ့သော ရောဂါများ ဖြစ်လာတော့မည်။ သို့ဆိုလျှင် ကလေးတစ်ဦး၏ ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အရေးကြီးသော အချိန်ကာလသည်ကား အဘယ်နည်း။

သန္ဓေတည်ချိန်မှစ၍အသက်(၃) နှစ်ဂန်းကျင်အထိ အရှိန်အဟုန်ကောင်းကောင်းဖြင့် ဖွံ့ဖြိုးတိုးတက်နေပါသဖြင့် ၎င်းအချိန်ကာလအတွင်း ပြဿနာရှိလျှင် CP ကဲ့သို့ ရောဂါများ ပေါ်လာရပါသည်။ CP ကို အဓိပ္ပယ် ဖွင့်ဆိုရာ၌ ဖွံ့ဖြိုးဆဲ ကလေး ဦးနှောက် အစိတ်အပိုင်းအချို့ကို အနောက်အယှက် အထိအခိုက်ဖြစ်မိ၍ ခန္ဓာကိုယ်၏ လှုပ်ရှားမှုနှင့် အနေအထားယိုယွင်းလာခြင်းဟု အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ ထိုတစ်ချိန်၌ ထိခိုက်မိသည့် ပမာဏပေါ် မူတည်၍ ရောဂါအတိမ်အနက် ကွာခြားသော်လည်း လိုအပ်သောကုထုံးများကို အချိန်မီ စောစီးစွာမယူထားမိပါက ဦးနှောက်ကိုထပ်၍ ထိခိုက်မည် မဟုတ်သည့်တိုင်အောင် ကြွက်သား၊ အာရုံကြောနှင့် လှုပ်ရှားမှု၊ နေအထား တို့မှာ ပြုပြင်၍မရအောင် ဆိုးရွားသွားတတ်သဖြင့် မိမိတို့၏ ကလေးသူငယ်များတွင် သံသယဖြစ်စရာ လက္ခဏာများရှိပါက စောစီးစွာ ပြသ တိုင်ပင်သင့်ပါသည်။

မည်သည့်အကြောင်းများကြောင့် ဖွံ့ဖြိုးဆဲဦးနှောက်ကို ထိခိုက်ရ သနည်းဟု မေးလျှင် ကြောင်းများစွာရှိပါသည်။



Image Credit: freelogoplanet.com

ရှာဖွေဖော်ထုတ်နိုင်သော ကြောင်းများ ရှိသကဲ့သို့ ၊ ရှိမှန်းသိသော်လည်း မဖော်ထုတ်နိုင်သော(Cryptogenic) အောင်းနေသော အကြောင်းအရာများလည်း ရှိပါသည်။ မေရီကန်ဦးနှောက်နှင့် အာရုံကြော အထူးကု အဖွဲ့ကြီးက တင်ပြရာ၌မူ လေးပုံသုံးပုံခန့်သည် အကြောင်းရင်းမရှိသော (Idiopathic Eauses) များကြောင့် ဖြစ်သည်ဟု ဖော်ပြထားသည်။

အစကောင်းမှအနှောင်းသေချာ ဆိုသကဲ့သို့ ဦးနှောက်နှင့် အာရုံကြောများစတင်ဖြစ်ထွန်းပေါ်ပေါက်စဉ် ကတည်းက ကောင်းမွန်မှသာကျန်းမာ၍ ဉာဏ်ရည် ပြည့်မီသော သားကောင်း သမီးကောင်း ရတနာများ ပေါ်ထွန်းလာနိုင်ပါမည်။ မျိုးရိုးဗီဇကြောင့် ဦးနှောက် ပုံမှန်မဖွံ့ဖြိုးခြင်း၊ သွေးကြောများ ပုံမှန် မဖြစ်ထွန်းခြင်းတို့ကြောင့် သော်လည်းကောင်း၊ ကိုယ်ဝန်ဆောင်စဉ် ကာလအတွင်း မိခင်ထံမှ ရောဂါပိုးမွှားများ ကူးစက်ခြင်းကြောင့်လည်းကောင်း ၊ မွေးဖွားချိန်တွင် အလွယ်တကူမဖြစ်ဘဲ ကလေးမွမ်းခြင်း၊ မသက်မရှုနိုင်ခြင်း၊ မွေးကင်းစကာလတွင် ပြင်းထန်စွာ အသားဝါ ခြင်း၊ မွေးကင်းစဘဝမှ အသက်၃၊ ၄နှစ်တိုင်ကြားကာလတွင် ဦးနှောက်အမြှေးရောင်ခြင်း ဦးနှောက်ပိုးဝင်ခြင်းတို့သည်လည်း အဖြစ်များသောအကြောင်းရင်းခံများ ဖြစ်သည်။ ဤ ကြောင်းအရာများသည်ကား သိသာစွာ ဖြစ်ပွားခဲ့သည်များ ရှိသကဲ့သို့ မထင်ရှား တိတ်ဆိတ်စွာဖြင့် သတိမထားမိဘဲ ပေါ်ပေါက် လာခဲ့သည်များလည်း ရှိတတ်သောကြောင့် လက္ခဏာ ပေါ်ပေါက်လာမှ CP ဖြစ်မှန်း သိရခြင်းများလည်း ရှိပါသည်။ ပေါင် မပြည့်လမစေ့ဘဲ ကလေး မွေးဖွားခြင်းသည်လည်း စာရေးသူတို့ အများဆုံး ကြုံတွေ့ရသော CP၏ တရားခံဖြစ်သည်။

ထို့ကြောင့် CP မဖြစ်အောင်ကာကွယ်၍ ရမည်လားဟုမေးလျှင် ရနိုင်သည့် အတိုင်းအတာ တစ်ခုအထိ ရနိုင်ပါသည်။ ဥပမာ ဦးနှောက်အာရုံကြော ရိုးမပေါ်ထွန်း ဖြစ်ပွားရာ၌ အားပေးသော Folic Acid ကို ကိုယ်ဝန် မယူမီကာလမှ စတင် သောက်သုံးခြင်း၊ ကိုယ်ဝန်ဆောင်စဉ် အဖျားကြီးခြင်း အကြိတ်ထွက်ခြင်းများဖြစ်လျှင် စောစီးစွာ ကုသမှုခံယူခြင်း၊ ကိုယ်ဝန်စောင့်ရှောက်မှု ခံယူခြင်း၊ မွေးဖွားခါနီး ရေဆင်း သွေးဆင်းလျှင် အချိန်မီ ပြသခြင်း ဖျားနာလျှင် ကုသမှုခံယူခြင်း သင့်တော်သော သားဖွားခန်း၌ ကျွမ်းကျင်သူနှင့်သာ မွေးဖွားခြင်း၊ မွေးမွေးချင်း ကလေး မငိုနိုင်လျှင် စောစီးစွာ ကုသပေးခြင်း ပေါင်မပြည့်လျှင်၊ လမစေ့လျှင် သတိထားခြင်း၊ အသားဝါလျှင် ကျွမ်းကျင်သူနှင့် ချိန်မီ ပြသခြင်း၊ ကလေးဖျား၍ မလန်းလျှင် စောစီးစွာ ကုသမှု ခံယူခြင်း၊ ကာကွယ် ဆေး ပုံမှန်ထိုးခြင်းတို့သည်ကား တန်ဖိုးကြီးလှသော ကာကွယ်နည်းများဖြစ်သည်။ မီးကို မလောင်ခင်က တားသင့်သည် မဟုတ်ပါလော။ ကျန်းမာရေးအသိပညာမရှိ၍သာ ထင်ရာစိုင်း ကုသတတ်သော တောသူတောင်သားတို့၏ ဘဝပေါင်းများစွာအတွက် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ရောက်အောင် ပညာပေးရခြင်းဖြစ်သည်။

CP ဖြစ်မဖြစ် စောစီးစွာ သိရှိနိုင်မည့် လက္ခဏာများကိုလည်း တင်ပြပါဦးမည်။ မိမိ၏ မွေးကင်းစကလေးသည် ပုံမှန်လှုပ်ရှားမှု မရှိခြင်း၊ နို့ကောင်းစွာမစို့ခြင်း တို့သည် ရှေ့ပြေးလက္ခဏာများ ဖြစ်နိုင်သည်။ ကျန်းမာသောနို့စို့ကလေးငယ် တစ်ဦးအဖို့ နို၊ နွေး ၊ ကွေး ၊ စို့ ၊ အော် ဟူသော အရည်အချင်းများ ရှိပေသည် မဟုတ်လော။ ထို့ပြင် ဦးခေါင်းထောင်နိုင်ချိန် (ဇက်ခိုင်ချိန် ) (၃)လသား အရွယ်အထိ ခေါင်း မခိုင်ခြင်း၊ မှောက်လှန်နိုင်ချိန်အထိ မမှောက်လှန်နိုင်ခြင်း၊ သူများ ထိုင်နိုင်ချိန်တွင် မထိုင်နိုင်သေးခြင်း ၊ လမ်းမလျှောက်ခြင်း တို့သည်ကား ကနေဦး လက္ခဏာများ ဖြစ်နိုင် သဖြင့် ကျွမ်းကျင်သူများနှင့် တိုင်ပင်ပြသသင့်သည်။

ကျန်းမာသော ကလေးများအဖို့ အသက် (၁)နှစ်ခွဲ (၂)နှစ်မတိုင်ခင် ဘယ်သန်၊ ညာသန်ဟူ၍ မရှိတတ်သေးသော်လည်း CP ဖြစ်နိုင်ချေရှိသည့် ကလေးများတွင် တစ်ဖက်မှ အားလျော့နေ၍စောစီးစွာ ဘယ်သန်၊ ညာသန် ဖြစ်လာ တတ်သည်။ တစ်ခါ တစ်ရံ ကြွက်သားများ တင်းမာနေတတ်ပြီး ဘောင်းဘီ လဲရသည့်အခါ ခြေထောက် နှစ်ဖက် ပူးကပ်နေသည်ကို ခဲယဉ်းစွာ ခွဲပေးရ သည်များလည်း ရှိတတ်သည်။ ဦးနှောက် ထိခိုက်သည့် ပမာဏများလျှင် အသိဉာဏ်၊ အမြင်၊ အကြား အာရုံများပါ လျော့ပါးချို့တတ်သလို တက်တတ်သည်များလည်း ရှိပါသည်။ ကံဆိုး၍ CP ဖြစ်ရသော်လည်း ကံကောင်း၍ အသိဉာဏ်နှင့် ဆဋ္ဌမအာရုံ ထိခိုက်မှုမရှိခြင်း ဦးနှောက်အစိတ်အပိုင်း အနည်းငယ်သာ ထိခိုက်ခြင်းများ ဖြစ်ပါက သက်ဆိုင်ရာ ခြေ၊ လက် သာမသန်သော်လည်း ဉာဏ်ရည် ပြည့်မီသော ပညာရှင်များပင် ပေါ်ထွန်းခဲ့သည့် သာဓကများရှိသည်။

CP ရောဂါကို ပျောက်ကင်းအောင် ကုသနိုင်ပါသလားဟုမေးလျှင် မပျောက်ကင်းနိုင်ပါ။ သို့သော် လူစဉ်မီအောင် ကုသနိုင်ပါသည်ဟု ပြောရပါမည်။ ဟုတ်ပါသည်။ အရေးကြီးသည်က လူစဉ်မီ လူတော တိုးနိုင်ရန် ဖြစ်ပါသည်။ စောစီးစွာ ကုသမှသာ ထိုအခွင့်အရေးကို ရပါလိမ့်မည်။ Multidisciplinar Management Approach ဟူသော ကျွမ်းကျင်သော ကဏ္ဍပေါင်းစုံမှ အထူးကု ဆရာဝန်များ၊ ပညာရှင်များနှင့် သက်ဆိုင်ရာ ကုထုံးများ၊ အကူအညီ ပစ္စည်းများဖြင့် ပြုစုပါက သင့်ကလေး လူရာဝင်ပေမည်။ ကလေးအထူးကု ဆရာဝန်များ၏ ညွှန်ကြားမှုနှင့်အတူ ပြန်လည်သန်စွမ်းရေးမှ ကုထုံးများ Physiatherapy လိုအပ်သော ပြုပြင်ပြင်ဆင်မှုနှင့် နိစ္စဓူဝ အလုပ်အကိုင်များအတွက် Occupational Thempy စာပေသင်ကြားရေးအတွက် ဆရာမများ၊ အမြင် ချို့တဲ့သူတို့အတွက် မျက်စိဆရာဝန်၊ အကြားအတွက် နား၊ နှာခေါင်း၊ လည်ချောင်း ပါရဂူ ၊ စကားပြောနိုင်ဖို့အတွက် Speech and Language Therpist ခြေလက်များ စိုင်းသွားလျှင် ပြုပြင်ရန် အရိုး အကြော ပါရဂူ အစရှိသည့် ပညာရှင်များ ပူးပေါင်း၍ ပြုစုကုသကြရပါမည်။ ပညာတတ် ပါမောက္ခကြီး မဖြစ်နိုင်တောင် မျက်နှာသစ်၊ သွားတိုက်မှစ၍ တစ်ကိုယ်ရေ သန့်ရှင်းမှု နှင့် ကိုယ်တိုင် ကိုယ်ကျ စားသောက် သွားလာနိုင်လျှင်ပင် လူရာဝင်ပြီဟု ဆိုရမည်။ စာရေးသူ၏ မိတ်ဆွေ တစ်ဦးဆိုလျှင် ထိုင်၍ စကား ပြောနေလျှင် ရောဂါသည်မှန်း မသိရ။ လမ်းထလျှောက်ခါမှ ခြေတစ်ဖက်သိမ်း၍ အထောက်အကူ သုံးရမှန်းသိရသည်။ ထို့ကြောင့် မိသားစု၏ ဝိုင်းဝန်းပြုစု စောင့်ရှောက်မှုသည် ကလေး၏ အနာဂတ် အတွက် တန်ဖိုးကြီးလှသည်။

ထို့ကြောင့် ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည် Prevention is Bether than Care ဆိုသည့်အတိုင်း CP မဖြစ်အောင် တတ်နိုင်သမျှ ကာကွယ်သင့်သည်။ CP ဖြစ်ခဲ့လျှင်လည်း နောက်ဆက်တွဲ လူဖြစ် မရှုံးအောင် ပြုစုသင့်သည်။ အပြော လွယ်သော်လည်း အလုပ် ခက်သည်ကို ရောဂါသည် မိသားစုများ အသိဆုံး ဖြစ်သည်။ တိုးတက် ချမ်းသာသော နိုင်ငံများတွင်မူ CP စောင့်ရှောက်မှု အဖွဲ့အစည်းမှ အစအဆုံး တာဝန်ယူ ထောက်ပံ့ စောင့်ရှောက်ပေး သည်ဟု အားရဖွယ်ရာ ကြားသိရပါသည်။ နေရာတိုင်းတွင် အကောင်းအဆိုး ရှိပါသည်။ စာရေးသူတို့ နိုင်ငံတွင် ထိုသို့အဖွဲ့အစည်းများ မပေါ်ပေါက်သေးသည့်တိုင် ထို CP ကလေးငယ်များကို တွေ့သည့်နေရာ၌ တွေ့သူတိုင်းက စောင့်ရှောက် ကူညီတတ်သည့် အလေ့အထ ရှိပါသည် မဟုတ်ပါလော။

သို့ဆိုလျှင် သူငယ်နာအကြောနှင့် ကြွက်သားအားနည်းရောဂါအကြောင်း Cerebral Petsy CP အကြောင်း အနည်းအကျဉ်းမျှ ရှင်းလင်းလာမည်ဟု ယူဆပါသည်။ မြန်မာနိုင်ငံ၏ တစ်နေရာ တစ်ဒေသ ထဲ၌သာ ဒေးအန္တရာယ် အဆိပ် အတောက် တစ်မျိုးမျိုးကြောင့် ဖြစ်ပေါ်လာရသည် မဟုတ်ကြောင်းကိုလည်း လက်ခံနိုင်လောက်ပြီဟု ယူဆပါသည်။ မပြင်နိုင်သော အကြောင်းအရာများကား အမြဲရှိနိုင်ပါသည်။ ကမ္ဘာတစ်ဝှမ်းရှိ ဆေးပညာရှင်များမှ သုတေသနပေါင်းများစွာ ပြုလုပ်ပြီး၍သာ ရောဂါ၏ သဘောသဘာဝနှင့် ဖစ်မြစ်တို့ကို သိရှိသဘောပေါက် လာရခြင်းဖြစ်ပြီး အခိုင်အမာ ကောက်ချက်ချနိုင်သော ရောဂါ ဖြစ်ပါသည်။ ထိုသို့ဆိုလျှင် စာဖတ်သူ မိဘပြည်သူအပေါင်းတို့ ထူးခြားဖြစ်စဉ်ဖြစ်ခဲ့သည့် CP ရောဂါမှာ ရှားပါးလှသော ရောဂါမဟုတ်ကြောင်း၊ နေရာဒေသ တစ်ခုတည်း၌သာ တစ်စုံ တစ်ခုသော အကြောင်းအရင်းတစ်မျိုးတည်းကြောင့် ဖြစ်ပေါ်လာနိုင်ခြင်း မဟုတ်နိုင်ကြောင်းကို လက်ခံ သိရှိလာနိုင်မည်ဖြစ်ကြောင်း မျှော်လင့်ရပါသည်။ ထို့ကြောင့် Prevention is Bether Than Cure ဟူသော အဆိုကို လက်တွေ့ ကျင့်သုံးနိုင်ရန် ဗဟုသုတရရှိပြီဟု ယုံကြည်ရင်း နိဂုံးချုပ်လိုက်ရပါသည်။

## ဒို့တာဝန်အရေးသုံးပါး

» ပြည်ထောင်စု မပြိုကွဲရေး။
» တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး။
» အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

» နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
» အမျိုးသား စည်းလုံး ညီညွတ်မှု ခိုင်မာရေး။
» စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီ စနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး။
» ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

» စိုက်ပျိုးရေးကို ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
» ဈေးကွက် စီးပွားရေး စနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
» ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
» နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄)ရပ်

» တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
» အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
» စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ် ရှင်သန် ထမြောက်ရေး။
» တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# အိမ်စောင့်ထားတဲ့ လူတွေမဖယ်ရင်

Win-Win



**အော်စကာ**

မင်္ဂလာပါ ဘကြီးဖြိုး

**ဘကြီးဖြိုး**

မင်္ဂလာပါ အော်စကာရေ

**အော်စကာ**

ဘကြီးဖြိုးကို ရှာနေတာ ၊ ဖုန်းဆက်တော့လည်း ဘကြီးဖြိုးရဲ့ ကောင်မလေးက ဆက်သွယ်ရေး ဧရိယာ ပြင်ပ ရောက်နေတယ်ပဲ ပြောနေလို့ ၊ ဘကြီးဖြိုး ဘယ်တွေသွားနေတာလဲ ။

**ဘကြီးဖြိုး**

ဘကြီးဖြိုး ဘယ်မှမသွားပါဘူး အော်စကာရယ်၊ ဖုန်းကိုလည်း ဒီအတိုင်းပဲ ချထားတာပါပဲ၊ ဖုန်းထဲက ကောင်မလေးက ဘကြီးဖြိုးကို သေချာမသိဘဲ သူဖြေချင်တာ ဖြေတတ်တာ အကျင့်ပါနေပြီလေကွာ။

**အော်စကာ**

Information Technology တွေ ဒီ ထက်မြှင့်ဖို့လိုနေပြီထင်ပါရဲ့ ဘကြီးဖြိုးရာ။

**ဘကြီးဖြိုး**

ဟိုးမြင့်မြင့် တာဝါတိုင်ကြီးတွေ ၊ စလောင်းကြီးတွေ ပိုများလာရင်တော့ ဆက်သွယ်ရေး ဧရိယာပြင်ပ မရောက်နိုင်တော့ဘူး ထင်ပါရဲ့ကွာ။

**အော်စကာ**

ထားပါတော့ ဘကြီးဖြိုးရယ်၊ အခု လာတာက သူငယ်ချင်းတစ်ယောက်က သူ့ဘာသာသူ ဘာလုပ်ရမှန်းမသိ ဖြစ်နေလို့ ဘကြီးဖြိုးရေ။

**ဘကြီးဖြိုး**

ပြောပါဦးကွ။

**အော်စကာ**

သူငယ်ချင်းကလေ လွန်ခဲ့တဲ့(၂) နှစ် လောက်က မြေဈေး၊ အိမ်ဈေးတွေ သိပ်မတက်သေးတော့ တန်တယ်ထင်တာနဲ့ အိမ်ခြံမြေတစ်ကွက် ဝယ်လိုက်တယ်၊ ခြံလေးက သပ်သပ်ရပ်ရပ်လေးပါ ဘကြီးဖြိုးရယ်။

**ဘကြီးဖြိုး**

အေး၊ ကောင်းသားပဲကွဲ့။

**အော်စကာ**

အိမ်ခြံမြေဝယ်ပြီးတော့ သူများတွေ မကျူးကျော် မဖျက်ဆီးအောင်၊ အသိ လင်မယားနှစ်ယောက်ကို အိမ်စောင့် ထားလိုက်တယ်လေ။

**ဘကြီးဖြိုး**

ထားရမှာပေါ့၊ မီးဘေးရေဘေးအတွက် အိမ်စောင့် ခြံစောင့်ဆိုတာ ထားရတာ ပေါ့ကွယ်။

**အော်စကာ**

အခု(၂) နှစ်လောက်ကြာတော့ အိမ်ဈေး မြေဈေးတွေ တက်လာတာ ဘကြီးဖြိုး အသိပဲလေ၊ ဒီတော့ အဲဒီခြံကို ရောင်းဖို့ အစောင့်လင်မယားကို ဖယ်ခိုင်းတာပေါ့။

**ဘကြီးဖြိုး**

ဟုတ်ပါ့ကွယ်၊ ဝယ်တဲ့လူကလည်း အိမ်နဲ့ ခြံပဲ လိုချင်မှာပေါ့၊ အိမ်ပေါ်မှာ လူပါလာရင်တော့ ဘယ်ဝယ်ချင်မလဲ။

**အော်စကာ**

အဲဒါပေါ့၊ ထားတုန်းကတော့ အလကား နေပါရစေဆိုပြီး အလကားထားခဲ့တာ၊ အိမ်လခလည်း မယူဘူး၊ ရေဖိုး၊ မီးဖိုးတောင် ကိုယ်ကပေးခဲ့ရသေးတာ၊ အခု ဖယ်ပါ ဆိုတော့ ငွေပေးမှ ဖယ်ပေးနိုင်မယ်တဲ့။

**ဘကြီးဖြိုး**

အော်၊ လူတွေ လူတွေ ကတိသစ္စာ မတည်နိုင်ကြတော့ဘူး။ လောဘမီးတွေ လွှမ်းကဲနေကြပြီပဲကွယ်။

**အော်စကာ**

ဒါပေါ့၊ ဘကြီးဖြိုးရယ်၊သူငယ်ချင်းဆိုတာ ဒေါသ တွေထွက်ပြီး ဆွေ့ဆွေ့ခုန် နေတာပေါ့၊ သွေးတိုးနဲ့ နှလုံးရောဂါလည်းရှိတော့ တရား နဲ့ ဖျောင်းဖျနေရတယ်။

**ဘကြီးဖြိုး**

အေးကွယ်၊ ပစ္စည်းစိတ်ကြောင့် လူ ဒုက္ခမရောက်အောင်တော့ မြတ်ဗုဒ္ဓရဲ့ မေတ္တာတရားတော်နဲ့ဖြေခိုင်းပေါ့၊ ဒီလူတွေ မတရား ပြုကျင့်တာကိုတော့ တုတ်ဆွဲ၊ ဓားဆွဲလို့မဖြစ်ဘူးလေ။ တရားဥပဒေဘောင် အတွင်းက ဖြေရှင်းရမှာပေါ့။

**အော်စကာ**

အဲဒါသူငယ်ချင်းက သူ့အိမ်ကို ကျူးကျော် နေထိုင်တယ်ဆိုပြီး ရာဇဝတ်မှု၊ အိမ်ကျော်နင်းမှုနဲ့ တရားစွဲတယ်လေ။

**ဘကြီးဖြိုး**

အဲဒီတော့။

**အော်စကာ**

အဲဒါရှုံးတယ်လေ ဘကြီးဖြိုးရဲ့၊ သူငယ်ချင်းက သူမှန်ရဲ့သားနဲ့ရှုံးလို့ တိုင်မယ် တောမယ် လုပ်နေတယ်လေ။

**ဘကြီးဖြိုး**

အော်စကာရဲ့သူငယ်ချင်း မှန်တယ်ဆိုတာလည်း ဟုတ်တယ်၊ ဒါပေမယ့် ရှုံးတယ်ဆိုတာလည်း မှန်တယ်၊ မတိုင်ခိုင်းပါနဲ့ကွယ်။

**အော်စကာ**

ရှုပ်သွားပြန်ပြီ ဘကြီးရယ်၊ မှန်ရင်နိုင်ရမှာပေါ့၊ ဘာလို့ ရှုံးရမှာလဲ၊ ဒီလင်မယားအိမ်ပေါ်က ဆင်းပေးရမှာပေါ့။

**ဘကြီးဖြိုး**

တရားရုံးမှာ တရားစွဲတယ်ဆိုတာ တရားနည်းလမ်းတကျ စွဲဆိုဖို့လိုတယ်။ စွဲဆိုပုံ မှားယွင်းရင် ဥပဒေနဲ့မညီရင် တရားရုံးက ဥပဒေနဲ့အညီ ဆောင်ရွက်ပေးလို့ မရဘူး ပေါ့ကွယ်။

**အော်စကာ**

ရှင်းစမ်းပါဦး ဘကြီးဖြိုး။

**ဘကြီးဖြိုး**

တရားစွဲတယ်ဆိုတဲ့နေရာမှာ ရာဇဝတ်ကြောင်းနဲ့ တရားမကြောင်းဆိုပြီး(၂) မျိုးရှိတယ်။ အိမ်ကျော်နင်းမှုနဲ့ စွဲတယ်ဆိုတာ ရာဇဝတ်ကြောင်းအရဖြစ်ပြီး၊ ရာဇဝတ် မကင်းသော အိမ်ကျော်နင်းမှုလို့ ခေါ်တယ်၊ ပုဒ်မအားဖြင့် ရာဇဝတ်ကြီး ဥပဒေပုဒ်မ (၄၄၈)ပေါ့ကွယ်။

**အော်စကာ**

ဟုတ်တယ်လေ၊ ပိုင်ရှင်ခွင့်ပြုချက်မရှိဘဲ ကျူးကျော်နေထိုင်တာ အိမ်ကျော်နင်းမှုပေါ့။

**ဘကြီးဖြိုး**

မဟုတ်သေးဘူးကွဲ့၊ လူတစ်ယောက်ဟာ လူနေအိမ်ကို ဝင်ရောက်တဲ့နေရာမှာ ရာဇဝတ်မကင်းသော ကျော်နင်းမှုကို ကျူးလွန်မှသာ အိမ် ကျော်နင်းမှု ကျူးလွန်ရာရောက်တယ်၊ ရာဇဝတ် မကင်းသော ကျော်နင်းမှုဆိုတာ ပစ္စည်းလက်ရှိဖြစ်တဲ့လူကို ခြောက်လှန့်ရန်၊ စော်ကားရန်၊ သို့မဟုတ် စိတ်ပြိုငြင်စေရန် အကြံနှင့် ဝင်ရောက်ခြင်းဖြစ်ရမယ်။ ဒါမှမဟုတ် အဲဒီပစ္စည်းအိမ်မြေပေါ်ကို တရားသဖြင့် ဝင်ရောက်ပြီးနောက် ထိုပစ္စည်းအား လက်ရှိဖြစ်သူကို ခြောက်လှန့်ရန်၊ စော်ကားရန် သို့မဟုတ် စိတ်ပြိုငြင်စေရန်အကြံနှင့် ဆက်လက် နေထိုင်ခြင်းဖြစ်ရမယ်။ အဓိက အရေးကြီး တဲ့အချက်က အဲဒီပစ္စည်းအိမ်မြေလက်ရှိဖြစ် တဲ့လူကို အဆိုပါအကြံတစ်ခုခုနှင့် နှောင့်ယှက်ရန် ဝင်ရောက်ခြင်း ဖြစ်ရမယ်။

**အော်စကာ**

ဟုတ်တယ်လေ။ အိမ်စောင့် လင်မယားက ဖယ်ခိုင်းတာ မဖယ်ပေးဘဲ အိမ်ပိုင်ရှင် ကျွန်တော့်သူငယ်ချင်းကို စိတ်ပြိုငြင်အောင် လုပ်တယ်လေ။

**ဘကြီးဖြိုး**

ရာဇဝတ်ကြီးပုဒ်မ (၄၄၈) ဖြစ်တဲ့ အိမ်ကျော်နင်းမှုမှာ အဲဒီပြစ်မှု ကျူးလွန်တဲ့အချိန်မှာ အိမ်ကို ဘယ်သူလက်ရှိဖြစ်လဲဆိုတာပဲ စဉ်းစားတယ်။ အဲဒီအချိန်မှာ အိမ်ပိုင်ရှင်က ဘယ်သူလဲဆိုတာကို မစဉ်းစားဘူး။ ဆိုလိုတာက ဒီလိုအမှုတွေမှာ ပိုင်ဆိုင်ခွင့်ကို ထည့်သွင်း စဉ်းစားရန်မလိုဘူး။ ကိုသန်းမောင်နဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အမှုစီရင်ထုံး (၁၉၅၄) ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး စာမျက်နှာ (၂၈၃)မှာ ဒီမှုသဘောကို လမ်းညွှန်ထားတယ်ကွဲ၊ ရှာဖတ်ကြည့်ကွာ။

**အော်စကာ**

ရှာဖတ်မကြည့်တော့ပါဘူး ဘကြီးဖြိုးရာ၊ သိပ်မရှင်းသေးလို့ ဘကြီးဖြိုးပဲ ရှင်းပြပါဦး။

**ဘကြီးဖြိုး**

အော်စကာရဲ့ သူငယ်ချင်းက အဲဒီအိမ်ကို ဝယ်သာဝယ်ထားတာ သူလက်ရှိ သွားနေဖူးလို့လား။ သူပဲ အစောင့် လင်မယားကို အဲဒီအိမ်မှာ ထားခဲ့တာလေ။ ဒီတော့ အဲဒီအိမ်က အစောင့် လင်မယားရဲ့လက်ရှိပေါ့။ အိမ်သော့ကလည်း အစောင့်လင်မယားဆီမှာ ဒါကြောင့် ဒီအိမ်ဟာ အစောင့်လင်မယားရဲ့ လက်ရှိဖြစ်ပြီး၊ အော်စကာသူငယ်ချင်းရဲ့ လက်ရခြံ မဟုတ်ဘူး။ လက်ရှိဖြစ်တဲ့လူကို ခြောက်လှန့်ရန်၊ စော်ကားရန်၊ စိတ်ပြိုငြင်စေရန် အကြံနဲ့ ပြုမှုရာဇဝတ်မှု မြောက်မှာ ဆိုတော့၊ အော်စကာသူငယ်ချင်းက အိမ်ပိုင်ရှင် ဖြစ်သော်လည်း အိမ်လက်ရှိနေသူ မဟုတ်တဲ့အတွက် အစောင့်လင်မယားက အိမ်ကျော်နင်းမှုကျူးလွန်တယ်လို့ မဆိုနိုင်တော့ဘူးပေါ့။ (ကိုကြွက်ပါ -၂ )နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမှုစီရင်ထုံး ၁၉၆၆ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး စာမျက်နှာ ၈၃၈) ကို ရည်ညွှန်းပါသည်။ လင်မယားကို ဒီလိုပဲ ဆက်ထားရတော့မှာလား၊ သူတို့ မတရား တောင်းတဲ့ငွေကို ပေးရ တော့မလား။

**ဘကြီးဖြိုး**

ဒီလိုတော့ ဘယ်ဟုတ်မလဲကွယ်။ မတရားမှုတွေမဖြစ်အောင် တားဆီးဖို့ တရားရုံးတွေ ထားတာပေါ့ကွယ်။ ဒါပေမယ့် တရားနည်းလမ်းတကျ တရားစွဲတတ် ဖို့တော့ လိုတာပေါ့။

**အော်စကာ**

ဒါဆိုဘယ်လိုစွဲရမလဲ ဘကြီးဖြိုးရဲ့။

**ဘကြီးဖြိုး**

အော်စကာက ရှေ့နေခလည်းမပေးဘဲ မေးပဲ မေးနေတာပဲလားကွယ်၊ ဘကြီးဖြိုး ကလည်း ကုသိုလ်ဖြစ် စေတနာ့ဝန် ထမ်းလုပ်တဲ့ ရှေ့နေဆိုတော့ မေးသမျှ ဖြေပါမယ်ကွဲ့၊ စာဖတ်သူတွေလည်း မေးစရာရှိရင် ICT ဂျာနယ်က တစ်ဆင့် မေးခွန်းတွေ ပို့လိုက်ပါကွယ်။

**အော်စကာ**

နောက်မှ စဉ်းစားဦးမယ်လို့ မပြော နဲ့နော်။

**ဘကြီးဖြိုး**

ဥပဒေသမားဆိုတာ လေ့လာဖတ်ရှု သုံးသပ်ပြီးမှ ဆုံးဖြတ် ဖြေကြားရတာ အမှားနည်းအောင်ပေါ့ကွယ်။

**အော်စကာ**

ဘကြီးဖြိုးကလည်း မှန်အောင်ဖြေမယ် လို့မပြောဘူး။ အမှားနည်းအောင်လို့ပဲ ပြောတယ်။

**ဘကြီးဖြိုး**

မမှားသောရှေ့နေ မသေသော ဆေးသမားဆိုတာ မရှိဘူးမဟုတ်လားကွဲ့။ ဒါကြောင့် ငါတော်တယ်၊ ငါတတ်တယ်၊ ငါပြောတာမှ မှန်တယ်ဆိုတာ ပညာရှိ ဟုတ်ပါ့မလား။

**အော်စကာ**

ကျွန်တော်မေးထားတာ မဖြေရသေးဘူး။ စကားတွေ ဝေ့ကုန်ပြီ။

**ဘကြီးဖြိုး**

ဖြေပါ့မယ်ကွယ်၊ တရားမကြောင်းအရ ထိုက်သင့်တဲ့ ရုံးခွန်တံဆိပ်ခေါင်း ကပ်ပြီး စီရင်ပိုင်ခွင့်ရှိတဲ့ တရားရုံးမှာ အိမ်မှ နှင်ထုတ်လိုမှုစွဲရမယ်။ ဒီလိုတရားမကြောင်း ဖြင့် တရားစွဲဆိုရမယ့် ကိစ္စမျိုးမှာ တရား စရိတ် အကုန်အကျ သက်သာအောင် ဖြတ်လမ်းလိုက်ပြီး ရာဇဝတ်ကြောင်းနဲ့ တရားစွဲဆိုခြင်းကို ပြုလို့မရဘူး။

**အော်စကာ**

အော်၊ ဒါကြောင့်ကိုး။ ကျေးဇူးတင်ပါတယ် ဘကြီးဖြိုးရယ် ၊ နောက်အပတ်မှ တွေ့ကြသေးတာပေါ့။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 3
MYANMAR ICT JOURNAL

Training & Courses

# YOUTH ကွန်ပျူတာသင်တန်းမှ Advanced Network Security (CEHv7 based) အတန်းခွဲသစ် ဖွင့်လှစ်ခြင်း




နိုင်ငံတကာ အသိအမှတ်ပြု နည်းပညာရပ်များကို သင်ကြားပေးနေသော YOUTH ကွန်ပျူတာသင်တန်းမှ Advanced Network Security ဘာသာရပ်ကို မကြာမီ ဖွင့်လှစ် သင်ကြားမည်ဖြစ်ကြောင်း သိရှိရသည်။ Certified Ethical Hacking Course ကိုအခြေခံထားပြီး Network အခြေခံရှိသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ လူ့အဖွဲ့အစည်း အကျိုးပြု White hacker တစ်ယောက်အဖြစ် ရပ်တည်လိုသူများ၊ ကွန်ပျူတာ ကွန်ရက်များတွင် Network Security အပိုင်းကို တာဝန်ယူ လုပ်ကိုင်လိုသူများ တက်ရောက်ရန် အထူးသင့်လျော်သော သင်တန်းဖြစ်ပြီး CEH စာမေးပွဲ ဖြေဆိုလိုသူများအတွက်လည်း အထောက်အကူများစွာ ရနိုင်ပါသည်။

Introduction to Ethical Hacking, Footprinting and Reconnaissance, Scanning Networks, Enumeration, System Hacking, Trojans and Backdoors,Viruses and Worms, Sniffers, Social Engineering, Denial of Service, Session Hijacking, Hacking Webservers, SQL Injection, Hacking Wireless Networks, Evading IDS, Firewalls and Honeypots, Buffer Overflows, Cryptography, Penetration Testing စသည့် သင်ခန်းစာများကို စာတွေ့ လက်တွေ့ မိမိတို့ကိုယ်တိုင် ပြုလုပ် လေ့ကျင့်ရမည်ဖြစ်ပြီး Hacker တစ်ယောက် တွေးခေါ် စဉ်းစားပြုလုပ်ပုံ၊ Countermeasure ပြုလုပ်ပုံတို့ကို အသေးစိတ် သင်ကြားရမည် ဖြစ်ပါသည်။

သင်တန်း တက်ရောက်အောင်မြင်ပြီးသူ များအနေဖြင့် ကွန်ပျူတာ နည်းပညာ နယ်ပယ်တွင် Security ကျွမ်းကျင်ပညာရှင် အဆင့်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်ပါမည်။ ဖေဖော်ဝါရီ 5 ရက်နေ့တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ပထမဆုံး ဖွင့်လှစ်သော အတန်းတွင် တက်ရောက်သင်ကြားသော သင်တန်းသားများကို 20% Discount ပေးအပ်သွားမည် ဖြစ်ပါသည်။ စိတ်ပါဝင်စား သူများအနေဖြင့် Youth Computer Center, Pansodan Office Tower 6 လွှာ၊ ပန်းဆိုးတန်း (အလယ်ဘလောက်)၊ PH: 254893 , 095003596 သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

# Asia Masters ဟိုတယ်သင်တန်းကျောင်း ဖွင့်လှစ်မည်။




ဖေဖော်ဝါရီ (၈) ရက်နေ့တွင် သင်တန်းအပတ်စဉ်( ၅၇) ကို ဖွင့်လှစ်မည် ဖြစ်ပါသည်။ Asia Masters ဟိုတယ်သင်တန်းကျောင်းမှ ကြိုဆိုပါတယ်။ Asia Masters ဟိုတယ်သင်တန်းကျောင်းသည် အရွယ်ရောက်ပြီး မြန်မာလူမျိုးများမှ ပညာအရည်အချင်းချို့တဲ့သူများ၊ တစ်ပိုင်းတစ်စဖြစ်ခဲ့သူများနှင့် ဘွဲ့ရပြီး အလုပ်အကိုင်ရှာဖွေနေသူများအတွက် လူနေမှုအဆင့်အတန်းမြင့်မားပြီး၊ ဘဝတက်လမ်းရှိသည့် အလုပ်အကိုင်များ ရရှိနိုင်သည့်ပြည်တွင်း/ပြည်ပ ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်ကြီးများနှင့် အရောင်းဆိုင်ကြီးများတွင်အလုပ်တစ်ခု ရရှိနိုင်ရန် လေ့ကျင့်သင်ကြားပေးခြင်းနှင့် အလုပ်အကိုင်ရှာဖွေပေးခြလုပ်ငန်းများကို လုပ်ဆောင်လျှက် ရှိပါသည်။ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)၏ သင်တန်းကျောင်းတစ်ခုဖြစ်ပြီး စာတွေ့၊လက်တွေ့နှင့် လုပ်ငန်းခွင် လက်တွေ့တို့ကိုပါ ထည့်သွင်း လေ့ကျင့်ပေးသည်။

အလုပ်အကိုင်တစ်ခုရရှိလိုသူများ အတွက် အခြေခံကျွမ်းကျင် (၁ ) လသင်တန်းများကို ဖွင့်လှစ်ပေးထားသည်။ အခြေခံကျွမ်းကျင်(၁)လသင်တန်း ပြီးဆုံးပါက မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) မှ ပေးအပ်သည့်Certificateကို ရရှိသည်။ အရည်အချင်းပြည့်မီက အလုပ်အကိုင် တစ်ခုလည်း ရရှိနိုင်သည်။ အခြေခံ(၁)လ သင်တန်းများတွင် ဟိုတယ်စားဖိုမှူးသင်တန်း၊ ဟိုတယ်စားပွဲထိုးသင်တန်း၊ ဧည့်ကြိုနှင့် လေယာဉ်မယ်သင်တန်း၊ အိပ်ခန်းဆောင်ထိန်းသင်တန်း၊ နိုင်ငံတကာမုန့်ဖုတ်သင်တန်း၊ ဘားဂန်ထမ်းသင်တန်း၊ အကြောဖြေနှင့် ကျန်းမာရေးသင်တန်း၊ အရောင်းနှင့် စာရင်းကိုင်ဝန်ထမ်းသင်တန်း၊ ကွန်ပျူတာစာစီစာရိုက်နှင့် ဒီဇိုင်းသင်တန်း၊ Auto CAD သင်တန်းတို့ပါဝင်သည်။

အလုပ်အကိုင်ထဲရောက်ရှိနေပြီး မိမိဘဝ တက်လမ်းအတွက် ဆက်လက် သင်ယူလိုသူများအတွက် အင်္ဂလန်နိုင်ငံ Confe-Deration of Tourism and Hospitality (CTH) မှ Diploma in Hotel Management သင်တန်းများကို မြန်မာနိုင်ငံမှာ စတင်တက်ရောက်နိုင်ပါသည်။ ဘာသာရပ်(၁၈) ခုပါဝင်ပြီး၊ သင်တန်းကာလ (၁) နှစ်ကြာမြင့်သည်။ စာမေးပွဲများမှာ တစ်နှစ်ကို(၅) ကြိမ်ရှိပြီး ဇန်နဝါရီ၊ မတ်၊ ဇွန် နှင့် စက်တင်ဘာလ၊ နိုဝင်ဘာလများတွင် ကျင်းပသည်။ ဒီပလိုမာအောင်မြင်ပြီးပါက Advanced Diploma သင်တန်းကို လည်း မြန်မာနိုင်ငံတွင် ဆက်လက် တက်ရောက်နိုင်သည်။ နောက်ဆုံးနှစ် Bachelor ဘွဲ့ယူရန်အတွက် အင်္ဂလန်၊ သြစတေးလျနှင့် အမေရိကန်နိုင်ငံများတွင် ဆက်လက် တက်ရောက်နိုင်သည်။ Asia Masters ဟိုတယ်သင်တန်းကျောင်းသည် အင်္ဂလိပ်ဘာသာစကားနှင့် ကွန်ပျူတာ နည်းပညာ ပြန့်ပွားရေးကို ဆောင်ရွက် နေသည့် သင်တန်းကျောင်းတစ်ခုလည်း ဖြစ်သည်။ မြန်မာနိုင်ငံသားများ မည်သူမဆို အင်္ဂလိပ်စကားပြောနိုင်ရန်အတွက် (၂) သင်တန်းများဖြစ်သည့် အဆင့်-၁၊ အဆင့်-၂ နှင့် အဆင့်-၃ သင်တန်းများကို တက်ရောက်နိုင်သည်။ ကွန်ပျူတာအနေနှင့် အခြေခံ ကွန်ပျူတာအသုံးပြုနည်းသင်တန်း များနှင့် အင်တာနက်အသုံးပြုနည်းကိုလည်း ဆက်လက်သင်ယူနိုင်သည်။ သင်တန်း တက်ရောက်သူများအတွက် အထူးအစီအစဉ်အနေဖြင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် ယူနီဖောင်းများချုပ်ပေးခြင်း၊ ရန်ကုန်မြို့တော်ရှိ ဟိုတယ်ကြီးများနှင့် စားသောက်ဆိုင်ကြီးများကို လေ့လာရေး ခရီးတို့ကို အခမဲ့ ဆောင်ရွက်ပေးသည်။

ဖုန်းနံပါတ် ၀၉-၇၃၀၅၀၆၀၃ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# Programming အခြေခံသင်တန်းသစ် ထပ်မံဖွင့်လှစ်မည်။




Programming အခြေခံသင်တန်းသည် Programming နည်းပညာအား အခြေခံမှ စတင်လေ့လာလိုသူများနှင့် Professional Programmer အဖြစ် ရပ်တည်လိုသူများအတွက် စတင် တက်ရောက်သင့်သော သင်တန်း ဖြစ်သည်။ ထို့ပြင် ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များအား တက်ရောက်ရန် ရည်ရွယ်ထားသူများ၊ နိုင်ငံရပ်ခြားတွင် အဆင့်မြင့် အိုင်တီနည်းပညာများအား သွားရောက် သင်ယူရန် ရည်ရွယ်ထားသူများ အနေဖြင့်လည်း Programming ဘာသာရပ်အား မဖြစ်မနေ သင်ယူ ရမည်ဖြစ်သောကြောင့် စနစ်တကျ ကျွမ်းကျင် တတ်မြောက်ရန် အထူးပင် အရေးကြီးလှသည်။ ယင်းသင်တန်းတွင် Programming အခြေခံကောင်းများဖြစ်သော Pseudo Code, Flow Chart များကို အသုံးပြုပြီး Real Program Coding မရေးခင်တွင် Problems ဖြေရှင်းပုံများကို အသေးစိတ် သင်ယူရမည်ဖြစ်သည်။ ၎င်းတို့ကို သင်ယူခြင်းဖြင့် Logical Thinking Skill ကို မြင့်မားစေမှာဖြစ်ပြီး မည်သည့် Programming Language ကို မဆို ဆက်လက် လေ့လာနိုင်ရန် များစွာ အထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါသည်။ သင်တန်းပြီးဆုံးပါက Thinking Skill, Problem Solving Skill များ မြင့်မားလာပြီး မိမိကိုယ်မိမိ ယုံကြည်စွာဖြင့် Programming ကို ဆက်လက်လေ့လာနိုင်မှာ ဖြစ်ပါသည်။ ဤသင်တန်းကို Computer အခြေခံ ရှိသူများ တက်ရောက်နိုင်ပါသည်။

သင်တန်းကာလမှာ နှစ်လခန့် ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် သုံးရက် (တနလာ်+ ဗုဒ္ဓဟူး+သောကြာ) (နံနက်- ၉း၁၅ မှ ၁၂း၁၅) ထိ တက်ရောက် ရမည် ဖြစ်ပါသည်။

၎င်းသင်တန်းအား သင်တန်းသား ဦးရေကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများ အနေဖြင့် ကြိုတင် စာရင်းပေးသွင်းကြရမည် ဖြစ်သည်။ အဆိုပါ သင်တန်းကို Myanmar WWW Institute (M3WI) သင်တန်းတည်ရှိရာ အဆောင် (၅)၊ အခန်း (၄)၊ မြန်မာအင်ဖိုတက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ ၊ ရန်ကုန်မြို့။ (ဖုန်း) ၆၅၂၂၈၈ ၊ ၅၂၁၁၂၅ တို့သို့ ဆက်သွယ်စုံစမ်း နိုင်ပါသည်။

# စင်ကာပူနိုင်ငံမှ Republic Polytechnic ၏ ဒီပလိုမာ ပထမနှစ်သင်တန်း ၂၀၁၃ ဧပြီလ စာသင်နှစ်အတွက် လျှောက်လွှာများ စတင်ခေါ်ယူ

ရွှေလမ်းငွေလမ်း


Image Credit: docstoc.com

စင်ကာပူနိုင်ငံမှ Republic Polytechnic ၏ ဒီပလိုမာ ပထမနှစ်သင်တန်းကို ရန်ကုန်မြို့ရှိ RVi Institute တွင် တက်ရောက်သင်ကြားနိုင်ရန် လျှောက်လွှာများ စတင်ခေါ်ယူနေကြောင်း သတင်းရရှိပါသည်။

RVi Institute မှ စင်ကာပူအစိုးရပိုင် ပိုလီကျောင်းတစ်ကျောင်း ဖြစ်သော Republic Polytechnic နှင့် ပူးပေါင်း၍ Diploma in Electrical Engineering Program ကို ရန်ကုန်မြို့တွင် တက်ရောက်နိုင်ရန် စီစဉ်ထားပြီး ဖြစ်ပါသည်။ Republic Polytechnic ၏ Diploma in Electrical & Engineering သင်တန်းမှာ ပထမအကြိမ်အဖြစ် ဖွင့်လှစ်သော သင်တန်းဖြစ်ပြီး ထိုသင်တန်းကို အခြေခံပညာ အထက်တန်း အောင်မြင်ပြီးသော ကျောင်းသားများ၊ တက္ကသိုလ် တက်ရောက်ဆဲ ကျောင်းသားများ ဝင်ရောက် လျှောက်ထားနိုင်ပါသည်။ လျှောက်ထားလိုသော ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် အင်္ဂလိပ်စာ ၆၀ မှတ်၊ သင်္ချာ နှင့် ရူပဗေဒတွင် ၇၅ မှတ်စီ နှင့် ဘာသာစုံပျမ်းမျှ ၇၀ ရာခိုင်နှုန်း ရရှိထားရမည် ဖြစ်ပါသည်။ ထို့အတူ IGCSE အောင်မြင်ထားသော ကျောင်းသားများအနေဖြင့် ဘာသာရပ် ၅ ခုစလုံးတွင် အနည်းဆုံး Grade C နှင့် အထက် ရရှိကြရမည် ဖြစ်ပါသည်။

သင်တန်းချိန်များမှာ စင်ကာပူနိုင်ငံရှိ Republic Polytechnic ၏ ကျောင်းချိန်များ အတိုင်း ဖွင့်လှစ်သင်ကြားပေးလျှက်ရှိပြီး စာမေးပွဲများကိုလည်း စင်ကာပူနိုင်ငံနှင့် အချိန်တပြေးညီ ဖြေဆိုရမည်ဖြစ်ပါသည်။ အထူးမှတ်ချက်အနေဖြင့် ပထမနှစ် တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများသည် ပထမနှစ်တွင် Grde B နှင့်အထက် ရရှိမှသာ စင်္ကာပူနိုင်ငံတွင် ဒုတ်ယနှစ်နှင့် တတိယနှစ်သင်တန်းကို ပညာသင် ထောက်ပံ့ကြေးဖြင့် တက်ရောက်ခွင့်ရရှိနိုင်မည် ဖြစ်ပါသည်။ ပထမနှစ် စာသင်နှစ်ဂက်သည် ဧပြီလမှ စက်တင်ဘာလအထိ လည်းကောင်း၊ ဒုတိယနှစ် စာသင်နှစ်ဂက်သည် အောက်တိုဘာလမှ မတ်လအထိ လည်းကောင်း အချိန်ကာလအားဖြင့် ဆယ်လကြာမြင့်မည် ဖြစ်ပါသည်။

တက်ရောက်ခွင့်ရသော ကျောင်းသားများသည် ၂၀၁၃ ဧပြီလ စာသင်နှစ် မစတင်ခင် စင်ကာပူသို့ တစ်ပတ်ကြာ သွားရောက် လေ့လာ သင်ယူရမည် ဖြစ်သည်။ သင်ကြားပေးမည့် ဆရာ၊ ဆရာမများမှာလည်း ဘာသာရပ် ဆိုင်ရာတွင် ကျွမ်းကျင်၍ Republic Polytechnic မှ ခွင့်ပြုထောက်ခံချက် ရရှိပြီးသူများသာ ဖြစ်ကြပါသည်။ ထိုဘာသာရပ်များသည် လုပ်ငန်းခွင် လိုအပ်ချက်နှင့် ကိုက်ညီပြီး နိုင်ငံတကာ အသိအမှတ်ပြု ဒီပလိုမာများဖြစ်ခြင်း၊ ရန်ကုန်တွင် တက်ရောက်နိုင်သည့်အတွက် နေထိုင်ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၀,၀၀၀ နီးပါး သက်သာစေခြင်း မြန်မာပြည်တွင် ပြဿနာအခြေပြု သင်ကြားသည့် အဆင့်မြင့် ပညာရေး ဖြစ်ခြင်း၊ ဒုတိယနှစ်တွင် တတ်ယနှစ်ကို စင်ကာပူနိုင်ငံတွင် ပညာသင် ထောက်ပံကြေးဖြင့် တက်ရောက်နိုင်ခြင်း၊ Digital Media, Communications, Biomedical Electronic သို့မဟုတ် Microelectronics စသည့် လုပ်ငန်းခွင်များတွင် ကျွမ်းကျင် ပညာရှင်အဖြစ် လုပ်ကိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်သည်။ ထို အကျိုးကျေးဇူးများကို ကြည့်လျှင် RVi Institute ၏ အောင်မြင်မှုနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အပြည့်အဝ ကူညီပံ့ပိုးပေးနိုင်မှုကို တွေ့ရှိရမည် ဖြစ်ပါသည်။

ပိုလီတက္ကသိုလ် ဒီပလိုမာများသည် ဒီပလိုမာရပြီးချိန်တွင် လုပ်ငန်းခွင်သို့ ချက်ခြင်း ဝင်ရောက်လုပ်ကိုင်နိုင်ရန် သင်ကြားပေးသည့် ပညာရေးစနစ် ဖြစ်ပါသည်။ ဒီပလိုမာနှင့်ပင် ရပ်တန့် မနေဘဲ ဒီဂရီဘွဲ့ကို ဘာသာရပ်ပေါ် မူတည်၍ နောက်ထပ် ၁ နှစ်ခွဲ သို့မဟုတ် ၂ နှစ်အတွင်း ရယူနိုင်ပါသည်။ မြန်မာပြည်၏ စီးပွားရေးအခွင့်အလမ်း နယ်ပယ်အသီးသီး တိုးတက်ဖွံ့ဖြိုးလာမှု အပေါ်တွင် မြန်မာကျောင်းသား၊ ကျောင်းသူများလည်း ခေတ်နှင့်အညီ နိုင်ငံတကာနှင့် ရင်ဘောင် တန်းနိုင်အောင် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပေသည်။

# UK တက္ကသိုလ်၏ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်ကို သင်ကြားပေးနေသော Regent Business Academy



Image Credit: admissions.ru

UK တက္ကသိုလ်၏ စီးပွားရေး စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်ကို သင်ကြားပေးနေသော Regent Business Academy UK တက္ကသိုလ်၏ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်ကို သင်ကြားပေးနေသော Regent Business Academy တွင် စီးပွားရေးနှင့် ပတ်သက်သော ပညာရပ်များကို လေ့လာလိုသူများအတွက် Business Foundation ကို သင်ကြားပေးလျက်ရှိပြီး တက္ကသိုလ်၏ ပထမနှစ်နှင့်တူညီသည့် နိုင်ငံတကာ အသိအမှတ်ပြု Internation Diploma In Business အတန်းများမှ စတင်၍ UK နိုင်ငံရှိ University of Wales မှ တိုက်ရိုက်ချီးမြှင့်သည့် BSc (Hons) in Business Administration (Marketing) ဘွဲ့အထိ ကိုယ့်နိုင်ငံတွင်ပင်ငွေကုန်ကြေးကျ သက်သာစွာနှင့်နိုင်ငံတကာအဆင့်မှီတက် ရောက်နိုင်မည်ဖြစ်သည်။

ထို့ပြင် Regent Business Academy တွင် တက္ကသိုလ်၏ ဒုတိယနှစ်နှင့် တူညီသည့် နိုင်ငံတကာအသိအမှတ်ပြု International Advance Diploma in Business ကို အောင်မြင်ပြီးပါက ပြည်ပတွင်သွားရောက်ပညာဆည်းပူး လိုသူများအနေဖြင့် (BA(Hons), BCom,BBus) in Business Management ဘွဲ့များ၏ နောက်ဆုံးနှစ်ကို UK, Arstralia , Singapore နိုင်ငံများတွင်လည်း ဆက်လက်၍ တက်ရောက်နိုင်ပါသည်။

Regent Business Academy တွင် သင်တန်းများကို နိုင်ငံတကာမှ မဟာဘွဲ့နှင့် ဒေါက်တာဘွဲ့ ရရှိထားပြီး သင်ကြားမှု အတွေ့အကြုံ (၁၀)နှစ် အထက်ရှိသော ဆရာကြီး၊ ဆရာမကြီးများမှ အကောင်းဆုံး သင်ကြားပို့ချပေးလျက်ရှိသည်။ Regent Business Academy တွင် Assignment System ဖြင့် သင်ကြားပေးမှုများ ရှိသောကြောင့် ကျောင်းသူ၊ကျောင်းသားများ၏ Self Study Skill များမြင့်မားလာခြင်း၊ Project များပြုလုပ်ခြင်းအားဖြင့် ကျောင်းပြီး၍ လုပ်ငန်းခွင်သို့ ဝင်ရောက်ရန် အဆင်သင့်ဖြစ်နေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။ နိုင်ငံတကာ အဆင့်မှီ သင်ယူလေ့လာမှုများပြုလုပ်နိုင်ရန်အတွက် Library များ Internet Wi-Fi စနစ်နှင့် Computer များကို စာသင်ယူလေ့လာမှုတွင် လိုအပ်သလို အသုံးပြုနိုင်ရန် စီစဉ်ပေးထားပါသည်။

ဤကဲ့သို့ နိုင်ငံတကာအဆင့်မှီစနစ်ဖြင့် သင်ကြားပေးနေသော Regent Business Academy တွင် မြန်မာနိုင်ငံ မှ တက္ကသိုလ် ဝင်တန်းအောင် (သို့မဟုတ်) iGCSE အောင်မြင်ပြီးသော သူများ စတင်၍ တက်ရောက်နိုင်ပါသည်။ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ(၂၈)ရက်နေ့တွင် အတန်းသစ် စတင်ဖွင့်လှစ်မည်ဖြစ်ပါသောကြောင့် တက်ရောက်လိုသောသူများ အသေးစိတ် သိရှိလိုပါက RegentBusinessAcademy အမှတ်ဘီ(၄၂)၊ ရွှေကိန္နရီ အဆင့်မြင့်အိမ်ရာ၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၀၄၃၆၉၊ ၀၉-၇၃၀၀၇၈၈၈၊ ၀၉-၅၀၄၁၅၁၅ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**Earth Mechanics, Inc.**
Geotechnical and Earthquake Engineering

17660 Newhope Street, Suite E,
Fountain Valley, CA 92708
(714) 751-3826, Fax (714) 751-3928

## Topic 6: **Liquefaction**

# Earthquake Engineering Basic Course

By Hubert Law (ဒီးကို)

နေပြည်တော်တွင် ဝန်ကြီးဌာနနှစ်ခုကို Technical Presentation လုပ်ပေးခဲ့တဲ့ Earthquake Engineering Basic Theory နှင့် Fundamental များအကြောင်းကို အချိန်တိုအတွင်း လေ့လာသင်ယူနိုင်ရန် ဖော်ပြပေးခြင်း ဖြစ်ပါသည်။ ယခုသင်ခန်းစာကို အမေရိကန်ပြန် Earthquake Engineer (Hubert Law, ဆရာ ကိုဒီးကို)မှ သင်ကြားပို့ချခြင်းဖြစ်ပြီး Mr. Lawသည် PHD in Civil Engineering Degree, Specialized in Earthquake Engineering ဘွဲ့တို့ကို ရရှိခဲ့သူတစ်ဦး ဖြစ်သည်။ ဆရာ ကိုဒီးကို၏ ခွင့်ပြုချက်အရ ယခု သင်ခန်းစာကို အပတ်စဉ် ဖော်ပြပေးခြင်းလည်း ဖြစ်ပါသည်။


















CARTOON BY

စမ်းချောင်း
ကိုကိုအောင်



# ပညာဒါန Website ရေးသားနည်းဆိုင်ရာသင်တန်း ဖွင့်လှစ်မည်




အိုင်တီနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည် နှင့်အညီ Website များ၏ အခန်းမှာလည်း လွန်စွာ အရေးပါလာသဖြင့် ခေတ်မီဆန်းသစ်သော Website များအား စနစ်တကျ ရေးဆွဲတတ်စေရန် ရည်ရွယ်ပြီး Website ရေးဆွဲနည်းသင်တန်းကို Aero Technology Professional Training Centre က ၅၀% လျှော့ချပြီး ပညာဒါန သင်တန်းအဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ယင်းသင်တန်းကျောင်း၏ တာဝန်ရှိသူက ဆိုသည်။

ယင်း Web Essential (Website ရေးသားနည်း) သင်တန်းအား ကွန်ပျူတာကို ကောင်းစွာ အသုံးပြုတတ်သူ မည်သူမဆို တက်ရောက်နိုင်မည်ဖြစ်သည်။ သင်တန်းကာလမှာ (၃) လခန့် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းချိန်များမှာ(တနလာၤ၊ ဗုဒ္ဓဟူး ) နံနက် ၉ နာရီ ၁၂ နာရီ အထိ တစ်ချိန်၊ အလုပ်ရှိသူများအတွက် စနေ၊ တနင်္ဂနွေ ညနေ ၃ နာရီမှ ၅ နာရီ တစ်ချိန် ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယင်းအပြင် အခြားသော သင်တန်းများကိုလည်း ပညာဒါန အဖြစ် ၂၀၁၃ ဇန်နဝါရီလ အတွင်း လာရောက် အပ်နှံသူများတိုင်းအတွက် ၅၀ % လျှော့ချပေးမည် ဖြစ်သည်။ Cyber Cafe` တွင် အလုပ်လုပ်ကိုင်လိုသူများ အတွက်လည်း သင်တန်းဖွင့်လှစ်ထားပြီး ယင်းသင်တန်းကို အခမဲ့ တတ်ရောက်ရန် လျှောက်ထားနိုင်ကြောင်း အဆိုပါ သင်တန်းကျောင်း၏ တာဝန်ရှိသူက ဆိုသည်။

ကျွမ်းကျင်စွာ တတ်မြောက်စေရန်အတွက် သင်တန်း တစ်ခုလျှင် သင်တန်းသား ၁၀ ဦးသာ ကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများအနေဖြင့် ကြိုတင် စာရင်း ပေးသွင်းကြရမည်ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက ၄/၂၊ ရေတမာလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၉ ၅၀ ၄၄၅၁၄၊ ၀၉ ၄၀၂ ၇၇ ၃၈၃၈၊ ၆၈၀ ၇၃၇ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။



အိုင်စီတီ ဂျာနယ် MYANMAR ICT JOURNAL
Volume 2, Issue 3

# Oregon State University (OSU), USA- Tier1 Very High Research Activity University

Oregon State University ကို (၁၈၆၈) ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု Oregon ပြည်နယ်၏ Carvallis မြို့တွင် တည်ထောင်ခဲ့ပါသည်။ Oregon State University သည် အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်များတွင် အဆင့်(၅၉) တွင်ရှိပြီး ကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်များ Ranking တွင် အဆင့် (၁၀၈) နေရာတွင် ရပ်တည်လျက်ရှိသည်။

Oregon State University ကို College of Engineering, College of Computing and Information System, College of Arts and Social Sciences, College of Science and Natural Resources, College of Business, College of Health and Wellness, College of Education and Teacher Endorsements စသည့် College များဖြင့် ဖွဲ့စည်းထားပြီး၊ ဘွဲ့ရဘာသာရပ်ပေါင်း(၂၀၀)ကျော်၊ ဘွဲ့လွန်ဘာသာရပ်ပေါင်း (၈၀)ကျော်တို့ကို သင်ကြား ပို့ချပေးလျက်ရှိပါသည်။

Oregon State University ရှိ College များမှ College of Business နှင့် College of Engineering မှာ အထူး ထင်ရှားကျော်ကြားပါသည်။ Oregon State University ရှိ College of Business သည် ကမ္ဘာ့အထင်ကရ စီးပွားရေးကျောင်းများကိုသာ အသိအမှတ်ပြုသည့် Association to Advance Collegiate Schools of Business (AACSB) အဖွဲ့မှ အသိအမှတ်ပြုထားသည့် ကောလိပ်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုတွင် အကောင်းဆုံး စီးပွားရေးကျောင်း (၅၅)ရာခိုင်နှုန်းတွင် ပါဝင်ပါသည်။ College of Engineering သည် Accreditation Board of Engineering Program များထဲမှ Nuclear Engineering Program သည် အမေရိကန်နိုင်ငံရှိ Engineering College များထဲတွင် အဆင့်(၉) နေရာတွင် ရှိပါသည်။ Oregon State University တွင် နှစ်စဉ် နိုင်ငံတကာမှ ကျောင်းသား၊ ကျောင်းသူအယောက် (၂၀၀၀) ခန့် ပညာ ဆည်းပူးလျက်ရှိကြပါသည်။

OregonStateUniversityသို့ တက်ရောက်လိုသော မြန်မာနိုင်ငံမှ ကျောင်းသူ၊ ကျောင်းသားများအတွက် ဝင်ခွင့်သတ်မှတ်ချက်မှာ မြန်မာနိုင်ငံ အခြေခံပညာအထက်တန်းအောင် (သို့မဟုတ်) iGCSE အောင်မြင်ထား၍ TOEFL 60 iBT/ 500 PBT နှင့်အထက် (သို့မဟုတ်) IELTS (6.0) နှင့်အထက် ရရှိထားသူများ GRE/GMAT အမှတ်မလိုဘဲ Graduate Pathway မှ စတင်၍ တက်ရောက်နိုင်မည်ဖြစ်သည်။

နိုင်ငံတကာမှ ကျောင်းသူ၊ ကျောင်းသားများအတွက် အဆင်ပြေနိုင်စေရန် ကျောင်းဖွင့်ချိန်များကို (၂၀၁၃) ခုနှစ်မှစ၍ ကျောင်းဖွင့်ချိန် (၃)ချိန် ဖွင့်လှစ်ပေးပါသည်။ ကျောင်းဖွင့်ချိန်များမှာ မတ်လ၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ Oregon State University သို့ ကျောင်းလျှောက်ထားလိုသူများသည် Oregon State University ၏ မြန်မာနိုင်ငံ တစ်ဦးတည်း ကိုယ်စားလှယ်ဖြစ်သော Regent Consultancy Services မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်။ ကျောင်းလျှောက်ထားရာတွင် မိမိ၏ ပညာရေးဆိုင်ရာ စာရွက်စာတမ်းများ၊ အင်္ဂလိပ်စာအရည်အချင်း စစ်မှတ်တမ်းများနှင့်တကွ မိမိ၏ ပညာရေးဆိုင်ရာ စာရွက်စာတမ်းများ၊ အင်္ဂလိပ်စာ အရည်အချင်းစစ်မှတ်တမ်းများနှင့်တကွ လျှောက်ထားရမည်ဖြစ်သည်။ ကျောင်းလျှောက်ထားခြင်းသာမကဘဲ ပညာရေးအတွက် ဆွေးနွေးလိုသူများ Regent Consultancy Services, အမှတ်ဘီ (၁၃+၂၃)၊ ရွှေကိန္နရီအဆင့်မြင့်အိမ်ရာ၊ နာနတ် တောလမ်း (ရွှေကောင်းဟော့ပေါ့အရှေ့)၊ ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း (၀၁-၅၀၀၀၅၄၊ ၀၉-၅၀ ၁၉၈၇၀၊ ၀၉- ၇၃၂၀၅၃၃၃) သို့ဆက်သွယ်၍ ဆွေးနွေးနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။



*Image Credit: via studentroads.com*

# မေဂျာဘာသာရပ်ပေါင်း (၇) မျိုးထဲမှ မိမိနှစ်သက်ရာ ရွေးချယ်တက်ရောက်နိုင်မည့် STUDY ABROAD မှ စီစဉ်ပေးထားသည့် MDIS One Counselling







STUDY ABROAD Information Centre မှ စင်ကာပူနိုင်ငံရှိ မေဂျာဘာသာရပ် အမျိုးအစား စုံလင်စွာ ရွေးချယ်တက်ရောက်နိုင်သည့် MDIS ၏ One to One ဆွေးနွေးပွဲကို ယခုလာမည့် ဇန်နဝါရီလ (၂၆) ရက်နေ့စနေနေ့ ညနေ (၄:၀၀) မှ (၆:၀၀) အတွင်း ကျင်းပ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါဆွေးနွေးပွဲ သို့ တက်ရောက်မည့် ကျောင်းသူ၊ကျောင်းသားများအနေနှင့် လည်း စင်ကာပူနိုင်ငံသို့ ကျောင်းလျှောက်ပါက မေတ္တာလက်ဆောင်အနေနှင့် STUDY ABRCAD Welcome Pack ကိုပါ ရရှိနိုင်မည် ဖြစ်ပါသည်။ MDIS ကို (၁၉၅၆) ခုနှစ်ကတည်းက စတင် တည်ထောင်ခဲ့ပြီး စင်ကာပူနိုင်ငံတွင် သက်တမ်း အရှည်ကြာဆုံး ကျောင်း တစ်ကျောင်း ဖြစ်ပါသည်။ စင်ကာပူနိုင်ငံအစိုးရ အသိအမှတ်ပြု Edu Trust ရရှိထားပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက် လက်တွေ့ခန်းများ သီးသန့်ထားရှိပေးထားသဖြင့် ကျောင်းသူ၊ကျောင်းသားတို့၏ ပညာရေးကိုများစွာ အထောက်အကူပြုလျက်ရှိပါသည်။ မေဂျာဘာသာရပ်များအနေနှင့် Business , Engineering , Fashion & Design, Life Sciences , Media&Communications, Information Technology, Tourism&Hospitality ဘာသာရပ်များကို ရွေးချယ်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

MDIS ၏ Partner University များအဖြစ် UK တွင် University of Bradford University of wales, Nottingham Trent University, Northumbria University, University of West of England, University of Sunderland တို့နှင့် ချိတ်ဆက်ထားပြီး France တွင် Grenoble Graduate School of Business, USA တွင် Oklahoma City University နှင့် Australia တွင် Southern Cross University တို့နှင့် ချိတ်ဆက်ထားပါသည်။ ဝင်ခွင့် လိုအပ်ချက်များအနေနှင့် တက္ကသိုလ်ဝင်တန်းအောင် (သို့) GCE O Level ဖြေဆို အောင်မြင်ပြီးသူ ကျောင်းသူ၊ကျောင်းသားများအနေနှင့် လျှောက်ထားနိုင်ပြီး အင်္ဂလိပ်စာ လိုအပ်ချက်အနေနှင့် IELTS Band (6) ရှိရန် လိုအပ်ပါသည်။ အင်္ဂလိပ်စာ IELTS မရှိသေးသူ ကျောင်းသူ၊ ကျောင်းသားများအနေနှင့်လည်း ကျောင်း၏ English Placement Test ကို STUDY ABROAD မှတစ်ဆင့် ဖြေဆိုနိုင်မည် ဖြစ်ပါသည်။ အနီးစပ်ဆုံး ကျောင်းဖွင့်ချိန်များ ဖြစ်သည့် March, April နှင့် May Intakeများအမီ လျှောက်ထားနိုင်ပြီ ဖြစ်ပါသည်။ မေဂျာဘာသာရပ်အမျိုးအစား စုံလင်စွာ ရွေးချယ်နိုင်သည့် MDIS ကျောင်းနှင့် ပတ်သက်ပြီး အသေးစိတ် ဆွေးနွေးလိုပါက STUDY ABROAD Information Centre တိုက် (အေ)၊ (၁၁)လွှာ၊ အခန်းအမှတ်(၁၁၀၃)၊ ပြည်လမ်း (မေတ္တာဦးဆေးခန်းအနီး)၊ ကမာရွတ်မြို့နယ်။ ဖုန်း-၀၉-၅၁၅၁၀၀၈၊ ၀၉-၇၃၂၄၂၄၀၄ သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ပြီ ဖြစ်ပါသည်။

# App-enabled Acessories








## နည်းပညာနှင့် ကျန်းမာရေး လိုက်စားမည့်သူများအတွက် Nike+ FuelBand

လက်ပတ်နာရီ တစ်လုံးသဖွယ် အသုံးပြုလို့ရတဲ့ iPod ထက် ပိုပြီး အဆင့်မြင့်သည်လို့ ဆိုရမည့် Accessory လေးကို မျှဝေလိုက်ပါတယ်။ Nike+ FuelBandလို့ အမည်ပေးထားသည့် နည်းပညာ လက်ကောက်ဝတ် (Armband) လေးဟာ နာရီသဖွယ် အသုံးပြုလို့ ရသည့်အပြင် သင်၏ လက်မှ ဆင်မြဲထားချိန်မှာတော့ သင့် ခန္ဓာကိုယ်၏ လှုပ်ရှားမှုများကို မှတ်တမ်းတင်ပေးမှာ ဖြစ်ပါတယ်။ မှတ်သားထားသည်များကိုလည်း သင့်ကျန်းမာရေးအတွက် အကျိုးကျေးဇူး ရှိ မရှိ ပြန်လည် သုံးသပ်နိုင်စေရန် သင့်ရဲ့ iPhone သို့ iPod Touchပေါ်မှာ ဘလူးတု (Bluetooth) နည်းပညာ အသုံးပြုကာ လက်ကောက်ဝတ်မှ သင် တစ်နေ့တာ လှုပ်ရှားနေသည့် မှတ်တမ်းများကို တိုင်းထွာ အကဲဖြတ်နိုင်ပါတယ်။

iTune စတိုးမှ အခမဲ့ ရယူရမည့် Nike+ FuelBand appကို အသုံးပြုပြီး သင် တစ်နေ့တာအတွက် ကီလိုရီ (calories) ဘယ်လောက်အထိ ရောက်အောင် လှုပ်ရှားမှုပြုမယ်၊ လှေကား ဘယ်နထစ် တက်ရမည်ဆိုသည်များကိုလည်း ပန်းတိုင်များအဖြစ် app ထဲမှာ သတ်မှတ်ပေးထားပြီး၊ တစ်နေ့တာ ကုန်ဆုံးသည့်အချိန်မှာ အောင်မြင်မှု ရှိခဲ့သည်လား ဆိုတာကိုလည်း သုံးသပ်နိုင်မှာပါ။ ထို့ကြောင့် ဒီ app လေးနှင့်အတူ လက်ကောက်ဝတ်လေးကို ဆင်မြန်းခြင်းအားဖြင့် နည်းပညာခေတ်ကြီးမှာ နည်းပညာ ပစ္စည်းများဖြင့် စတိုင်လ်လည်း ကျပြီး ကျန်းမာရေးအတွက်လည်း အကဲခတ်နိုင်မည့် appလေးဖြစ်ကြောင်း သတင်းကောင်း ပါးလိုက်ပါတယ်။ လက်ကောက်ဝတ်လေးမှာတော့ အမေရိကန်ဒေါ်လာ ၁၄၉ ဖြင့် Apple Online Storeမှာ ရောင်းချနေပြီး Small, Medium/Largeနှင့် Extra Largeဖြင့် ဆိုဒ်အစုံ ရှိသည့်အတွက်ကြောင့် မဝယ်ယူခင် သင့် လက်ကောက်ဟာ ဆိုဒ် ဘယ်လောက် ရှိသည်ဆိုတာကိုတော့ တိုင်းတာကြည့်ဖို့ လိုပါလိမ့်မည်။

## Squier by Fender® USB Stratocaster Guitar

၂၀၁၃ မှာ ဂစ်တာ အသစ် ဝယ်မယ်၊ iDevice တွေလည်း ရှူးသွပ်တယ်၊ ကွန်ပျူတာထဲ တီးခတ်မှုတွေကို တိုက်ရိုက်သွင်းဖို့ စဉ်းစားနေတယ်ဆိုရင်တော့ ဒီ နည်းပညာ ဂစ်တာလေးဟာ သင့်အတွက် ဖြစ်မှာပါ။ USB နှင့် ဂစ်တာကို ချိတ်ဆက်ပြီး 30-Pin နှင့် Lightning နှစ်ခုလုံးဖြင့် အဆင်ပြေပါတယ်။ ဒီ ဂစ်တာလေးနှင့်အတူ သင့်ရဲ့ ဂစ်တာလက်သံကို iPhone, iPadတွေပေါ်မှာ ခံစားနိုင်မည့် Interfaceလည်း ရှိသည့်အပြင် သင့် လက်စွမ်းကိုပါ iDeviceတွေထဲ တိုက်ရိုက် အသံသွင်းယူလို့ ရပါတယ်။ အဆင့်မြင့် Headphone Amp လည်း ပါသင်လာပြီး Bi-Directional Audio Streamingကိုလည်း အထောက်အပံ့ ပေးတယ်လို့ ဆိုထားပါတယ်။ Outputကိုလည်း 1/4-inch passive Guitarနှင့် 1/8-inch (3.5mm) Stereo အသုံးပြုနိုင်ပြီး iDeviceတွေနှင့် မချိတ်ဆက်ထားရင်လည်း အသုံးပြုနိုင်တယ်လို့ ဆိုပါတယ်။ USD 199.95 ဖြင့် ဝယ်ယူနိုင်သည်လို့ သိရပါတယ်။





## မီးခလုတ်ပိတ်ဖို့ အပျင်းကြီးသူများအတွက် Philips Hue Connected Bulb

ယနေ့လို နည်းပညာ တိုးတက်နေသည့် ခေတ်ကြီးမှာ တီဗီ Remoteတို့၊ အဲယားကွန်း Remoteတို့ ဆိုတာ မဆန်းကျယ်တော့ပါဘူး။ သို့ပေမယ့် Philipsမှ Connected Bulbလို့ ခေါ်တဲ့ iPhone, iPadတွေနဲ့ ထိန်းချုပ်လို့ရတဲ့ မီးလုံးလေးဟာတော့ လူတွေကို ပိုမို ပျင်းရိစေမလား၊ အသုံးပိုတည့်စေမလား ဆိုတာကိုတော့ ကြည့်လိုက်ကြရအောင်။

ဒီ မီလုံးလေးနှင့်အတူ Wireless Bridgeလို့ခေါ်တဲ့ ကြိုးမဲ့ စက်ကလေးတစ်လုံး ပါလာပြီး iDevice တွေကနေပြီးတော့ မီးအလင်း၊ အမှိန် ထိန်းသိမ်းလို့ ရမှာပါ။ Philips မီးလုံးဟာ သာမန်ရိုးကျ မီးလုံးတွေထက် ၈၀ % လျှပ်စစ်မီးအား ကုန်ကျမှုကို သက်သာစေပြီး Starter Packမှ ပါလာတဲ့ ကြိုးမဲ့ စက်ကလေးနဲ့ Philips မီးလုံးပေါင်း ၅၀ အထိ တက်ဆင် အသုံးပြုနိုင်တယ်လို့ ဆိုထားပါတယ်။ ထို စက်ကလေးကို သင် အသုံးပြုချင်သည့် အိမ်ဖြစ်စေ၊ ရုံးဖြစ်စေ အစရှိသည့် နေရာတို့မှာ ရှိတဲ့ Wireless Routerလို့ ခေါ်တဲ့ Wi-Fi လွှင့်ပေးတဲ့ စက်ကလေးထဲ LAN ကြိုးဖြင့် ချိတ်ဆက်ပေးဖို့တော့ လိုပါတယ်။ ထိုမှ သင် ပိုင်ဆိုင်တဲ့ iPhone, iPad အစရှိသည်တို့မှ မီးကို လိုသလို ထိန်းညှိနိုင်မှာပါ။

ဒီ နည်းပညာ မီးလုံးများနှင့် ပါတီ ကျင်းပသည့် အခါမျိုးမှာ အခန်းရဲ့ အလင်းအမှောင်ကို တိုး ရှော့နိုင်သည့်အပြင် အဖြူရောင်မှ နေပြီး ကာလာရောင်စုံ ပြောင်းနိုင်သည်လို့ ဆိုထားပါတယ်။ ထို့ကြောင့် အလင်းရောင်ကို လိုသလို ကြိုးမဲ့ နည်းပညာဖြင့် ကစားနိုင်မည့်အပြင် မီးခလုတ် ထပြီး အဖွင့်၊ အပိတ် လုပ်ဖို့ ပျင်းရိသူများအတွက်လည်း အဆင်ပြေစေပါတယ်။ Starter Packမှာ မီးသီး သုံးလုံးနှင့် Bridge တစ်ခု ပါဝင်ပြီး Single Pack အနေဖြင့် မီးသီး တစ်လုံးခြင်းစီကို ထပ်မံ ဝယ်ယူနိုင်သည်လို့ သိရပါတယ်။

## Excel တတ်စရာ မလိုပဲ စတိုင်လ်ရှိရှိနဲ့ တွက်ချက်မှုပြီးနိုင်မဲ့ Soulver

နှစ်သစ်မှာ Plan အသစ်တွေ ဆွဲချင်သူများအဖို့ Appleမှ Recommend လုပ်ထားသည့် app အသစ် ဖြစ်ပါတယ်။ ဒီ Soulverလို့ အမည်ပေးထားတဲ့ Mac App လေးဟာတော့ Microsoftမှ Excel၊ Macမှ Numbers တို့ကို တွက်ချက်ဖို့ မသုံးမဖြစ်သာ သုံးနေရပြီး မနှစ်မြို့ သူများအတွက် အဆင်ပြေစေမှာပါ။ Mac စတိုင်လ် ပိပိရိရိ အသွင်ဆောင်ပြီး ၂၀၁၃အတွက် မိမိ ကြိုတင်ချမှတ်ထားချင်သည့် Planများကို စာရွက်ပေါ်မှာ ရေးချထားသည့် အရသာအတိုင်း ခံစားရမည့် app လေး ဖြစ်ပါတယ်။ ဒီ app လေးဟာ Planning လုပ်ဖို့ သက်သက်သက် ထွင်ထားခြင်းမျိုး သင် နေ့စဉ်နှင့်အမျှ ကြုံတွေ့ရမည့် အပေါင်း၊ အနှုတ်၊ အမြှောက်၊ အစား ကိစ္စများကိုလည်း Accountant ဖြစ်စရာ မလိုပဲ သာမန် လူဘိန်း တစ်ယောက်အနေဖြင့် ဖြေရှင်းနိုင်မည့် app လေး ဖြစ်ပါတယ်။

ဈေးနှုန်းကတော့ USD 20 ဝန်းကျင်ခန့် ရှိပြီး Acqualia Softwareမှ ဖန်တီးပေးထားတာ ဖြစ်ပါတယ်။




## သွေးတိုး ရှိသူများအတွက် Withings Smart Blood Pressure Monitor

ဆီပျံဟင်းနဲ့ အချိုမှုန့်နဲ့ သကြားများတဲ့ ကော်ဖီမစ်နဲ့မှာ ကတွင်းမြိန်တဲ့ မြန်ပြည်သားများအတွက် ဒီ ပစ္စည်းလေးဟာ လွန်စွာမှ ဆောင်ထားသင့်သည့် အရာလေးပါ။ သွေးတိုး၊ သွေးကျ ရှိသူများအတွက် အရှေ့လက သွေးပေါင်ချိန် ဘယ်လောက်ရှိတယ်၊ ဒီလ ဘယ်လောက်ရှိတယ်ဆိုတာတွေကို မှတ်ထားစရာ မလိုသည့်အပြင် သွေးပေါင်ချိန်သည့်အခါမှာလည်း iPhone, iPadတွေပေါ်မှာ သပ်ရပ်တိကျစွာ မြင်နိုင်မည့် appကိုလည်း iTunes Storeမှ အခမဲ့ ဒေါင်းလုဒ် ယူနိုင်ပါတယ်။ ဒီ နည်းပညာနှင့် တွဲဆက်ပြီး အသုံးပြုနိုင်မည့် သွေးပေါင်ချိန်စက်ကလေးကို USD 129.95ဖြင့် ဝယ်ယူနိုင်သည်လို့ သိရပါတယ်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 3
MYANMAR ICT JOURNAL

# နည်းပညာ မိုးကြိုးလို့ ပြောရမည့် Thunderbolt ရဲ့ စွမ်းအားကို အသုံးပြုချင်သူများအတွက်

Life



